# အဘယ်ကြောင့် ဗက်လင်မြို့ငယ်ဖြစ်ရပါသနည်း

## တူလ်စန်၊ အရီဇိုးနား၊ အမေရိကန်။

## ၆၃ - ၁၂၁၄

1 ၁။ ဒီမနက်ခင်းအတွက် ကျွန်ုပ်တို့ဒီနေရာမှာ ကျွန်ုပ်တို့၏ ဖလားများကို မြှောက်၍ "ဘုရားသခင်နှင့် ဖြည့်ကြပါစို့ ဒီအချိန်လေး၌သာ ဤအရာကိုမေးရန် ကျွန်ုပ်တို့တွင် အခွင့်အရေး ရရှိပါသည်။ အချိန်ကျရောက်၍ အခြားတစ်ဖက် တွင် ကျွန်ုပ်တို့နေရာကျပါမယ်။ အဲဒီနောက်မှာတော့ ကျွန်ုပ်တို့တွင်လည်း အခွင့်အရေး ရှိတော့မည် မဟုတ်ပါ။ ထို့ကြောင့် ကျွန်ုပ်တို့ထိုအရာကိုဆောင်ရွက်စဉ် ကျွန်ုပ်တို့တွင် ဖြောင့်မတ်သော စိတ်သဘောရှိရပါမည်။ ကျွန်တော် စဉ်းစားမိတဲ့ အသိတရားတစ်ခုကတော့ မည်သူမဆို ဘုရားသခင် အခွင့်အရေး ပေးသောအခါ ဆောင်ရွက်နိုင်သည်ဟူ သော အရာပင်ဖြစ်သည်။ ထိုအရာကို ဆောင်ရွက်မည်။ ယခု ကျွန်ုပ်တို့ဖလားများထဲသို့ကိုယ်တော်၏ ချစ်ခြင်းမေတ္တာ နှင့် ကရုဏာတော်ကို ဖြည့်ကြပါမည်။

2 ၂။ တယောက်သောသူဟာ ကျွန်ုပ်တို့နှင့်အတူ ကာလကြာရှည်စွာ ထိုင်နေပါသည်။ သိပ်မကြာသေးတာလည်း ဖြစ်နိုင်ပါတယ်။ သူဟာ ကွယ်လွန်သွားခဲ့ပြီ ဖြစ်ပါတယ်။ ကျွန်ုပ်တို့နှလုံးသားမှာ ဝီလီယမ်အတွက် ကြီးမားသော ဝမ်းနည်းမှုကြီးတစ်ခု ရှိနေကြပါ သည်။ အစ်ကို ဝီလီယမ်ဟာဆိုရင် ဤနေရာရှိ ကျွန်ုပ်တို့၏ သင်ခန်းစာနှင့် ပတ်သက် သော ဦးသျှောင်ပင်ဖြစ်၍ သူ၏ဖခင်လည်း ဖြစ်ပါသည်။ သင့်အဖေအသက် ဘယ် လောက်ရှိပြီလဲ အစ်ကိုဝီလီယမ်၊ (၈၈)နှစ် ရှိပါပြီ။ (၁၈)နှစ်ခန့်ရှိပြီဖြစ်၍ ကျွန်တော် ယူဆသည်မှာ အတိတ်က ..... မဟုတ်ခဲ့ပါ။ ထိုအရာဟာဆိုရင် ဟုတ်ပြီ၊ ဂတိထားခဲ့ သော လွန်ခဲ့သည့်အတိတ်ကာလ (၁၈)နှစ်က ဖြစ်ပါသည်။ ရဲရင့်သူတစ်ယောက်ဘဲ ဖြစ်ပါသည်။ အချိန်တွေဟာ မကြာညောင်းခဲ့သလိုပါဘဲ၊ ဒီအစည်းအဝေးမှာ ထိုင်နေခြင်း ဖြစ်တယ်။ ကျွန်တော် သူ့ကို ပြောခဲ့ပါ တယ်။ လှစ်လျူရှုလို့မရဘူး အစ်ကိုဝီလီယမ်၊ ကျွန်တော် ဆိုခဲ့သည်မှာ "သင်ဟာ သင့်သားထက်ပင် ငယ်ရွယ်ပုံပေါ်နေ ပါတယ်။ ကားလ်" ဟုပြောခဲ့ခြင်းဖြစ်သည်။ ဒီနေ့၊ ဒီနေရာမှာ ထိုကိစ္စကို ဖော်ပြရန် ရောက်ရှိလာခြင်း ဖြစ်၍ မနက်ဖန်မှာ ကျွန်ုပ်တို့ဒီနေရာမှာ ရှိနေကြတော့မည် မဟုတ်ပါ။ ထိုကာလ ရောက်လာမည့် အချိန်နာရီကို ကျွန်ုပ်တို့မသိကြပါဘူး။ ထိုနေ့ရက်ကာလသည် ရောက်ရှိ လာမည်ဖြစ်သည်။ ဒါပေမဲ့လည်း ထိုအရာ ရောက်ရှိလာမည်ကို ကျွန်ုပ်တို့သိပါ သည်။ ကျွန်တော် စဉ်းစားခဲ့ဘူးပါသည်။ ဘဝဆိုတာ ကြီးမားသောအရာတစ်ခု ဖြစ်လင့်ကစား အခွင့်အရေးတစ်ရပ် လည်း ဖြစ်နေပေမည်။

3 ၃။ ကျွန်ုပ်တို့တွင် ခမ်းနားသော အဆွေးဇာတ်လမ်းတစ်ပုဒ် ရှိခဲ့ကြပါသည်။ ကာလရှည်ကြာစွာ ကျွန်ုပ်တို့၏ အသင်းတော်၌ ဖြစ်တည်နေခြင်း ဖြစ်သည်။ ချီကာဂိုမှာဘဲ ဖြစ်တယ်။ ထိုသို့သောအရာသည် အမေ့အိမ်သို့ရောက် သောအခါ အခြားနေ့ရက် တိုင်းတွင် အသေသတ်နေသလိုရှိ၏။ အမေသည် နီးကပ်နေပြီ ဖြစ်သည်။ ကျွန်တော် ခန့်မှန်းမိသလောက် အသက်(၇၀)သို့ နီးကပ်နေပြီဘဲ ဖြစ်ပါသည်။ သူမသည် သူမ၏ခင် ပွန်းနှင့်အတူ ကန်ဆက်၊ မစ်ဇူရီပြည်နယ်များသို့တခုသော နှင်းမုန်တိုင်းတိုက်ခတ်နေစဉ် ကားမောင်း ခရီးနှင်ခဲ့ပါသည်။ လူတစ်ယောက်ဟာ ကားမောင်းနေပြီး ထိုကားကို ထိန်းချုပ်နိုင်မှု ကင်းမဲ့ခဲ့ပါသည်။ ပွဲချင်းပြီးပင် သူမ၏ ဇက်ကို ချိုးလိမ်လိုက်သလို ဖြစ်ခဲ့ ပါသည်။ ဒီလိုဖြစ်လာလိမ့်မည်လို့ကျွန်တော်တို့မထင်ခဲ့မိပါ။ အဲဒီလို အချိန်မှာဘဲ ကျွန်တော် ..... သူတို့သည် ကျွန်တော့်ကို ထိုကိစ္စအကြောင်း ပြောဆိုရန် ခေါ်ဆိုမှု ပြုပါသည်။ ကျွန်တော် နိုင်ငံရပ်ခြားမှာ ရှိနေတဲ့ သားသမီးများ အားလုံးကို ခေါ်ဆိုလိုက်ပါသည်။ အကြောင်းကတော့ သူတို့၏ အသင်းတော် ဖခင်သဖွယ် ဖြစ်နေသူတို့၏အ ကြောင်းကို ကျွန်တော် သူတို့အား အသိပေး အကြောင်းကြားခြင်းပင် ဖြစ်သည်။ ကျွန်ုပ်တို့မည်မျှ လျင်မြန်စွာ သွားနိုင် သလဲဆိုတာကို စဉ်းစားမှုပြုပါ။ ပြီးတော့ လွန်ခဲ့သော ရက်သတ္တပတ်ခန့်ကပင် သူမက ကျွန်တော့်ကို သကြားလုံး သေတ္တာတလုံးကို စီစဉ်ခိုင်း ခဲ့ပါသေးသည်။ ကျွန်တော့်ကို ပေးအပ်ခဲ့ပါသေးသည်။ ကျွန်တော်တို့ရုတ်တရက် ကြုံ ဆုံနိုင်သောအရာသည် မည်မျှ လျင်မြန်သည်ကို မြင်ရပါမည်။ သို့သော် ထိုအရာသည် အကယ်၍ .... အကယ်၍ ယခုဘဝသည် ကျွန်ုပ်တို့၏ မျှော်လင့်ချက်များ၌ နေရာကျ နေခြင်းသက်သက်သာ ဖြစ်သည်။ ကျွန်ုပ်တို့သည် စိတ်ပျက်ဖွယ် လူသားများပင် ဖြစ်သည်။ ယောဘဝတ္ထု အခန်းကြီး (၁၄)တွင် "ကိုယ်တော်သည် ကျွန်ုပ်တို့ကို သချႋုင်းတွင်း၌ ဝှက်ထားတော်မူ၍ နက်နဲ လျှို့ဝှက်ရာအရပ်၌ စောင့်ထိန်းတော်မူသည်" ဟုဆိုထားပါသည်။

4 ၄။ မည်သို့သောအရာများသည် ဘုရားသခင်၏ သဘောသဘာဝများကို ထင်ရှားစေသည်ဆိုသော အကြောင်းအ ရာများ ဖြစ်သည်ကို သင်သတိပြုမိခဲ့ဖူးပါသလား။ သစ်ပင်တွေမှ သစ်ရွက်တွေ ကြွေကျနေသည်ကို ကျွန်ုပ်တို့မြင်နေရပါသည်။ ဘဝသည်လည်း သစ်ပင်မှ သစ်ရွက်တို့မြေပေါ်သို့ကြွေကျသကဲ့သို့သချႋုင်းအရပ်တွင် ကျဆုံးနေကြ ရခြင်း ဖြစ်သည်။ အတိတ်ကာလဆီက ဆောင်းဥတု၏ အမျက်ဒေါသ မကျရောက်မီ တည်ရှိနေ ကြရဦးမည် ဖြစ်သည်။ တကြော့ ပြန်လည်လာဦးမည်ဖြစ်သည်။ ရှေ့ဆက်၍ အသစ်သော အသက်တာကို ဆောင်ကျဉ်းဦးမည် ဖြစ်သည်။ ကျွန်ုပ်တို့၏ တစ်ဖန်ရှင်ပြန်ထမြောက်ခြင်း အကြောင်းကို သက်သေခံချက် တစ်ပုဒ်ဖြစ်စေပါသည်။ နေမင်းကြီးဟာ မနက်ခင်းတစ်ခုမှာ ပေါ်ထွက်လာပါတယ်။ အဲဒီ အချိန်မှာဘဲ ကလေးငယ်လေးတစ်ယောက်ဟာ နိုးထခဲ့ပါသည်။ အဲဒါပြီးနောက်တွင်မူ ကျောင်းတက်ရမဲ့ အချိန်ဘဲဖြစ်ပါတယ်။ အထက်တန်းကျောင်းမှာဘဲ ဖြစ်သည်။ မွန်းတည့်အချိန် တွင် ခွန်အားရှိနေပါသည်။ ထို့နောက်တွင် အခြားသောတစ်ဖက်ခြမ်းဆီသို့မွန်းလွဲပိုင်းတွင် လှည့်လိုက်ပါသည်။ ပြီးရင်တော့ ညနေခင်းတွင် တစ်ဖန် ခွန်အားနည်းသွားမည်ဖြစ်ပြီး အိပ်စက်သွားကြရမည်ဘဲ ဖြစ်ပါသည်။ ဒါပေမဲ့ နေမင်းကြီးဟာတော့ ဘယ်တော့မှ အဆုံးသတ်သွားမည် မဟုတ်ပါ။ နောက်မနက်ခင်းတစ်ခုသည် ရောက်လာ၍ နောက်မျိုးဆက်တစ်ခုကို သက်သေပြုနေဦးမည် ဖြစ်သည်။ အဲဒါတွေကတော့ ရှင်သန်ခြင်း၊ သေဆုံးခြင်း၊ မြေမြှုပ် သင်္ဂြိုလ်ခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်း အကြောင်းတို့ပင် ဖြစ်ပါသည်။

နေရာတိုင်းမှာရှိတဲ့ သဘာဝတရား တိုင်ပင်လျှင် ဘုရားသခင်အကြောင်းကို ပြောဆိုနေပါသည်။ သဘာဝတ ရားသည် အခြားသောနည်းလမ်းတစ်ခုခုဖြင့် ခမ်းနားမှုကို သက်သေပြလျှက် ရှိပါသည်။ ထိုအရာသည် ဘုရားသခင်၏ရည်ရွယ်ချက်အတိုင်း အမှုထမ်းဆောင်နေခြင်း မဟုတ်သည်ပင်လျှင် ဤသို့သော ရှင်ပြန်ထမြောက်ခြင်း အသက်ဝိညာဉ်ကို ကျွန်ုပ်တို့ရရှိနိုင်မည် မဟုတ်ပါ။ ယခုပင် မျိုးစေ့တစ်စေ့ကို စိုက်ပျိုး မည်ဆိုပါက ထိုအစေ့သည် မျိုးအောင်၍ အသစ်သော ပန်းပွင့်ကလေးကို ဖူးပွင့်စေပါသည်။ သို့သော်

မျိုးစေ့မအောင်ဘူးဆိုပါက ပန်းပွင့်အသစ်က လေးသည်လည်း ဆက်လက် ပွင့်ဖူးလာမည် မဟုတ်ပါ။ ဘုရားသခင်၏ ရည်ရွယ်ချက်အတိုင်း အမှုတော်မဆောင်ဘူး ဆိုလျှင် ဖြစ်ပါသည်။ ယခု မဟုတ်တော့ပါ။ အဘယ်ကြောင့်ဆိုသော် ပန်းကလေးပွင့်လာပြီ ဖြစ်သောကြောင့် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏ ရည်ရွယ်ချက်အတိုင်း အမှုတော် ထမ်းရွက်နေသောကြောင့်ပေ တည်း။ ထိုအရာသည် နေထွက်လာခြင်း၏ အကြောင်းပြချက်တခုဖြစ်၍ ဘုရားသခင်၏ရည်ရွယ်ချက်အတိုင်း အမှု တော်ဆောင်နေခြင်းကြောင့် ဖြစ်သည်။ ပြီးတော့ ကျွန်ုပ်တို့ပေါ်ထွန်းခြင်းသည်လည်း ဘုရားသခင်၏ ရည်ရွယ်ချက် အကြံအစည်အတိုင်း အမှုတော်ထမ်းရွက်ရန်ပင် ဖြစ်သည်။

5 ၅။ ကျွန်တော် ယုံကြည်တာကတော့ ဘရာသာဝီလီယမ်ဟာဆိုရင် စစ်မှန်သော ဖခင်တစ်ယောက်အနေဖြင့် ဘုရားသခင်၏ အမှုတော်ကို ထမ်းဆောင်ခဲ့သည်ဆိုသော အရာပင်ဖြစ်သည်။ ကျွန်တော် သူ၏ချစ်ခင် မြတ်နိုးစရာ ကောင်းသည့် ပေါက်ဖော်ရောင်းရင်း စိတ်ဓါတ်ကို တွေ့မြင်ခဲ့ရပါသည်။ ဖခင်တစ်ယောက် ဖြစ်ရခြင်းမှာ ဘုရားသခင်၏ ရည်ရွယ်ချက်ပင်ဖြစ်သည်။ သူသည် ဘုရားသခင်၌ အပင်ပေါက်စေပါသည်။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဖြစ်သည်။ ဘုရားသခင်၏ အဓိက ရည်ရွယ်ချက်လည်း ဖြစ်သည်။ ဒါကြောင့် ဘရာသာဝီလီယမ်ဟာ ကျွန်ုပ်တို့နှင့်အ တူ တစ်ဖန်ထွက်ပေါ် မလာတော့ပြီဟု ဆိုရန်အကြောင်း ရှိလာပါသည်။ နေမင်းထွက်ပေါ်မလာတော့ပြီဆိုသော ဆုတ် ယုတ်ကျဆင်းစရာအကြောင်း ကျွန်ုပ်တို့၌ ပြောစရာ ရှိလာပါသည်။ အရာအားလုံးသည် သူ၏တစ်ဖန် ရှင်ပြန်ထ မြောက်ခြင်းအကြောင်းကို ပြောဆိုနေခြင်းပင် ဖြစ်သည်။ တစ်ဖန် ကျွန်ုပ်တို့နှင့်အတူဖြစ်၍ အရာအားလုံးပင် ဖြစ်သည်။ ဦးစွာ နေမင်း၊ ပန်းပွင့်၊ သဘာဝတရား၊ ရုက္ခဗေဒသံသရာ၊ နှင့်အရာအားလုံးသည် ထိုအကြောင်းကို သက်သေခံ လျှက်ရှိသည်။ ပြီးတော့ သူ့အတွက် ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ဖွင့်ဟ မိန့်တော်မူလျှက်ရှိသည်။ ထိုမျှမ ကသေးပါ။ သူ၏တစ်ဖန် ရှင်ပြန်ခြင်းကို တဒုတ်ဒုတ်ခုန်နေသော ကျွန်ုပ်တို့၏ နှလုံးသားမှ ကြီးစွာသော ယုံ ကြည်ခြင်းဖြင့် မြင်နေရပါသည်။ ဘုရားသခင်၌ သူ၏ဝိညာဉ်သည် အနားယူနေပါသည်။ တခါက ကျွန်ုပ်တခါက ကျွန်ုပ်တို့နှင့်အတူ သူတည်ရှိခဲ့ဖူးသည်ကို အနည်းငယ် ဂုဏ်ယူမိပါသည်။ တခဏအတွင်း မှာပင် ကျွန်ုပ်တို့ခြေစုံရပ် လိုက်ကြပါစို့။

6 ၆။ ကောင်းကင်အဖ ဖြစ်တော်မူသော ခမည်းတော် ဘုရားသခင် ဖြစ်တော်မူ၏။ ကျွန်ုပ်တို့သည် ဘယ်သော အခါကမျှ ဤသို့တွေ့ဆုံကြားသိ၊ စုရုံးကြရမည့် ရည်ရွယ်ချက် မျိုးကို ကြိုးစားဆောင်ရွက်ခဲ့ဘူးခြင်း မရှိပါ။ အချိန်တိုင်း ကျွန်ုပ်တို့အတူတကွ ရောက်ရှိလာကြပါသည်။ ကိုယ်တော်၏သားတော် ယေရှုခရစ်တော်၏ အကျင့်စာရိတ္တပိုင်း ဆိုင်ရာကို မြင့်ကင်စေသော အကြောင်းအရာကြောင့်ဖြစ်သည်။ ကိုယ်တော်ကို ရှာနေသူများနှင့် ကိုယ်တော်၌ တည်မ နေသူများအတွက် သက်သေခံစရာအကြောင်းကို ပေးရန် ဖြစ်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့နှလုံးသားများသည် ကျွန်ုပ်တို့၏ညီအစ်ကို မောင်နှမဖြစ်ခြင်းမှ နှုတ်ထွက်၍ အနောက်ကျောဖက်တွင် ကျန်ရစ်ခဲ့သူများအတွက် ဝန်လေးပင် ပန်းလျှက် ရှိပါသည်။ တစ်စုံတစ်ခုသောအရာသည် ကျွန်ုပ်တို့နှင့်အတူ မကြာမမြင့်မီကပင် ထိုင်နေ ခြင်းပင် ဖြစ်သည်။ တူညီစွာပင် အမှန်တကယ် ဤအဆောက်အအုံအတွင်း၌ အချိန်များ စွာ ထိုင်နေခြင်းပင် ဖြစ်ပါသည်။ ဒါပေမဲ့ ကျွန်ုပ်တို့ယုံကြည်သည်မှာ ကိုယ်တော်ရှင်သည် ထိုအရာအား ကောင်းမွန်သောအရာတစ်ခု၌ အသက်ရှင်စေတော်မူခဲ့ပြီ ဆိုသောအရာ ပင်ဖြစ်သည်။ ဘဝတစ်ခုလုံးကို ဖြစ်သည်။ ယ နေ့ကိုယ်တော် သင်နှင့်အတူ ထိုသူ၏အသက်ဝိညာဉ် တည်ရှိသည် ဟူသောအရာကို ကျွန်ုပ်တို့ယုံကြည်ခြင်းဖြစ်သည်။ ထိုသူသည် အနားယူနေပါသည်။ အိုအဖဘုရား သခင်၊ ကျွန်ုပ်တို့ထိုသူကို တစ်ဖန်ပြန်လည် တွေ့ဆုံရမည့်အချိန်တိုင်အောင် ဖြစ်ပါသည်။ ဒီနေရာမှာရှိတဲ့ သူ၏သား၊ သူ၏ အခြားသော သားငယ်သမီးငယ်များ၊ သူ၏ချစ်စွာသော ဇနီးသည်နှင့် သူကို ချစ်ခင်သူများအပါအဝင် ကျွန်ုပ်တို့အားလုံးကို ကောင်းချီးပေးတော်မူပါ။ အဖဘုရားသခင်၊ ကျွန်ုပ်တို့၏ ဤသို့သော အားနည်းချိနဲ့သောအရာကို သတိပြုမိကောင်း သတိပြုမိခဲ့ဘူးပါသည်။ တနေ့နေ့တွင် ကျွန်ုပ်တို့လျှောက်လှမ်းကြရပါမည်။ ထို့ကြောင့် ကျွန်ုပ်တို့ကိုယ်တိုင် ထိုကြီးမားသော အချိန်နာရီအတွက် ကြိုတင်ပြင်ဆင်ကြပါစို့။ ဒီမနက် ဒီနေရာမှာ တစ်စုံတစ်ယောက်သော သူသည် ဤတူညီသော အခမ်းအနားအတွက် ကြိုတင်ပြင်ဆင်မှု မပြုသင့်ဘူးဆိုရင် ဒီနေ့ဒီနေရာမှာဘဲ ထိုသူတို့သည် “ဟုတ်ကဲ့” ယေရှုခရစ်တော်ဘုရားဟု ဝန်ခံမှုပြုကြမှာဘဲ ဖြစ်ပါတယ်။ တဆက်တည်းပင် သန့်ရှင်းသောဝိညာဉ်တော် အားဖြင့် ကိုယ်တော်ရှင်၌ မျိုးစေ့အောင်ကြပါမည်။ ယေရှုခရစ်တော်၏ နာမတော်မြတ်၌ ကျွန်ုပ်တို့မေးခွန်းထုတ်စရာ အကြောင်းအရာ အတွက်ပင်ဖြစ်သည်။ အာမင်။ ထိုင်ခုံ၌ နေရာယူနိုင်ပါပြီ။

7 ၇။ ယခု ကျွန်တော်တို့ကြေငြာစရာ အနည်းငယ်ကို ကြေငြာမှာဘဲ ဖြစ်ပါတယ်။ ဒီမနက်ခင်းမှာ ကျွန်တော်၏ ဇနီးသည် အနောက်ဖက် ထိုနေရာမှာ ထိုင်နေပါတယ်။ ကျွန်တော် သူကို ပြောခဲ့ပါတယ်။ ကျွန်တော် ပြောတာတော့ “အချစ်ရေ ငါသွားတော့မှာမို့မနက်စာ မစားတော့ဘူး” ဟုဆိုခဲ့ခြင်းဖြစ်သည်။ ကျွန်တော်တို့မှာ မြို့ထဲသွားစရာရှိ၍ လုပ်စရာလည်း ရှိနေခဲ့ပါသည်။ နောက်ပြီး ကျွန်တော်က “ငါ ၁၀း၀၀နာရီမှာ ထွက်ရမှာဘဲ ဖြစ်ပါတယ်” ဟုပြောလိုက် ပါသည်။ သူမ ကျွန်တော့်ကို ကြည့်နေပါသည်။ ကျွန်တော်က “တကယ်လို့ငါဟာ ၁၀း၀၀နာရီမှာ မထွက်ရဘူးဆိုရင် ငါ နင်ရွေးချယ်တဲ့ အဝတ်အစား (၃)စုံကို ဝယ်ပေးမယ်လို့” ပြောခဲ့ပါတယ်။ ထို့ကြောင့် ဘာဆက်ဖြစ်မယ်ဆိုတာ ကျွန်တော် သိနေပါတယ်။ အခု ကျွန်တော်ဟာ အဝတ်အစား (၃)စုံဖိုး အကြွေးတင် နေပြီပဲ၊ ဖြစ်ပါတယ်။ အကြောင်းကတော့ ယခု (၁၀)နာရီ၊ မိနစ်(၂၀)တိုင်အောင်ဖြစ်နေ ပြီ ဖြစ်သောကြောင့် ဖြစ်သည်။ ဒဲ့ပေမဲ့လည်း ဖြစ်နိုင်သမျှ အမြန်ဆုံး မြန်အောင် ကြိုးစားခဲ့ပါသည်။

8 ၈။ ဒီမနက် ဒီဂျယ်ရီချိုအရပ်၌ ညီအစ်ကိုတော် သင်တို့နှင့်အတူ ရှိနေရခြင်းကို ကျွန်တော် ဝမ်းမြောက်မိပါသည်။ ကျွန်တော်တို့သင့်ကို ခေါ်ဖိတ်ပါသည်။ တနင်္လာနေ့ညမှာ တက်ဆန်မှာရှိတဲ့ ယေရုရှလင်ကို တက်သွားကြပါမည်။ အဲဒီက ဂုဏ်ပြုထမင်းစားပွဲ မှာ ရှိကြမှာဘဲ ဖြစ်တယ်။ တောင်ကြားမှာ ဖီးနစ်ငှက်ကို တွေ့ရမှာဘဲ ဖြစ်တယ်။ ဂျယ်ရီချို အရပ်ကဲ့သို့ဖြစ်သည်။ တက်ဆန်ဆိုတဲ့နေရာကတော့ ကျွန်တော်နေတဲ့နေရာ ဖြစ်ပါတယ်။ အဲဒီနေရာဟာ တောင်တန်းပေါ်မှာ ရှိနေပါသည်။ ထိုနေရာသည် ယေရုရှလင်ဘဲ ဖြစ်ပါသည်။ တော်နီ၊ မင်းဘယ်မှာ ရှိနေပါသလဲ။ ဒီအနီးအနားတစ်ဝိုက် တစ်ယောက် ယောက်က “အာမင်” ဟု အဘယ်ကြောင့် မပြောပါသနည်း။ ယခု ကျွန်တော် ထောင် ချောက်မိနေပါပြီ တော်နီ၊ အဲဒါတောင် မဖေါ်ပြသေးပါလား။ ကောင်းပြီ။ မနက်ဖန်(သို့) တနင်္လာနေ့ညမှာ တက်ဆန်က ဂုဏ်ပြုညစာစားပွဲမှာ ရှိပါမယ်။ အကယ်၍ သင်ဟာ ထိုလမ်းကြောင်း တစ်ဝိုက် ရှိမည်ဆိုပါက ကျွန်ုပ်တို့ကေန်မုချ

ပျော်ရွှင်ဝမ်းမြောက်ကြမှာဘဲ ဖြစ်ပါတယ်။ အစက်ချနေသည်ကို ကျွန်ုပ်တို့မြင်ရကြပါမည်။ ဒီညအတွက် ကျွန်တော် သင်ခန်းစာဟာ ဘုရားသခင် အလိုတော်အတိုင်းဘဲ ဖြစ်ပါမယ်။ "ကျွန်ုပ်တို့သည် အရှေ့ဖက်မှ ကိုယ်တော်၏ကြယ်ကို မြင်ရသောကြောင့် ကိုယ်တော်အား ဝတ်ပြုကိုးကွယ်ရန် လာရောက်ကြပါ၏။"

9 ၉။ ယနေ့ဒီလ၏ (၁၉)ရက်နေ့ဖြစ်ပါသည်။ နောက်လ ဒါမှမဟုတ် ဇန္နဝါရီ(၁၉) ရက်မှာ ကျွန်တော် ပြန်လည်နိုးထ မှုကို အစပြုမှာဘဲ ဖြစ်တယ်။ ဒီအခန်းမှာဘဲ အမှန် ဆောင်ရွက်မှာ ဖြစ်တယ်။ ဒီရာမဒါ တည်းခိုရိပ်သာမှာဘဲ ပြုလုပ်မှာ ဖြစ်ပါတယ်။ (၁၉)ရက်နေ့၊ (၂၀)ရက်နေ့နဲ့ (၂၁)ရက်နေ့တွေမှာဘဲ ဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ (၂၂)ရက်နေ့ရောက်ပါမယ်။ ကျွန်တော် ယုံကြည်ပါသည်။ (၂၃)ရက်နေ့ကို အစပြုမှာဘဲ ဖြစ်တယ်။ ကျွန်တော် ဒီနေရာမှ (၄)ညရှိမှာ ဖြစ်ပါတယ်။ ပြန်လည် နိုးထမှု အစီအစဉ် တစ်ခုကဲ့သို့ဖြစ်စေပါမည်။ များစွာသော သာသနာပြု ညီအစ်ကိုတော်များ ခင်ဗျား၊ ဒီမနက် ကျွန်တော်တို့သင်တို့နှင့်အတူ ရှိနေရခြင်းအတွက် အမှန်တစ်ကယ် ပျော်ရွှင်မိပါ သည်။ အပြင်ဖက်မှာ ရှိနေတဲ့ သူ၏လူများကို ခေါ်ဆောင်ဘို့ကျွန်တော်တို့ဖေါ်ရွေပျူငှာ စွာ ဖိတ်ခေါ်အပ်ပါသည်။ တခု ထူးခြားတာကတော့ ဒီမြို့နေလူထုက ယေရှုခရစ်တော် သည် သူတို့၏ ကယ်တင်ပိုင်ရှင်ဆိုသောအရာကို မသိရှိကြောင်းကို သင်သိနေခြင်း ဖြစ်သည်။ ပြီးတော့ ဒုတိယ အချက်တစ်ချက်အနေဖြင့် တစ်ယောက်ယောက် ဖျားနာနေ မည်ဆိုလျှင် ဘုရားသခင်ကို ယုံကြည်ခြင်းကြောင့် ဆုတောင်းခြင်း၏ အဖြေကို ရရှိမည့်သူ ရှိမည်ဆိုသောအချက် ဖြစ်သည်။ ကျွန်ုပ်တို့၏ ရည်ရွယ် ချက်မှာ ဒီအချိန်နာရီအတွင်း ဖျားနာနေသူများကို ဆုတောင်းပေးဘို့ဘဲ ဖြစ်ပါတယ်။ ဦးစားပေးအနေဖြင့် ခမ်းနားသော နိုင်ငံလုံးဆိုင်ရာ ညီလာခံကြီးကို (၂၂)ရက်နေ့ဒီနေရာမှာ အစပြု ကျင်းပသွားမှာဘဲ ဖြစ်ပါတယ်။ ကျွန်တော် ထိုအရာ ကို သင့်အား အမှန်တကယ် ကြားသိစေလိုပါတယ်။ ဘာဖြစ်လို့လဲဆိုရင် အရမ်းတော်တဲ့ စကားပြောမည့်သူများ လာရောက်မည် ဖြစ်သောကြောင့် ဖြစ်သည်။ သေချာတာကတော့ ကြီးမားတဲ့အချိန်နာရီမှာ သင်ရှိနေမယ် ဆိုခြင်းပင် ဖြစ်ပါသည်။

10 ၁၀။ ယခု ဒီနေ့မနက် အဆောက်အအုံ ပရဝုဏ်အတွင်းမှာ တောက်လျှောက် စကားပြောသွားတဲ့ အကြောင်းက တော့၊ ဖီးနစ်ငှက် ကျွန်ုပ်တို့နှလုံးသားမှာ အစဉ်အမြဲ နေရာယူထားခြင်း အကြောင်းပင် ဖြစ်ပါသည်။ ကျွန်တော် ဖီးနစ်ငှက်ကို ကြိုက်ပါသည်။ ကျွန်တော် ငယ်ငယ်က ဒီနေရာမှာ ရှိခဲ့ဘူးပါသည်။ ဒီနေရာက ထွက်ပြီး အထက်ဖက် ဝတ်ကန်ဖာမှာ ရှိခဲ့ပါသည်။ ကျွန်တော် (၁၆)နှစ်သားက ဒီနေရာမှာ နေထိုင်ခဲ့ရခြင်း ဖြစ်၍ ဟန်းရှောဟု ခေါ်ပါသည်။ အဲဒီနောက်မှာတော့ အပြီးအပိုင် စွန့်ခွာခဲ့ရပါသည်။ ဒါပေမဲ့ အမှန်တကယ် မြို့ကြီးပြကြီး ဖြစ်နေပြီ ဆိုသည်ကို ကျွန် တော် မြင်ရပါသည်။ ကောင်းစွာဘဲ မြို့၏အသဲနှလုံး ဖြစ်လို့နေပြီ ဖြစ်သည်။ ပြောင်းလဲရမည့် အချိန်နာရီတစ်ခုကို ပြသရန် ထိုနေရာသို့သွားပါ။ ပြောင်းလဲမှု ဖြစ်သည်။ သို့သော် တစ်ခုသောအ ကြောင်းအရာမှာ ဒီမနက် ကျွန်တော် စကားပြောလိုပါသည်။ အဲဒါကတော့ မပြောင်းလဲ သော အကြောင်းအရာတစ်ခု အကြောင်းပင် ဖြစ်သည်။ ထိုအရာမှာ ဘုရားသခင်၊ ဘုရားသခင် ဖြစ်တော်မူ၍ သူ၏ အစီအစဉ်ပင် ဖြစ်ပါသည်။ ကိုယ်တော်၏နှုတ်ကပတ်တော်မှာ ဘယ် တော့မှ မပြောင်းလဲပါ။ အချိန်တွေ ပြောင်းတယ်။ လူတွေပြောင်းတယ်။ စံနှစ်တွေ ပြောင်းပါတယ်။ ဒါပေမဲ့ ဘုရားသခင် ကတော့ ဘယ်တော့မှ ပြောင်းလဲခြင်း မရှိပါဘူး။ ကိုယ်တော်ဟာ အမြဲတမ်း တသမတ်တည်း တူညီစွာ ကျန်ကြွင်းနေ တော်မူခြင်း ဖြစ်သည်။

11 ၁၁။ ခရစ်စမတ် အချိန်ကာလနှင့် ကြုံခဲ့ရသော အချိန်ကာလများအကြောင်း ကျွန်တော် စဉ်းစားမိပါသည်။ ထိုအရာသည် ကျွန်ုပ်တို့ကို .... ကျွန်တော်ဟာ ခရစ်စ မတ်သတင်းစကားကို ကြားပြောခဲ့ဘူး၊ ကြားပြောခဲ့ပါမည်။ ယခု သင့်မှာ ကျမ်းစာရှိမည်ဆိုလျှင် ကျမ်းစာဖတ်စေလိုပါသည်။ တခါတရံ လူတွေ ဆောင်ရွက်တတ်ပါသည်။ ဇာဝဲ လိတရား ဟောပြောသူများ နောက်ကွယ်၌ ဖြစ်သည်။ ကျွန်တော် ရှင်မဿဲခရစ်ဝင်ကျမ်း အခန်းကြီး(၂)မှ ဖတ်လိုပါ သည်။ နှုတ်ကပတ်တော် အပိုင်းတစ်ခုအတွက် ဖြစ်သည်။ ယခု ယေရှုခရစ်တော်သည် ယုဒရှင်ဘုရင် ဟေရုဒ်စိုးစံရာ ကာလ၌ ဗက်လင်မြို့တွင် ဖွားမြင်ခြင်းကို ခံတော်မူ၏။ အရှေ့အရပ်မှ ပညာရှိ(၃)ပါးသည် ဖူးမျှော်ရန်အလို့ငှာ လာ ရောက်ကြလေသည်။

ပြောလိုသည်မှာ ယုဒရှင်ဘုရင်သည် မည်သည့်နေရာ၌ ဖွားမြင်ခဲ့ပါသနည်း။ အရှေ့ဖက်မှ သူ၏ကြယ်ကို ကျွန်တော်တို့တွေ့မြင်ရန် ကိုယ်တော်ကို ဖူးမြင်ရန် ကျွန်တော်တို့ရောက်လာကြခြင်း ဖြစ်သည်။

ထိုအချိန် ဟေရုဒ်ဘုရင်သည် .... ဒီအကြောင်းအရာ အားလုံးကို ကြားခဲ့ပါ သည်။ သူပြဿနာတက်ပါသည်။ ယေရုရှလင် တစ်မြို့လုံး သူနှင့်အတူ ရှိနေခြင်းဖြစ်သည်။

ပြီးတော့ သူဟာ ဘာသာရေးခေါင်းဆောင် အကြီးအကဲ အားလုံးကို စုရုံးစေသည်။ စာကူးစာပွားသော စာရေး စာချီတွေကိုလည်း စုရုံးစေပါသည်။ သူဟာ ယေရှုခရစ်တော် ဘယ်နေရာမှာ ဖွားမြင်သလဲဆိုတာကို မေးမြန်းခဲ့ပါသည်။

..... သူတို့က သူကို ဘယ်လိုပြန်ပြောသလဲဆိုရင် ယုဒပြည် ဗက်လင်မြို့မှာ ဖြစ်သည်ဟု ဆိုခဲ့ကြပါသည်။ ဤအကြောင်းအရာအတွက် ပရောဖက်အားဖြင့် မှတ်တမ်းတင် ရေးသားခဲ့ခြင်း ဖြစ်သည်။ သင်၏ ဗက်လင်မြို့ရှိရာ ယုဒပြည်၌ ယုဒအိမ်ရှေ့မင်းသားများ အကြားတွင် စာဖွဲ့မမှီနိုင်သော အရေးမပါဆုံး မင်းသားပင် ဖြစ်သည်။ သို့သော် သခင်သည် အုပ်ချုပ်သူတစ်ဦး ဖြစ်လာပါမည်။ ထိုအရာသည် ကျွန်ုပ်တို့ ဣသရေလလူမျိုးတို့၏ ဉပဒေသလည်း ဖြစ်လာပါမည်။

12 ၁၂။ ဘုရားသခင်သည် သူ၏ကောင်းချီးကို သူ၏နှုတ်ကပတ်တော်ကို ဖတ်ရှုဆင်ခြင်သောအခါ ပေါင်းထည့်ထား ခြင်း ဖြစ်ကောင်း ဖြစ်နိုင်သည်။ ယခု ဤနေရာ၌ သတိထားစရာအချို့ရှိနေပါသည်။ အချို့နှုတ်ကပတ်တော်တွေက ရည်ညွှန်းမှု ပြနေပါသည်။ ကျွန်တော် ဤအကြောင်းအရာပေါ်တွင် အနည်းငယ်သောအရာကို အချိန်ယူစဉ် သင်၏ဂရု ပြုအာရုံစိုက်ခြင်းအရာမှ ခွဲထွက်မသွားခြင်းကို သဘောကျပါသည်။ အဘယ်ကြောင့် ဗက်လင်မြို့ငယ် ဖြစ်ရပါသမည်း။

ခရစ်စမတ်ကို သင်သိတယ်။ ကျွန်တော် စဉ်းစားမိတာကတော့ ကျွန်ုပ်တို့မြောက်များစွာဟာ အရာအားလုံးကို ပြောမှာ မဟုတ်ကြပါဘူး။

ဒီလိုဘဲ ကျွန်ုပ်တို့သည် လည်း ခရစ်စမတ်ဟာ ဘာဖြစ်သည်ဆိုသော စစ်မှန်သည့် တန်ဖိုး ကျွန်ုပ်တို့၌ ပျောက်ဆုံးနေခြင်း ဖြစ်ပါသည်။ ဒီနေရာမှာ ကျွန်တော် သတိထားမိခဲ့ပါသည်။ သံလွင်ပင်တွေကို အလှဆင်ခဲ့ကြသည်။ အရှေ့တိုင်းမှာဆိုရင် ထင်ရှူးပင် တမျိုးမျိုး(သို့) အမြဲစိမ်းသစ်ပင်တစ်ပင်ကို အလှဆင်ကြပါမယ်။ လတွေ(သို့)ရက်သတ္တပတ်တွေမှာ ဖြစ်မယ်။ ခရစ်စမတ် မတိုင်ခင် တလ(သို့) ခြောက်ပတ်အလိုလောက်ကတည်းက စတစ်ကာ၊ ရွှေရောင်အပြား၊ တွေနဲ့အလှဆင်ခဲ့ကြပါသည်။ ခမ်းနားစေခဲ့သည်။ သူတို့ဟာ စစ်မှန်သော အဓိပ္ပါယ်နေ ရာတွင် စီးပွားဖြစ်အရာများကို လဲလှယ် အစားထိုးခဲ့ကြပါသည်။

13 ၁၃။ ကျွန်တော် ယေရှုခရစ်တော် ဒီဇင်ဘာ(၂၅)ရက်မှာ မွေးဖွားခဲ့တဆယ်ဆိုတာကို မယုံပါဘူး။ အဲဒါအားလုံးကို ကျွန်တော် မယုံကြည်ပါဘူး။ တစုံတစ်ခုသော အဖြစ်အပျက်အတွက် ထိုကိစ္စသည် မဖြစ်နိုင်ပေ။ ယုဒပြည်၏ တောင်ကုန်းများမှာ နှင်းဖုံးနေသည် ဆိုခြင်းထက် နှင်းတွေဟာ ဒီဇင်ဘာလမှာ ခါးအထိ နှစ်နိုင်လောက်သည်အထိ အဘယ် ကြောင့် နက်နေရပါသနည်း။ ယုဒပြည်မှာဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့ သမိုင်းကျောင်းကို လေ့လာဖြင်းဖြင့် သဘောပေါက် နားလည်နိုင်သည်။ ဖြစ်နိုင်သည်မှာ ယေရှုခရစ်တော်သည် နွေဦးကာလဖြစ်သော ဧပြီ၊ မေလတ ဝိုက်တွင် ဖွားမြင်ခဲ့ခြင်း ဖြစ်နိုင်သည်။ အချို့နေရာများသည် ထိုကဲ့သို့တူညီမှုရှိသည်။ ဒါပေမဲ့ ပြောင်းလဲနေပါသည်။ သူတို့ဟာ ဤအဖြစ်မှန်ကို ဆောင်ယူသွားခဲ့ပါသည်။ ခရစ်ယာန်ဘာသာ၏ အယူဝါဒကို ရောမဘာသာ၏ အယူဝါဒ အဖြစ် ပြောင်းလဲခဲ့သောအခါ နေနတ်ဘုရား၏မွေးနေ့နှင့် တိုက်ဆိုင် စေခဲ့ပါသည်။ ထိုအကြောင်းအရာသည် (၂၅)ရက် နေ့ နေထွက်ခြင်းအကြောင်း ဖြစ်သည်။ ဒီဇင်ဘာလ (၂၁)ရက်နေ့မှ (၂၅)ရက်နေ့အထိ ဖြစ်သည်။ နေသည် အမှန်တ ကယ်ထွက်လာ၍ အလုံးစုံသောအရာတို့ကို ခက်ခဲစွာ ပြောင်းလဲခဲ့ပြီဖြစ်သည်။ ပြီးတော့ ထိုအရာသည် နေနတ်ဘုရား ၏ မွေးနေ့ကို ဘုရားသားတော်၏ မွေးနေ့အဖြစ် ပြောင်းလဲ ခဲ့သောအကြောင်းပင်ဖြစ်သည်။

14 ၁၄။ သို့သော် ဆင်ခြင်းရမည်မှာ ဘယ်နေ့မဆို ဖြစ်နိုင်သည် ဆိုသောအရာပင်ဖြစ်သည်။ ထိုအရာက ဘာကို ထောက်ပံ့ထားသည်ဆိုသော အလေးအမြတ်ထားရမည့်အရာကို ကျွန်ုပ်တို့အဝေးသို့ဆောင်ယူသွားလို့မရပါ။ ကျွန်ုပ် တို့၏ ဤသို့သောအရာကို စာတန်၏နေရာမှာ လုယူမှုပြုရန် ရှိသည်။ ကြီးမားသော စီးပွားရေး အခြေအနေအရသော် ၎င်း၊ စန်တာကလော့စ်က ဝတ်ပြုကိုးကွယ်မှုအားလုံးကို ခိုးယူသွားခြင်းဖြင့်သော်၎င်း ဖြစ်သည်။ ထိုကဲ့သို့ပင် အီစတာ နေ့သည်လည်း ဖြစ်လာပါမည်။ ယုန်ငယ်ကလေးနှင့် ပန်းရောင်ကလေးဘဲ ဖြစ်ပါသည်။ ပြီးတော့ အီစတာနေ့နှင့်အ တူ ဘာလုပ်စရာ ရှိပါသနည်း။ ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းနှင့်အတူ ဘယ်အရာကို လုပ်ဆောင်ဘို့ရှိပါ သနည်း။

ဒီကနေ့ကမ္ဘာမှာလည်း ထိုကဲ့သို့ဖြစ်ပါသည်။ လမ်းမပေါ်ရှိ ကလေးငယ်များသည် ယေရှုခရစ်တော် အကြောင်းထက် ဒေးဗီးကော့ကတ်အကြောင်း ပို၍ပြောပြနိုင်ပါသည်။ သူတို့သည် ပညတ်တရားမှ သွေဖီသော အချို့အကြောင်းများကို ပြောနိုင်ကြပါသည်။ ဒုစရိုက်နေ့ရက်အချို့ဖြစ်ပေါ်နေပါသည်။ လွန်ခဲ့သော (၁၉၀၀)ပြည့်နှစ်က မွေးဖွားခဲ့သည့် အိမ်ရှေ့မင်းသား၏ ဘဝအသက်တာကိုတော့ သူတို့ ဆိုနိုင်ပါသေးသည်။ သို့သော် ကျွန်ုပ်တို့၏ ခရစ်ယာန်ဖြစ်သည်ဆိုသော စစ်မှန်သည့် လမ်းကြောင်းမှ ထွက် ခွာမသွားပါနှင့်။

15 ၁၅။ အမှောင်ထုထဲတွင် အမြဲတစေ တောက်ပနေသော အကောင်းဆုံး အလင်းတန်းကို သင်မြင်ရပါသည်။ ညဖက် မဲမှောင်နေသော ကောင်းကင်တိမ်တိုက်များ၌ ခက်ဖြာနေသော အလင်းတန်းသည် အမှောင်ထု၌ အလင်းရောင်ကို ဆောင်ကျဉ်းပေးနိုင်ပါသည်။ ပြီးတော့ အလင်းရောင် တောက်ပလာသောအခါ သင်မမြင်ရပါဘူး။ အကယ်၍ နေသာမယ်ဆိုရင် သင့်အတွက် အလင်းရောင်များများ မလိုအပ်ပါဘူး။ ဒါပေမဲ့ မှောင်နေမယ်ဆိုရင် အလင်းဖျော့ဖျော့ ထက် အမှောင်ထုကို လင်းစေမည့် ပိုများသောအလင်း လိုအပ်ပါမည်။ မှောင်မိုက်စေသူသည် ပိုကောင်းသည်။ သူကိုယ်သူ ပိုကောင်းသူအဖြစ် ဖေါ်ပြတတ်ပါသည်။ ပြီးတော့ ကျွန်ုပ်တို့ခရစ်ယာန်များသည် အနည်းငယ်ပို၍ ဘုရား သခင်မှ ကျွန်ုပ်တို့အား သူ၏သားတော်ကို ပေးအပ်တော်မူသည်ဆိုသော ဘုန်းတော်အ ကြောင်း သက်သေခံသူတို့ဖြစ်သင့်ပါသည်။ ဒီခရစ်စမတ်သည် အလွန်ထူးခြား သာလွန်သောအရာ ဖြစ်သင့်ပါသည်။ ကျွန်ုပ်တို့ခရစ်ယာန်တွေ ဟာ ဖြစ်သင့်ပါတယ်။ .... ထိုအရာကိုကြည့်၍ ဘယ်လောက်ဖြစ်သည်ဆိုတာ အကြောင်းမဟုတ်ပါ။ ထိုအရာသည် ပိုမိုကောင်းမွန်သော တောက်ပမှုကို ဖြစ်စေပါမည်။ ကမ္ဘာတစ်ခုလုံး ရွှေရောင်ပြားတွေနှင့် ဆင်မြန်းထားပါသည်။ ကျွန်တော်တို့ခရစ်တော်ကို ရခဲ့ပါသည်။ ပြီးတော့ ထိုအရာသည် ကျွန်ုပ်တို့ယခု အသက်ရှင်ခြင်း၌ ဤလောက အမှောင်ထုအတွက် အလင်းအဖြစ် ထွန်းလင်းစေသင့်ပါသည်။

16 ၁၆။ သမရိုးကျမဟုတ်သော နည်းလမ်းများဖြင့် ဘုရားသခင် ဘယ်လိုအမှုပြုသည်ကို ကျွန်ုပ်တို့စဉ်းစားခဲ့ကြပါ သည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် သူကိုယ်တိုင် သမရိုးကျ မဟုတ်သောကြောင့် ဖြစ်သည်။ ဘုရား သခင်သည် တမူထူးခြားပါသည်။ ကိုယ်တော်သည် သဘာဝလွန် ဖြစ်ရပ်ကို ဖြစ်စေ၍ အဆုံးမရှိပါ။ ကျွန်ုပ်တို့နှင့် ကန့်သတ် ထားပါသည်။ ထို့ကြောင့် ကိုယ်တော်ပြုသော မည်သည့်အရာမဆို သမရိုးကျ မဟုတ် သောအခွင့်အလန်း၌ ရှိနေတတ်ပါသည်။ ထို့ကြောင့် ဘုရားသခင်သည် ကြီးမြတ်တော် မူပါသည်။ ကိုယ်တော်သည် အဓိပ္ပါယ် အမျိုးအစား၊ မသတ်မှတ်နိုင်သောအရာများကို ဤလောကသို့ဆောင်ယူမှု ပြုသည့်တိုင် သူကိုယ်သူ ထိုအနေအထားဖြင့် အဓိပ္ပါယ် သတ်မှတ်စေတော်မူသည်။

ဒီနေရာမှာ ကျွန်တော် ဘာသာရပ်ကို ကျွန်တော်တို့သတိပြုမိကြပါသည်။ ဘာကြောင့် ဗက်လင်မြို့ငယ် ဖြစ်ရ ပါသနည်း။ ယုဒပြည်၏ အသေးငယ်ဆုံးသော မြို့ငယ် လေးပင် ဖြစ်သည်။ အိမ်ရှေ့မင်းသားအဖြစ်(သို့) ယုဒပြည်၏ မြို့တော်သို့ဘုရားသခင်သည် သူ၏သားတော်ကို အဘယ်ကြောင့် ပို့ဆောင် နေရာချတော်မူသနည်း။ ထိုအ ကြောင်းအရာ အပေါ်၌ ကျွန်ုပ်တို့ဆွေးနွေးလိုပါသည်။ ဘုရားသခင်သည် လောကအရာများကို ဆောင်ယူသွားတော် မူသည်။ ကျမ်းစာပြောတာကို ကျွန်တော် ယုံပါသည်။ “မိုက်မဲသော တရားဒေသနာဝေမျှခြင်းအားဖြင့် ဘုရားသခင် အမျိုးအစား ခွဲခြားမရနိုင်သော အရာများကို ဆောင်ယူရန် ကျေးဇူးပြုတော်မူသည်။” ဟုဆိုထားပါသည်။ မည်သို့သော ကြီးမြတ်မှုကို ကျွန်ုပ်တို့လုပ်ဆောင်ပါမည်နည်း။ ဘုရားသခင်သည် ရှုံးသွပ်မှုကို ခေါ်ဆိုလျှက်ရှိသည်။ ဘုန်းတော် ထင်ရှားရန် ကျွန်ုပ်တို့ဘာကို ထားပါမည်နည်း။ ဘုရားသခင်က ကောင်းသောအရာ မဟုတ်ဟု ဆိုပါသည်။ ကျွန်ုပ်တို့၏ မကောင်းသော စဉ်းစားခြင်းကို ဘုရားသခင် ဘုန်းထင်ရှားစေပါသည်။

17 ၁၇။ ကျွန်ုပ်တို့၏ ဘုရားသခင် ဖွားမြင်တော်မူခြင်း မတိုင်မီ ထိုအချိန်က ပရောဖက် အားလုံးကို စဉ်းစားမိပါသည်။ ဆက်လက်၍ ထိုပရောဖက်တို့အထဲတွင် ရှေ့ပြေးအနေဖြင့် လူတစ်ယောက် ရောက်လာကာ တောင်တန်းများကို မည်သို့မည်ပုံ နိမ့်ဆင်းသွားစေမည် ဆိုသောအရာကိုငှင်း၊ နိမ့်သောအရပ်ကို မြင့်စေမည် ဟူသော အကြောင်းနှင့် တောင်များသည် သိုးငယ်များကို ခုန်ကျော်သွားမည်ဆိုသော အရာကိုငှင်း၊ သစ်ရွက်တို့သည် သူတို့၏ လက်တို့ဖြင့် လက်ခုပ်တီးကြမည် ဆိုသောအရာကို ဟောပြောခဲ့ကြပါသည်။ အကြီးအကဲ တစ်ဦး ရှိခဲ့ဖူးပါသည်။ ရှင်ယောဟန်ဟု အမည်တွင်သော ပရောဖက်တဦးပင် ဖြစ်ပါ သည်။ ကန္တာရခရီးလမ်းသို့ရှေ့ဆက်ရန် ဆင်းသက်ခဲ့ရသူဖြစ်သည်။ အသိပညာ သဘောတရားဆိုင်ရာ ကျောင်းတ ကျောင်းမှလာခြင်း မဟုတ်ပါ။ သူ့မျက်နှာမှာ မုတ်ဆိတ်မွေး၊ နုတ်ခမ်း မွေးတို့ဖြင့် ပြည့်နေပါသည်။ သိုးအရေများကဲ့သို့တစ်စိတ်တစ်ပိုင်း ဖြစ်နေပါသည်။ ခရစ်ယာန် ဘုန်းတော်ကြီး၏ ဝတ်ရုံမျိုးကို ဝတ်ဆင်မထားပါ။ ထွက်လာ၍ ကြွေကြော်မှု ပြုပါသည်။ “ဘုရားသခင်၏ လက်တော်၌ သူ၏နိုင်ငံတော်တည် ၏။”ဟု ကြွေကြော်ခဲ့ပါသည်။ အဆင်ပြေသလို ချုပ်ဝတ်၍ ရောက်ချလာသောအရာကို လူတို့သည် ခက်ခဲစွာ နားလည်ခဲ့ ရပါသည်။ မည်သို့သော စံနစ်ကမှ အဓိပ္ပါယ်သတ်မှတ် နိုင်ခြင်း မရှိခဲ့ပါ။ ထိုသူမှာ ပိုင်ဆိုင်သောအရာ ဘာတစ်ခုမှ မရှိပါ။ မည်သို့သော မိဿဟာယ ပြုခွင့်ရမည် ကဒ်ပြားမျိုး မရှိပါ။ မည်သည့် ဂိုဏ်းဂဏကမှ သူ့နောက်ကွယ်က ရပ်တည်ပေးခြင်းမျိုးလည်း မရှိပါ။ သတင်းစကားကတော့ ကြီးမြတ်လှပါသည်။ လူတွေကို သူမခေါ်ခဲ့ပါ။ ဘုရားသခင် ၏ သင်တန်းကျောင်းဖြစ်သော ကန္တာရ သင်တန်းကျောင်းတွင် ဆည်းပူးခဲ့ရခြင်း ဖြစ်သည်။ သူ၏ သတင်းစကားသည် အချို့သောဘာသာရပ် သဘောတရား နိယာမမျိုးကဲ့သို့မဟုတ်ပါ။ သူက မြွေတွေအကြောင်း၊ ပေါက်ချွန်း၊ ပေါက်ဆိန်၊ တံဇဉ်တွေအကြောင်း၊ သစ်ပင်တွေအကြောင်းကိုသာ ပြောခဲ့ပါသည်။ ထိုအရာသည် သူဘာကို အသုံးပြုခဲ့သည် ဆိုသောအရာဖြစ်၍ သဘောတရားပင်ဖြစ်သည်။ ဘယ်လို အလုပ်လုပ်ရမည်ကို စောင့်ကြည့်ခြင်းပင် ဖြစ်သည်။ ထိုအရာသည် သူချဉ်းကပ်သော နည်းလမ်း လည်း ဖြစ်သည်။ ဘုန်းတော်ကြီး ဝတ်ရုံကို ဝတ်ဆင်ထားသူ မဟုတ်ပါ။ သဘာဝကျသူ တစ်ယောက်တော့ ဖြစ်ပါသည်။ လူတွေက သူ့ကို နားလည်ဘို့ရန် အလွန်ခက်ခဲကြပါသည်။ တရား ဟောစင်မြင့်လည်း မရှိခဲ့ပါ ဘူး။ ဘယ်လောက်ထိလဲဆိုရင် ဘယ်အရာကမှ ကြိုဆိုမှု ပြုနေခြင်း မရှိခဲ့ပါ။ ဒါပေမဲ့ သူဟာ ယော်ဒန်မြစ်ကမ်းနားမှာ တရားဒေသနာ ဝေမျှခဲ့ပါသည်။ ဘယ်လောက်ထိလဲဆိုရင် ရွှံ့ထဲမှာ မတ်တပ် ရပ်၍ပင် ဖြစ်သည်။ ရွှံ့တို့သည် သူ့ဒူးခေါင်းတစ်ဝိုက်ပင် ရှိနေခဲ့ပါသည်။ ဒါပေမဲ့လည်း ကြားနာဘို့ရန် သူ့ဆီသို့ရောက်လာကြ ပါသည်။ ထိုသို့ လာရောက်ကြသူတို့၏ နှလုံးသားတွင် ရိုးသားဖြောင့်မတ်ခြင်း ရှိပါသည်။ သူတို့ဟာ ကြားနာလိုကြပါသည်။ အဘယ်ကြောင့်ဆိုသော် တစုံတစ်ခုသော ခြားနားချက် ရှိသည့်အတွက် ဖြစ်သည်။ ထိုအရာမှာ သမ္မာတရားကို အချက်ပြသော အရာပင် ဖြစ်သည်။

ယနေ့ကျွန်ုပ်တို့သည် ယေရှုခရစ်၏ မွေးဖွားခြင်းဆီသို့ချဉ်းကပ်ခြင်း အမှုအရာ ရှိသင့်ပါသည်။ ကျွန်ုပ်တို့၏ သတင်းစကား၌ သမ္မာတရားကို အချက်ပေးသောအရာ ပါသင့်ပါသည်။ ထိုအရာကသာ အသက်ရေဆာငတ်သော သူတို့ကို ဘုရားသခင်အား ရှာစေမည်ဖြစ်သည်။

18 ၁၈။ ဘုရားသခင်သည် နမူနာအဖြစ် လူတစ်ယောက်ကို ရွေးကောက်တော်မူသည်။ အတန်းပညာမရှိသော လူတစ် ဦးဖြစ်သည်။ တရက်တလေမှ ကျောင်းမနေခဲ့ရပါ။ သူ၏ အသက်ရှင်ခဲ့သည့်တောက်လျှောက် အလုံးစုံသောပရော ဖက်များအကြား အကြီးမြတ်ဆုံးသောသူ ဖြစ်ခဲ့သည်ဟု ဆိုနိုင်ပါသည်။ အမျိုးအမည် အဓိပ္ပါယ် ခွဲခြားမှု မပြုနိုင်သော အရာများကို ဘုရားသခင် ကိုယ်တော်တိုင် ခွဲခြားသတ်မှတ်ပေးတော်မူသည်။ ယေရှုခရစ်တော် ဘုရားသခင်၏ တပည့်တော်အဖြစ် ရွေးချယ်မှု ပြုသောအခါ ထိုသို့ဖြစ်ပေါ်ခဲ့ပါသည်။ တပည့်တော်များထက် ပိုမိုကောင်းမွန် သာလွန် သည့် အရည်အချင်း ရှိသူများ ပေါ်ပေါက်ခဲ့ဘူးပါသည်။ သူတို့ဟာ ဘုန်းတော်ကြီး ဝတ်ရုံများကို ဝတ်ဆင်ထားသူများပင် ဖြစ်ပါသည်။ ဒါပေမဲ့ ကိုယ်တော်ကတော့ တယောက်ကိုမှ မခေါ်ခဲ့ပါဘူး ဘုန်းကြီးဝတ်ရုံကို ဆင်မြန်းသူ တို့၏ ခေတ်ကာလက ထိုသူတို့သည် ကြီးမြတ်သူတို့ ဖြစ်ကြပါသည်။ ဘုန်းတော်ကြီးများ ပင်ဖြစ်ကြသည်။ ပညာတတ် လူတန်းစားမှလူများ ဖြစ်ကြသည်။ ထင်ပေါ် ကျော်ကြားသူများ ဖြစ်ကြသည်။ ဒါပေမဲ့ ကိုယ်တော် ဘယ်သောအခါကမှ ထိုသူတို့ကို မခေါ်ခဲ့ပါ။ ကိုယ်တော်သည် တံငါသည် အခွန်ခံတွေကိုသာ ခေါ်ခဲ့ပါသည်။ ရှေ့ဆက်ရန် ကိုယ်တော် သည် သူ၏သတင်းစကားကို ပို့ပေးခဲ့ပါသည်။ ကိုယ်တော် ထိုသို့ အစဉ်အမြဲ ပြုလေသည်။

19 ၁၉။ နောဧခေတ်ကာလ ကိုယ်တော် လယ်သမားတစ်ယောက်ကို ရွေးချယ်ခဲ့ပါ သည်။ သူလိုကိုယ်လို လယ်သမား တစ်ယောက်ဘဲ ဖြစ်ပါတယ်။ ဖျက်ဆီးခြင်းကာလ အကြောင်းကို ကြွေကြော်စေခဲ့ပါသည်။ သူလိုကိုယ်လို လယ်သမား တစ်ယောက်ပင်ဖြစ်၍ ဘုန်းကြီးဝတ်ရုံ ခြုံထားသူ မဟုတ်ပါ။ တကယ့်လယ်သမား တစ်ယောက်ပင် ဖြစ်ပါသည်။ နောဧကာလက ကိုယ်တော် ရွေးနုတ်ခဲ့သူတစ်ဦးက (သို့)ကျွန်တော့်ကို ခွင့်လွှတ်ပါ။

မောရှေ ခေတ်ကာလက ကိုယ်တော်သည် ကျွန်ပြေးတစ်ယောက်ကို ရွေးကောက်ခဲ့ပါသည်။ ဘုန်းတော်ကြီးတစ်ပါးကို ရွေးချယ်ခဲ့ခြင်း မဟုတ်ပါ။ ထိုသူ့အား ထွက်ခွာစေခြင်းဖြင့် ကိုယ်တော်သည် စိတ်ကြေနပ်ခြင်း ရှိတော်မူသည်။ သဲကန္တာရအနောက်ဖက်ခြမ်းဆီသို့ ထွက်ခွာစေခြင်းဖြစ်သည်။ သူ၏ ပညာရှိခြင်းအရာတို့သည် ဆုံးရှုံးသွားခဲ့ပါပြီ။ သူ့ရှေ့၌ မီးလောင်နေသော ခြုံပုတ်ကို ပေါ်ထွန်းစေခဲ့ပါသည်။ သူ့လက်ထဲသို့ကွေ့ကောက် လိမ်ဖယ်နေတဲ့ တုတ်ချောင်းတစ်ချောင်းကို ပို့ပေးခဲ့ပါသည်။ နိုင်ငံ တနိုင်ငံမှ နုတ်ဆောင်ခြင်းဖြစ်၍ ထိုအရာသည် ….. ထိုအရာသည် သူ့ကို ထွက်ပြေးစေခဲ့ခြင်း ဖြစ်ပါသည်။ ဘုရားသခင်သည် တစုံတစ်ခုသော နမူနာတစ်ခုကို ထုတ်နုတ်၍ သူ့ကိုယ်သူ တောက်လျှောက် အဓိပ္ပါယ်သတ်မှတ်သွားကြောင်း မြင်ရပါသည်။ ကိုယ်တော်၏ နုတ်ဆောင်မှု …… ကိုယ်တော်၏ နှုတ်ကပတ်တော်ကို ယခုပင် မြင်ရပါသည်။ ကမ္ဘာ့ပြင်ပမှာ ဖြစ်သောအရာများကို ကိုယ်တော် ပြုပြင်ခြင်း ဖြစ်၍ ပေါ်ထွန်းခြင်း မရှိသေးပါ။

20 ၂၀။ ရက်အနည်းငယ်က မောရစ်အော်ဒီတိုရစ်ယမ်မှာ ကျွန်တော် ရှိနေခဲ့ပါသည်။ ကျွန်ုပ်တို့၏ ကြီးမားသော နယူး ယောက် စည်းရုံးရေးပွဲကြီးတစ်ခုမှာဘဲ ဖြစ်ပါတယ်။ အိုင်စတိုင်းပြောကြားသော နဂါးငွေ့တန်းနှင့်ပတ်သက်သည့် စာတန်းဖတ် ပွဲတွင် ကျွန်တော် ကြားခဲ့ရခြင်းဖြစ်သည်။ ထိုအရာက ရာစုနှစ်နှင့် အလင်းနှစ် နှစ်သန်းပေါင်း (၅၀)ဆီသို့ ဆောင်ယူသွားပါသည်။ ထိုအရာမှ ထွက်ခွာမှုပြုရန် ဖြစ်သည်။ ရာစုနှစ် နှစ်သန်းပေါင်း(၅၀)ဆီသို့ပြန်ရောက်စေ ခဲ့ပါသည်။ ပြီးတော့ စဉ်းစားမိသည်မှာ ရာစုနှစ် အလင်းနှစ် နှစ်သန်းပေါင်း(၅၀)

အကြောင်းဖြစ်၍ ထိုအရာသည် အလင်းနှစ် နှစ်သန်းပေါင်း (၃၀၀) အကြောင်း ဖြစ်ပါသည်။ ထို့နောက်တွင် ဒီဘက်ကို သင်ပြန်လှည့်သောအခါ သင်၌ နှစ်(၅၀)သာ ကုန်လွန်သေးပါမည်။ စဉ်းစားပါ၊ ဘာကြောင့် ဘယ်လိုအလင်းသည် မြန်ဆန်စွာ လှည့်လည်နေပါ သနည်း။ (၁)မိနစ်တွင် (၁၈၆၀၀၀)မိုင်နှုန်း ဖြတ်သန်းသွားခြင်း ဖြစ်သည်။ ပြီးတော့ (၂)ဘီလီယံ ဘယ်လောက် (၂)ထရီယံ ဘယ်လောက်ဆိုတာကို စဉ်းစားကြည့်ပါ။ ထိုအရာသည် ဤနေရာမှ ဆောင်ယူသွားကာ တစ်ဖန် ပြန်လာ ဦးမည် ဖြစ်သည်။ အလင်းနှစ် (၁၀၀)၊ အလင်းနှစ် သန်း(၂၀) သို့မဟုတ် အလင်းနှစ် သန်း(၃၀၀)တို့ဘဲ ဖြစ်ပါမည်။ လျှမ်းလျှမ်းတောက်နေသော နဂါးငွေ့တန်းကို ဘုရားသခင်သည် သူ၏လက်တော်မှ မှုတ်တော်မူ၏။ ထိုအရာကို ကိုယ်တော်သည် အလင်းနှစ်၏ ရှည်လျားသော အချိန်ကာလ နောက်ကွယ်တွင် ထားရှိခြင်း ဖြစ်ကောင်း ဖြစ်နိုင်ပါ သည်။ ထိုအရာပေါ်တွင် အထင်သေးတော်မူသည်။

21 ၂၁။ ပြီးတော့ ရှုရှားတွေဟာ လေထဲတွင် မိုင်(၁၅၀)မှ မိုင်(၂၀၀)အထိ ပျံသန်းမှုအကြောင်း ပြောခဲ့ပါသည်။ ဘုရားသခင်နှင့် ဘယ်ကောင်းကင်တမန်ကိုမှ မတွေ့ကြောင်း သူတို့က ပြောပါသည်။ လူသည် မည်မျှ ရိုးစင်းသောအ ရာကို ရနိုင်ပါသနည်း။ ပြီးတော့ သူတို့၏ (၂)ဘီလီယံ၊ (၂)ထရီယံ အကြောင်းကို အားလုံးကို စဉ်းစားမှုပြုပါ။ ဒီနေရာ မှာ နှစ်(၅၀)သာရှိပါ သည်။ သူဘာလုပ်ခဲ့လဲဆိုရင် ထာဝရတည်သောအရာကို ချိုးဖျက်ခဲ့ခြင်း ဖြစ်သည်။

ဒီအာကာသယာဉ်ဟာ သွားခဲ့ဘူးသည်ဟု သူတို့ဆိုပါသည်။ အချိန်နာရီများစွာ သွားခဲ့ဘူးခြင်း ဖြစ်သည်။ အများကြီး ရောက်ခဲ့ ဘူးပြီ ဖြစ်သည်။ ကမ္ဘာကို (၁၇)ကြိမ်ပတ်ခဲ့ဘူးပြီဖြစ်သည်။ အဲဒါ ဘာဖြစ်ဖြစ် သူတို့က ဘယ်လိုမှ မဖြစ်နိုင်ဟု ဆိုပါသည်။ … ထိုအရာသည် သူဘဝ၏ တစ်စက္ကန့်ပင် မဟုတ်ပါ။ သူသည် အချိန်နှင့် လှည့်ပတ်ခြင်း ဖြစ်သည်။ ထို့ကြောင့် သင်မြင်ရမည်မှာ သင်ဟာ ထာဝရတည်သောအရာကို ချိုးဖေါက်နေသည် ဆိုသောအရာပင် ဖြစ်သည်။ ထိုအရာသည် ဘုရားသခင်၏ ကြီး မြတ်မှုပင် ဖြစ်သည်။

ကျွန်ုပ်တို့၏ စိတ်ဝိညာဉ်သည် ကိုယ်တော် မည်မျှကြီးမြတ်သည်ကို နားလည် သဘောပေါက်နိုင်မည်မဟုတ်ပါ။ ကိုယ်တော်သည် သူ့ကိုယ်သူ ဖွင့်ပြရန် အဆင်သင့်သောအခါ ရိုးရှင်းမှုကို ပြုလုပ်ပါသည်။ ရိုးရှင်းသောအရာတစ်ခုကို ဆောင်ရွက်ခြင်းဖြင့် ဖြစ်ပျက်စေတော်မူသည်။ ထိုအရာသည် ရိုးရိုးရှင်းရှင်းပင် ဖြစ်သည်။

22 ၂၂။ ဒါဝိဒ်ကို မြင်ရခြင်းဖြစ်သည်။ ……. ဂျက်ဆီ၏သား (၇)ယောက်လုံးထဲမှ ပရောဖက်၏ ရွေးနုတ်မှု၊ ဆောင်ယူမှု မတိုင်မီ နောက်ဆုံးသောသူတစ်ယောက် ဖြစ်သည်။ အဘယ်ကြောင့် သူ့ကိုယ်ပိုင် အသိုက်အမြုံကပင် သူ့ကို လျှောင်ရယ်ကြ ပါသနည်း။ သူတို့သည် ကြည့်ရတာ ညှင်းသိုးသိုး ပုံစံဖြစ်နေသည့် ဒါဝိဒ်ကို စိတ်ကူးမကြည့် ခဲ့မိပါ။ ဒါဝိဒ်၏ လက်ပြင်သည် အနည်းငယ်ကိုင်း၍ ညှင်းသိုးသိုး ပုံပေါက်နေသော လူတစ်ယောက် ဖြစ်ပါသည်။ ထိုသို့သော လူသည် ဣသရေလ၏ ဘုရင်မင်းမြတ် ဖြစ်လေသည်။ လူအများက သူ့ကို ဘုရင်တပါးလို့ရှုမြင်ခဲ့သည် မဟုတ်ပါ။ သို့သော် ဘုရားသခင်၏ အမြင်ဖြင့် ကြည့်လျှင် သူသည် ဘုရင် ဖြစ်ရမည့်သူပင် ဖြစ်သည်။ အကြောင်းကတော့ … သူတို့သည် ….. ကိုယ်တော်သည်သူ့ကို ဘုရင်အဖြစ် ဘိသိတ်ပေးခြင်းကြောင့် ဖြစ်သည်။ ဘယ်လိုဘဲ ဖြစ်ဖြစ်ပင် ဖြစ်သည်။ သိမြင်ရမည်မှာ ကိုယ်တော်သည် ရိုးရှင်းသော ဒါဝိဒ်၏ မိသားစုမှ ရွေးနုတ်တော်မူသည် ဆိုခြင်းဖြစ်သည်။ တနည်းအားဖြင့် ဂျက်ဆီ၏ မိသားစုမှ ဖြစ်သည်။ ဘုရင် ဖြစ်စေခဲ့ပါသည်။ တစ်စုံတစ်ခုသော လောကဓါတ်အ ရာတို့သည် ပယ်ချခြင်း ခံရတတ်သည်။ …. သူ့ထံသို့သိုးကျောင်းပြန်လာရာမှ သူ့တစ်ယောက်ကို ပို့ဆောင်ပေးခဲ့ပါ သည်။ ထိုသူ၏ သားကို ပထမဆုံး ရွေးနုတ်မှုပြုရန် ရှေ့ဆက်ပါသည်။ ထိုသူကို ကြည့်ရသည်မှာ တောင့်တင်းခိုင်မာမှု ကို ဖေါ်ပြနေသည်။ အလားအလာရှိသူအဖြစ် မတ်တပ်ရပ်လိုက်ရာ တည့်မတ်၍ ပုံစံတကျ ရှိလှကာ ကြည့်ရတာက ဣသရေလ၏ ဘုရင်မင်းမြတ်နှင့် တူနေပါသည်။ အဲဒီ တစ်ယောက်ကို လူတွေက ကြည့်လို့ကောင်း ၍သူ့ခေါင်းပေါ်၌ သရဖူရောက်မည်ဟု ထင်ခဲ့ကြပါသည်။ ထိုလူကို ရှင်ဘုရင် ဝတ်ရုံအဆောင်အယောင် ဝတ်စုံဝတ်ဆင်၍ မူးမတ်အ ပေါင်း ခြံရံစေမည်ဟု သူတို့ ထင်ခဲ့ကြပါသည်။ ဘယ်လိုဘဲဖြစ်ဖြစ် ရှင်ဘုရင်တပါးတော့ ရှိရမည်ဖြစ်သည်။ ထိုသူသည် လူတို့၏မျက်စိ၌ အလွန်ကြည့်ကောင်းသူ ဖြစ်ပါသည်။

23 ၂၃။ ဒါပေမဲ့ ပရောဖက်က သူ၏လက်မှ ဘိသိတ်ပေးရန် ဆီနှင့်အတူ သင့်မှာ အခြားသောသား တစ်ယောက်မှ မရှိတော့ဘူးလား။“ ဟုဆိုပါသည်။ နောက်ပြီး သူက သူတို့ တစ်ယောက်စီ တစ်ယောက်စီကို နောက်ဆုံးတစ်ယောက် တိုင်အောင် ရွေးထုတ်မှု ပြုပါသည်။ ”သင့်မှာ အခြားသောသားတစ်ယောက် ရှိသေးလားဟု မေးပါသည်။“

သူကလည်း “ကျွန်တော့်မှာ နောက်တစ်ယောက်တော့ ကျန်ပါသေးတယ်။” ဟုပြောပါသည်။ သူက ဘာမှ မဟုတ် သော်လည်း သူလည်းဘဲ ဖြစ်ကောင်း ဖြစ်နိုင်ပါသေးသည်။ သူကတော့ အနည်းငယ် မစိုပြေသော ငတိငနဲ တစ် ယောက်ပင် ဖြစ်ပါသည်။ ကျွန်တော်တို့က သူ့ကို သိုးကျောင်းခိုင်းထားခြင်း ဖြစ်တယ်ဟု ဆိုပါသည်။

ပရောဖက်ကြီးက “ထိုသူကို သွားခေါ်ခဲ့”ဟု ဆိုပါသည်။ မကြာခင်မှာဘဲ သူ၏မျက်လုံး၌ ပရောဖက် ဘိသိတ်သွန်းရ မည့်အရာ သက်ရောက်လာပါသည်။ ထိုသူ၏ ဦးခေါင်းပေါ်သို့ဆီကို လောင်းချလိုက်ပါသည်။ ထိုသူနှင့် တွေ့ဆုံရန် ပြေးပါသည်။ “ဒီတစ်ယောက်ကို ဘုရားသခင် ရွေးချယ်တော်မူသည်ဟု ဆိုပါသည်။ ကြည့်ပါ။ သိမြင်ရမည်မှာ ကမ္ဘာကြီးသည် အမြဲတစေ ရွှေရောင်အဆင်း ဖြစ်မနေဘူးဆိုသောအရာပင် ဖြစ်သည်။ ဘုရားသခင်သည် ရွေးကောက် တော်မူသည်။ ကိုယ်တော်သည် ကျေးဇူးတော်အားဖြင့် ရွေးချယ်တော်မူသည်။

ကိုယ်တော်၏ ကျေးဇူးတော်အားဖြင့် ရွေးချယ်တော်မူခြင်း ဖြစ်သည်။ ဒါကြောင့် ထိုသို့သောအရာအတွက် ဤမနက် ခင်းတွင် ကျွန်ုပ်တို့ ကျေးဇူးတော် ချီးမွမ်းမိပါသည်။ ထိုအရာသည် ထိုသို့သော ရွှေရောင်လွှမ်းသည်။ ကြီးကျယ်ခမ်းနား သောအရာများကို နုတ်ယူမသွားခဲ့ပါ။ နှိမ့်ချခြင်း ရှိခြင်းဖြင့် ခရစ်တော်၏အစေကို ခံနိုင်သူတစ်ယောက် ဖြစ်နိုင်ပါသည်။ ကိုယ်တော်၏ အလိုတော်အရ တစ်စုံတစ်ယောက်သည် ဖြစ်ပွားမှု ဖြစ်ပါသည်။

24 ၂၄။ ဘုရားသခင်သည် သူ့ကို ဘိသိတ်ပေးတော်မူသည်။ အနည်းငယ်သောအရာကို ဖြစ်ပွားစေတော်မူသည်။ ယခု ဘာကြောင့် ကိုယ်တော်သည် ဗက်လင်မြို့ငယ်၌ ဖြစ်ပွားစေတော်မူသနည်း? မြင်ရသည်မှာ ကြီးကျယ်ခန်းနားသော ဘုရင်နေရာ၌ တည်ရှိနေခြင်းနှင့် ဆင်တူနေပါသည်။ ကြီးကျယ်မြင့်မြတ်သော ဘုရင်တကာတို့၏ဘုရင် ဖွားမြင်တော် မူခြင်း ဖြစ်သည်။ များသောအားဖြင့် ကျွန်တော်တို့ဟာ ဤကမ္ဘာပေါ်ရှိ ပွဲလမ်းသဘင်များတွင် အကျွမ်းတဝင် ရှိနေ တတ်ပြီ။ ထိုသို့ သောအချိန်၌ ကျွန်ုပ်တို့သည် အမြင့်ဆုံး အထွဋ်အထိပ်သို့ ရောက်အောင် ကြိုးစားကြပါမည်။ ကျွန်ုပ်တို့စဉ်းစားမိသောအရာများမှာ များသောအားဖြင့် တဖိတ်ဖိတ်တောက်နေသော အရာများကို ဖြစ်သည်။ အကြီးမြတ်ဆုံး သောနေရာသို့ရောက်အောင် ထိုအရာကို ကျွန်ုပ်တို့ယူဆောင်ကြပါသည်။

ပိုက်ဆံများများ သုံးကြပါသည်။ များသောအားဖြင့် စံနစ်တကျ အကွက်ချထားသော အရာများဖြစ်သည်။ ထိုသို့သော အရာသည် ကျွန်ုပ်တို့ဆောင်ရွက်သော လမ်းကြောင်းပင် ဖြစ်သည်။ သို့သော် ဘုရားသခင်သည် ထိုလမ်းကြောင်းကို အမှုမပြုပါ။ ကိုယ်တော်သည် ဘာမှ မဟုတ်သော တစ်စုံတစ်ခုကို ရွေးကောက်တတ်ပါသည်။ ကိုယ်တော်သည် သူတတ်စွမ်းနိုင်သော အင်အား ကြီးမားသည့်အရာကို သူ့ဖာသာသူ ဖော်ပြမှု ပြုနိုင်သည်။ ကိုယ်တော်သည် သူ၏တ ပည့်တော်အဖြစ် ရွေးကောက် ခေါ်ယူမှု ပြုသောအခါ ထိုနေ့ရက်များ၌ မြင့်မြတ်သော ဘုန်းတော်ကြီးများ၊ သို့မဟုတ် ကောင်းစွာ လေ့ကျင့်ပျိုးထောင်မှု ပြုရသူများအစား မထင်မှတ်ထားသူများ၊ မိမိနာမည်ကိုတောင် မရေးသားနိုင်သည့် တံငါသည် စာမတတ် ပေမတတ်များကို ရွေးကောက်ခဲ့ခြင်း၊ ဖြစ်သည်။ သူတို့က “အို အဲဒါက တွေ့ရသလောက် သင်၏ ပညာအရည်အချင်းကို စွန့်လွှတ်ရခြင်းပင် မဟုတ်ပါလား” ဟု ဆိုပါမည်။ ဒါပေမဲ့ ဘုရားသခင်သည် သူ့နာမည် ကိုတောင်သူ မရေးတတ်သူကို ရွေးကောက်တတ်ပါသည်။ ကိုယ်တော်သည် သူ၏လက်တော်၌ရှိသော တစ်စုံတစ် ခုသောအရာကို ရွေးကောက်တော်မူသည်။ ကိုယ်တော်သည် တစ်စုံတစ်ခုကို ဖြစ်ပေါ်စေတော်မူသည်။ သူဘုရားဖြစ် ကြောင်းကို ပြရန်ဖြစ်သည်။ ကျွန်ုပ်တို့နေရာတစ်ခုကို ရသောအခါ ကျွန်ုပ်တို့နားလည်ရမည့်အရာမှာ ကျွန်ုပ်တို့ဘာမှ မဟုတ်ဘူးဆိုသောအရာပင် ဖြစ်သည်။ ပြီးတော့ ဘုရားသခင်၏ လက်တော်၌သာ ရှိခြင်းဖြစ်သည်။ ကိုယ်တော် သင့်ကို ပုံသွင်းမှု ပြုနိုင်သည်။ ကိုယ်တော်သည် သူ့အလိုရှိသောလမ်းကို သင့်အား ပဲ့ပြင်တော်မူသည်။ သို့သော် တဆက်တည်းတွင် ကျွန်ုပ်တို့ဟာလည်း အရေးပေါ အရာရောက်သည်ကို ခံစားရခြင်း ဖြစ်သည်။ ပြီးတော့ ဘယ်နေရာကိုမှ ကျွန်ုပ်တို့ရရှိမှာ မဟုတ်ဆိုသော အရာပင်ဖြစ်သည်။ သင်၏ ဘုရားသခင်၏ လက်တော်၌ နေရာမကျသေးခင်အချိန်အထိ သင်ဟာ အရေးမပါသေးဘူး ဆိုတာ သဘောပေါက် နားလည်ရပါမည်။

25 ၂၅။ ကျွန်ုပ်သမီးကလေး တစ်ယောက်က အရေးကြီးသော အရာအကြောင်းကို မေးမြန်းခဲ့ပါသည်။ ကျွန်တော် ပြောတာက ….. ကောင်းပြီ၊ အချို့အရေးပါသူများ အကြာင်းပြောခဲ့ခြင်း ဖြစ်သည်။ ကောင်းပါပြီ။ သမ္မတကြီး တယောက် အသတ်ခံရခြင်း အကြောင်းပင် ဖြစ်ပါသည်။ ထိုအရာအတွက် ကျွန်ုပ်တို့နှလုံးသားသည် ဝမ်းနည်းပူဆွေး ခဲ့ပြီး ဖြစ်သည်။ ကျွန်တော် ပြောခဲ့တာက “ကောင်းပါပြီ၊ ထိုသူသည် အရေးပါအရာရောက်သူ တစ်ယောက်ပင် ဖြစ်ခဲ့ပါသည်။ သတင်းစာတွေက ထိုအကြောင်း ရေးသားကြသည်။ ရုပ်မြင်သံကြားတို့၏ ပြစ်မှတ်ဖြစ်ခဲ့သည်။ ထိုအ ကြောင်းကို ဒေါ်လာဘီလီယံများစွာ အကုန် အကျခံ၍၊ ထုတ်လွှင့်ရေးသားကြခြင်း ဖြစ်သည်။ ထိုအရာမှာ၊ ထိုအရာ အားလုံးမှာ မှန်ကန်မှု ရှိပါသည်။ ထိုအရာသည် သူတို့၏ စီးပွားရေး လုပ်ငန်းပင် ဖြစ်သည်။ ဒါပေမဲ့ ကျွန်တော် ပြောခဲ့ပါ သည်။ …… ဒီ ကယ်လီဖိုးနီးယား ဒေသရှိ၊ အနည်းငယ် သော နိုးထတက်ကြွစွာ တရားဒေသနာ ဝေမျှတတ်သူ အ ကြောင်းဘဲ ဖြစ်ပါသည်။ ထိုနေရာမှာ သူလမ်းလျှောက်ခဲ့ပါသည်။ သောက်ထားပါသည်။ သူ့မှာ သေနတ်လည်း ပါပါ သည်။ သူ့မိန်းမကို ခေါ်ဘို့ဘဲ ဖြစ်ပါတယ်။ တရားဟောပလ္လင်တည့်တည့်ကို ပစ်ထည့်လိုက်ပါသည်။ နောက်ပြီး သူ့မိန်းမကိုကော၊ သူ့ကိုယ်သူပါ ပစ်သတ်၍ သေပါ၏။ ထိုသို့ ကြီးကျယ်သော ကိစ္စကို သတင်းစာ၏ အနောက်ဖက် နေရာသေးသေးလေးတွင် ထည့်ပါသည်။ ကျွန်တော် သင့်ကို ပြောပါမယ်။ ညီအစ်ကို ကျွန်တော်တို့၊ ညီအစ်ကို ကျွန်တော်တို့ဘာဆိုတာ အကြောင်း မဟုတ်ပါဘူး။ ”သင်ဘယ်လောက် အရေးပါလဲဆိုတာ သင်သိလိုပါသလား?“ ကျွန်တော် သမီးငယ်လေးကို ပြောခဲ့ပါသည်။ ”သင်၏ လက်ချောင်းကို ရေပါသော ပုံတပုံးထဲသို့ထိုးစိုက်လိုက်ပါ။ ထိုအရာကို အပြင်သို့ ဆွဲထုတ်ပါ။ အပေါက်ကို ရှာဘို့ကြိုးစားခြင်းပင် ဖြစ်သည်။“ ကျွန်ုပ်တို့ဟာ ဘာမှ မဟုတ်ပါဘူး။ တစ်ခုတည်းသော အရေးပါသည့်အရာမှာ ဘုရားသခင်ပင် ဖြစ်ပါသည်။ ကိုယ်တော်သာ တစ်ခုတည်းသောအရာဖြစ် သည်ကို ကျွန်ုပ်တို့သိရပါမည်။

26 ၂၆။ သူတို့ကို ကြည့်ရသည်မှာ ထိုသို့ဖြစ်ရန် အလိုရှိပုံရသည်။ ….. လူသည် ဘုရင်အဖြစ် မွေးဖွားရမည်ဟု ကြိုတင် ခွဲခန့် မှတ်သားထားခြင်း ခံရပြီးသား ဖြစ်သည်။ အရှင်မင်းမြတ်အတွက် ခန်းနားသော ဘာသာရေးဆိုင်ရာ နေရာဒေသများနှင့် သမိုင်းဝင်နေရာ ဌာနများအစား ဗက်လင်မြို့ငယ်ကိုသာ အစားထိုးခဲ့ခြင်းဖြစ်သည်။ နေရာဒေသ များသည်၊ အဖြစ်အပျက်များ အတွက်၊ ရှိလောမြို့နှင့် ဆင်တူနေပါသည်။ ရှိလောအရပ်သည် ကနဦး ပဋိညာဉ်သေတ္တာ တည်နေရာ အရပ်အဖြစ် ကျွန်ုပ်တို့သိခဲ့ကြပါသည်။ ကျွန်ုပ်တို့သည် ပါလစတိုင်းဘက်သို့ အခြမ်းသို့ဂျော်ဒန်ကို ဖြတ်ကူး၍ သွားနိုင်ပါသည်။ သို့ဖြင့် ကနဦး ပဋိညာဉ် သေတ္တာနေရာကျရာ ဝတ်ပြုကိုးကွယ်ရာအရပ်သို့ရောက်မည်ဖြစ် သည်။ သို့မဟုတ် ဂေဂဲအရပ်၊ ဇိအုန်အရပ်သည် ကြီးမြတ်သော အရပ်ဖြစ်သည်။ ဂေဂဲအရပ်သည်လည်း ထိုနည်းငှင်း ပင် ဖြစ်သည်။ သို့မဟုတ် ဂုဏ်ယူဝင့်ကြွားစရာ ကောင်းသည့် မြို့တော်ကြီး တစ်နေရာပင် ဖြစ်သည်။ ထိုမြို့မှာ ယေရုရှလင်မြို့ပင် ဖြစ်သည်။ ထိုမြို့နေရာ၌ အဖွဲ့အစည်းတို့၏ ဌာနချုပ် ပေါင်းစုံ ဖြစ်ကြသည်။ သူတို့၏ ဌာနချုပ် ရုံးစိုက်ရာ နေရာဖြစ်သည်။ သူ တို့ အမြင်၌ ဘုန်းကြီးသော ရှင်ဘုရင်တစ်ဦး ဖွားမြင်ရန်အတွက် ယေရုရှလင်မြို့တော်၌ အခြေပြု နေရာယူမည်ဟု ယူဆလိုက်ပုံရပါသည်။ အကယ်၍ နေရာဌာနတစ်ခုကို သူ တို့ လိုချင်မည်ဆိုပါက သမိုင်း ဝင်နေရာ သို့မဟုတ် ခန်းနားပြည့်စုံသော နေရာတနေရာ ရှိနေပါသည်။ ထို ယေရုရှလင်မြို့ နေရာသည် ဘာသာရေး ဆိုင်ရာ ဌာနချုပ်များ ပေါင်းဆုံရာနေရာဖြစ်သည်။ သူတို့၏ ဘာသာအရ၊ ဘုရင်ကြွလာမည် ဖြစ်သည်။ ထိုပုဂ္ဂိုလ်၏ ကြွလာတော်မူခြင်းသည် သူတို့၏ အမှုပြုသောအခါ လူတို့တွက်ဆ အခြေပြုရာ နေရာဖြစ်သည့် ယေရုရှလင်မြို့ (သို့) ကြီးမားသော သမိုင်းဝင်နေရာ တနေရာအစား ဗက်လင်မြို့၌သာ ကိုယ်တော် မွေးဖွားခဲ့ပါသည်။ မြို့တကာမြို့ထဲ၌ အသေးဆုံး မြို့ငယ်ဖြစ်သည်။ “ကယ်တင်တော်မူသော ကိုယ်တော်ရှင် သင်သည် ယုဒမင်းဦးမင်းလျာများ ထဲ၌ သေးငယ်ဆုံးသော သူပင်ဖြစ်သည်တကား၊ သို့သော် သင်ဟာ အုပ်ချုပ်သူတစ်ယောက် အနေနှင့် ကြွဆင်းတော်မူခြင်း သည် ကျွန်ုပ်တို့ လူသားများကို ပညတ်တရား ပြဌါန်းဘို့ဂုန် ဖြစ်ပါသည်။ ကြီးကျယ်ခမ်းနား၍ ဂုဏ်ယူဖွယ်ရာ ယေရုရှလင်နှင့် အခြားမြို့တော်အားလုံးသည်

ငြင်းပယ်ခံခဲ့ရပါသည်။”

27 ၂၇။ (သို့) အချို့သော ခိုလှုံရာ နေရာများ ရှိကောင်း ရှိနိုင်သေးသည်ဟု သူ တို့ ယူဆထားပုံရသည်။ ဟေဘုံ၊ ကဒ်ဒတ်နှင့် ရမုတ် - ဂီလီမြို့တို့ကဲ့သို့ကြီးကျယ်ခမ်းနားသော နေရာများ ဖြစ်သည်။ ထိုသို့သော ခမ်းနားကြီး ကျယ်သည့် ခိုလှုံရာ မြို့တော် များထဲမှ မြို့တစ်မြို့ပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်သည် ကျွန်တော် တို့ ခိုနားစရာ အကြောင်းပေတည်း။ အကယ်၍ ကျွန်ုပ်တို့၏ စိတ်သဘော၌ ကြိုးစား၍ နေရာချမည်ဆိုပါက ကျွန်ုပ်တို့၊ ထို သို့ သဘောထားနိုင်ကောင်း သဘောထားနိုင်ပါသည်။ “ကောင်းပြီ၊ ယခု၊ ဤကြီးမြတ်သော ဘုရင်မင်းမြတ် ကြွဆင်းတော်မူမည်ဆိုပါက၊ ကျွန်တော်တို့ကို ခိုလှုံစရာ အကြောင်း ဖြစ်လာစေရန် ဖြစ်သည်။ ကိုယ်တော်သည် အောက်မေ့သတိယစရာ ခမ်းနားသောနေရာ တစ်နေရာရာတွင် မွေးဖွားဘိဖြစ်ပါသည်။ ရာမုတ် - ဂီလိလို ကာဒတ် မြို့လို ဒါမှမဟုတ် ထိုသို့သော မြို့တစ်နေရာရာ၌ ဖြစ်သင့်ပါသည်။ ”ထို သို့ သောအရာကို ကျွန်ုပ်တို့၏ စိတ်နှလုံး၌ ကြိုးစား၍ နေရာချခဲ့ကြပါသည်။ သို့သော်၊ သင်မြင်ရမည်မှာ၊ ဘုရားသခင်သည် အခြားသောနည်းလမ်းများဖြင့် အမှုပြုသောအရာများ ဖြစ်သည်။ ကိုယ်တော်သည် ဘယ်လို ဖြောင့်မတ်အောင် လုပ် ဆောင်ရမည်ကို သိတော်မူမည်။ ယခု ဘုရားသခင်၏ စိတ်တော်နှင့် ဘုရားသခင်၏ မစတော်မူခြင်းအားဖြင့် အဘယ်ကြောင့် ဤသို့သော အရာဖြစ် ထွန်းသည်ကို ကျွန်တော်တို့သည် ကြိုးစား၍ မြွတ်ဆိုကြမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ခပ်သိမ်းသော အရာတို့သည် ဘုရားသခင်၏ ကြီးမြတ်သော အကြံအစည်အောက်၌ အတိအကျ အမှန်ဖြစ်ထွန်း ပေါ်ပေါက်ကြ ရခြင်းကြောင့် ပေတည်း။ ဖီးနစ်ငှက် တည်ရှိရာ ဤနေရာရှိ သင်တို့ လူအများကို ကျွန်တော် အလိုရှိသည်မှာ ဤအရာ ကို ရရန် နည်းလမ်းတဝက် ကြိုးစားမှု ပြုစေလိုခြင်းဖြစ်သည်။ ထိုအရာက အမှတ်ရစေသည်။ ဘုရားသခင်သည် သူဘာအမှုပြု သည်ကို သူသိသည်။ သိမြင်ရပါမည်။ ထို့ပြင် ကိုယ်တော်သည် အမှုပြုရန် ရိုးရှင်းသော အဓိပ္ပါယ်ကို ကောက်နုတ် ဖေါ်ပြတတ်သည်။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်သည် တစ်စုံတစ်ခုကို အမှုပြုတော်မူမည်ဆို လျှင်၊ အချို့ကြီးကျယ်မြင့်မြတ် သာလွန်ကောင်းမွန်သော တစ်စုံတစ်ခုသောအရာအားဖြင့် အလုပ်လုပ်တော်မူခြင်း ကြောင့် ဖြစ်သည်။ ပြီးနောက် .... ဘုရားသခင်သည် ထိုကဲ့သို့သော ကိစ္စမျိုးကိုလည်း ဘယ်တော့မှ မဆောင်ရွက်ပါ။ ကိုယ်တော်သည် အလုံးစုံသော သမ္မာကျမ်းစာ၏ သမိုင်းကျောင်းအတိုင်း ဘယ်တော့မှ ပြုမူဆောင်ရွက်လေ့ မရှိပါ။ ဘုရားသခင်သည် ဘယ်တော့မှ အပေးအယူ သဘောမျိုး မဆောင်တတ်ပါ။ ဘယ်အချိန်မဆို ထို သို့ မလုပ်ဆောင် တတ်ပေ။ မည်သို့သော လူအုပ်စု၏ လုပ်ဆောင်ချက်မျိုးမဆိုတွင် ဖြစ်သည်။ ဘုရားသခင်သည် တဦးစီ တယောက်စီ ကို ရွေးကောက်တော်မူသည်။ အကြံအစည်ကို ဘယ်တော့မှ မပြောင်းလဲတတ်ပါ။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်၏ ကနဦးအစီအစဉ် ဖြစ်သောကြောင့်ပေတည်း။ ကိုယ်တော်သည် အစဉ်အမြဲ ထိုသို့သော အကြံအစည်နှင့် အတူ ကျန်ကြွင်းစေတော်မူသည်။

28 ၂၈။ နောဧခေတ်ကာလ၌ ကိုယ်တော်သည် လူတစ်ယောက်ကို ပိုင်ဆိုင်ခဲ့သည်။ ထိုအမှုမှာ နောဧဖြစ်သည်။ ထိုနေ့ရက်ကာလများ၌ ကိုယ်တော်သည် ဣသရေလတို့ကို နုတ်ဆောင်တော်မူမည်။ ကိုယ်တော်ဟာ လူတစ် ယောက်ကို ပိုင်ဆိုင်ခဲ့ပါသည်။ ထိုသူမှာ မောရှေဖြစ်သည်။ ကျွန်ုပ်သည် ဒါသန်ကို သိပါသည်။ အခြားကြိုးစား၍ စဉ်း စားရမည့်အရာများစွာ ရှိပါသည်။ ကောင်းပါပြီ။ သူတို့ဟာ တူညီတဲ့ သြဇာအာဏာ သက်ရောက်ခြင်း ခံကြရသူများ ဖြစ်သည်။ ဒါကြောင့်လည်း ရှေ့ဆက်ခရီးနှင် ခဲ့ကြပါသည်။ သူတို့၌ ဘာတွေဖြစ်ပျက်တယ်ဆိုတာ သင်သိပါတယ်။ ကိုယ်တော်ရှင် ကြွလာတော်မူသော နေ့ရက်ကာလများ ဖြစ်သည်။ ရှင်ယောဟန် ဗတ္တိဇံခံရာ နေ့ရက်ဖြစ်သည်။ ခြားနားချက်တခုမှာ ကိုယ်တော်သည် ပိုင်ဆိုင်သောအရာ တစ်ခုချင်းစီ အဖြစ် အလုပ်လုပ်တော်မူခြင်း ဖြစ်သည်။ ပြီးတော့ ကိုယ်တော်သည် ယ နေ့ ကျွန်တော်တို့ တဦးချင်း တစ်ယောက်ချင်းစီနှင့် အပေးအယူ ပြုတော်မူသည်။ အဖွဲ့တစ်ဖွဲ့ဖွဲ့၍ အပေးအယူ ပြုခြင်းမဟုတ်ပါ။ လူတစ်ယောက်ချင်းစီနှင့် ဖြစ်သည်။ သင်နှင့် ကျွန်တော်တို့နှင့်အတူ ရှေ့ဆက်သွားမည် ဖြစ်သည်။ ဘုရားသခင် အမှုပြုတော်မူခြင်း မတိုင်မီ ကျွန်တော်တို့ဘယ်လိုရပ် တည်ကြပါ မည်နည်း။ အကြောင်းကတော့၊ ကိုယ်တော်သည် သင်နှင့် ကျွန်တော် တစ်ယောက်ချင်းစီကို အပေးအယူ သဘော တူညီမှု ရယူလိုသောကြောင့် ဖြစ်သည်။ ကျွန်တော်တို့စုဝေးရာ အဖွဲ့တစ်ဖွဲ့နှင့် သဘောတူညီမှု ရယူလိုခြင်း မဟုတ်ပါ။ ကျွန်တော်တို့ပါဝင်သော ဂိုဏ်းဂဏ၊ အသင်းတော် တပါးပါးနှင့် မဟုတ်ပါ။ ဒါပေမဲ့ သင်နှင့် တစ်ယောက်ချင်း ကျွန်တော်နှင့် တစ်ဦးချင်း အပေးအယူ သဘောတူညီမှု ရယူလိုခြင်းဖြစ်သည်။

29 ၂၉။ ယခု ယောရှုသည် မြေကြီးကို ခွဲဝေမှုပြုပါသည်။ အစိတ်အပိုင်းငယ်တခုကို ယုဒထံသို့ပေးပါသည်။ များစွာ သော သင်တို့နှင့် ကျွန်တော်ဟာ ဤနေရာရှိ အနည်းငယ် စိုးစဉ်းမျှသောနေရာ၌ နေရာကျခြင်းဖြစ်သည်။ ဒါပေမဲ့ ကျွန်တော်တို့အားလုံးဟာ ထိုသို့ဖြစ်ရမည်ဟု သိရှိကြပါသည်။ ဒေါင့်ချိုးနေရာတွင် ထိုင်နေကြပါသည်။ နေရာငယ် လေးတစ်ခုကို သူ တို့ ပေးအပ်ခဲ့ပါသည်။ ယောရှုက မြေကြီးကို ခွဲဝေမှုပြုပါသည်။ ယုဒအမျိုးကို ပေးအပ်ခဲ့ခြင်း ဖြစ်သည်။ ယခု အစ္စရေးတွေဟာ ဂျော်ဒန်မြစ်ကို ဖြတ်ကူးနေချိန် ဖြစ်သည်။ ထိုအရာကို ဖမ်းဆီးမှုပြုရန် ကြိုးစား ကြပါသည်။ ယခု အစ္စရေးတွေဟာ နယ်မြေ ဖြတ်ကျော်မှု ပြုနေသောအချိန်ဖြစ်သည်။ ဂတိထားရာ မြေကြီးရှိပါသည်။ ကျွန်တော်တို့ တပါးအမျိုးသား ဖြစ်သော ပြည်တန် ဆာ ရာခပ်ကို သိကြပါသည်။ ထိုမိန်းမသည် သနားညှာတာမှုပြုရန် တောင်းဆိုခဲ့ပါသည်။ သူမသည် စာနာ ထောက်ထားမှုကို ခံခဲ့ရပါသည်။ ကြက်သွေးရောင် ကြိုးထုံးတခုကို တွဲလောင်းချထားခြင်းအားဖြင့် ကယ်ဆယ်ခြင်းကို ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ အမှတ်သင်္ကေတ တခုက သူမကို သက်ညှာထောက်ထားမှု ပေးခဲ့ခြင်း ဖြစ်သည်။ ယ နေ့ ကျွန်တော်တို့မှာလည်း အမှတ် သင်္ကေတ တခုရှိပြီ ဖြစ်သည်။ ကျွန်ုပ်တို့သည်လည်း ကျွန်ုပ်တို့၏ ကြက်သွေးရောင် ကြိုးထုံးကို တွဲလောင်းချထားခြင်းအားဖြင့် ကယ်ဆယ်မှုကို ခံကြရပြီး ဖြစ်သည်။ ယေရှုခရစ်တော်၏ အသွေးတော်ပင် ဖြစ်သည်။ တဦးတယောက်ချင်းစီ အလိုက်ဖြစ် သည်။ အုပ်စုလိုက် မဟုတ်ပါ။ ကျွန်တော်တို့ တစ်ဦးတစ်ယောက်ချင်းစီ၌ ယေရှုခရစ်တော်၏ အသွေးတော်ဖြစ်သော ကြက်သွေးရောင်၊ အနီရောင်ကြိုးထုံးကို တွဲလောင်းချထားရမည်ဖြစ်သည်။

30 ၃၀။ ထို့ပြင် ဤပြည့်တန်ဆာ ရာခပ်သည် ချမ်းသာရာ ရစေခဲ့ပါသည်။ သူနှဲပတ်သက်သည့် လူအားလုံးကို အထဲ တွင် စုရုံးစေခဲ့ပါသည်။ အရာအားလုံးသည် တွဲလောင်းချထားသော ကြိုးထုံးကြောင့် သက်သာရာ ရခဲ့ပါသည်။ အီဂျစ်ပြည်ကို အမှုပြုသော ဘုရားသခင်၏ အချိန်နာရီနှင့် ဆင်တူမှုရှိပါသည်။ အလုံးစုံသော အသွေးအောက်၌ ကယ်တင်ခံရခြင်းဖြစ်သည်။ ကြက်သွေးရောင် ကြိုးထုံးအောက်၌ အလုံးစုံ သက်ညှာရာ ရခြင်းဖြစ်သည်။ ယေရှု ခရစ်တော်၏ အသွေးတော်အားလုံး အလုံးစုံသော အရာတို့သည် ကယ်တင်ခြင်း တို့ခံကြရသည်။

ထိုအရာမှ ထုတ်ခွာမှုပြုလျှင် ဆုံးရှုံးခြင်းသို့ရောက်မည်ဖြစ် သည်။ ပျက်စီးခြင်းသို့ရောက်ရန် အသင့်အနေအထား ဖြစ်သွားပါမည်။ ယခု ကျွန်တော်တို့ရှာဖွေမှုကို ပြုမည်ဖြစ်သည်။ ဤအရာကို ဆောင်ရွက်မှာဘဲဖြစ်သည်။ …… ပြီးတော့ ကျွန်တော်တို့သည် ထွေရာလေးပါးကိစ္စဖြင့် သူမရုံးတင် စစ်ဆေးခံခဲ့ ရကြောင်းကို သမိုင်းအထောက်အထား အားဖြင့် နားလည်ခဲ့ကြပါသည်။ ယခု ကျွန်တော် လူတစ်ယောက်၏ နံမည်ကို အမှန် မသိရှိတော့ပါ။ ကာလရေလ စစ်တပ်မှာဘဲ ဖြစ်ပါသည်။ သူမဟာ နောက်ဆုံး ထိုလူနှင့် လက်ထပ်သွားခဲ့ပါသည်။ သူတို့ဤနေရာတွင် အခြေချခဲ့ကြပါသည်။ ဤနေရာငယ် အနားမှာပင် ဖြစ်သည်။ သူမဟာ ဆယ်လမုန်ဆိုသော သားတယောက်ကို ဗက်လင်မြို့၌ မြင်ခဲ့ပါသည်။ တပါးအမျိုးသား လူတစ်ဦးနှင့် ဆက်သွယ်မှုပြုခြင်းကို သိမြင်ရပါမည်။ ရာခပ်ဆိုသော ပြည့်တန်ဆာမိန်းမ တပါးအမျိုး သား လူတစ်ယောက်နှင့် ဖြစ်သည်။

31 ၃၁။ ယခု ကျွန်တော်ကို ဗက်လင်မြို့ငယ်မှ ဆယ်လမုန်ဆိုသော လူတယောက်ကို ရှာကြပါသည်။ သူဟာ ဘောဇ ကိုအကျိုးဖြစ် ထွန်းစေခဲ့ပါသည်။ ဘောဇကတော့ ရုသလက်ထပ်ရသူ တဦးပဲဖြစ်ပါသည်။ အခြားတပါးအမျိုးသားတ ယောက်ပင် ဖြစ်သည်။ ယခု ကျွန်တော်တို့မျိုးရိုး ပြန်လိုက်ကြပါမည်။

ရုသဟာ ရခဲ့ပါသည်။ သူမဟာ မောဘမျိုးနွယ်တယောက် ဖြစ်သည်။ ဘောဇနှင့်လက်ထပ်ခဲ့သည်။ မုယောဘာလီ စပါးပေါ်ရာကာလ၌ ဤထိုမြို့ငယ်လေးသို့သူမရောက်ရှိလာရပါသည်။ အို ကျွန်တော်တို့ဒီမနက်အချိန်ရှိမယ်ဆို ထိုအရာအပေါ်တွင် ကျွန်တော်မိန်းမ၏အကြွေးဝယ်ထားသော အဝတ်အစားခြောက်စုံရှိနေပါသည်။ ထိုနောက်တွင် ဖြစ်သည်။ သို့သော် အကြောင်း အရာပေါ်တွင် မည်သို့နေထိုင်ရပါမည်နည်း။

32 ၃၂။ နောမိသည် အော်သိုဒေ့ါအသင်းတော်ကို ကိုယ်စားပြုနေပါသည်။ အမျိုးသမီးဆိုသော အပေါင်းအစုထဲမှ ပြေးထွက်ခဲ့သူ ဖြစ်သည်။ မောဘပြည်ကို ကျော်လွန်သွားသူ ဖြစ်သည်။ နိုင်ငံအနှံ့အပြားသို့ကွာသရေလတို့ပြန်နှံရောက်ရှိခြင်းနှင့် ဆင်တူသည်။ ထိုနောက်တွင် သူမပြန်လာခဲ့ပါသည်။ ရုသကိုပြန်ခေါ်ရန် ပြန်လှည့်ခဲ့သည်။ မောဘလူမျိုးဖြစ်သည်။ ဘာလီမုယောစပါးပေါ်ရာ ရာသီ၌ သူမပြန်လာခဲ့ပါသည်။ မုယောဘာလီစပါးပေါ်ချိန်၌ ပြန် လည်ဆုံတွေ့ကြရပါသည်။ ထိုအရာသည်တဖန် မုယောဘာလီစပါးပေါ်ရာကာလ၌ တပါးအမျိုးသားအသင်းတော်မှ ဘုရားသခင်ထံသို့ခိုဝင်ခြင်း ဖြစ်သည်။ ထိုနေရာရှိ ရုပ်ပုံကားချပ်သည် မည်မျှလှပလိုက်ပါသနည်း။ ထိုနောက် သူမနှင့်ဗောဇကို လက်ထပ်စေခဲ့သည်။ သူတို့၏ ထင်ရှားသောသားမှာ ဩဗက် ဖြစ်သည်။ ဩဗက်ကို ဖြစ်ထွန်းစေခဲ့ သည်။ ဩဗက်ကို မွေးဖွားခဲ့ပါသည်။ ထိုနောက်တွင် သူ၏ ဝံ့ကြွားစရာကောင်းသည် ဂျက်ဆီကိုရခဲ့ပါသည်။ ဩဗက်မှ ဆင်းသက်လာခြင်း ဖြစ်သည်။ ဒါဝိဒ်ကိုလည်း ဖြစ်ထွန်းစေခဲ့သည်။ သူ၏သား ဒါဝိဒ်သည် ဘုရင်အဖြစ် ပေါ်ထွန်းခဲ့ပါ သည်။

33 ၃၃။ ယခုလာမည့်အရာကို ကြည့်ပါ။ ပြည့်တန်ဆာရာခပ်၏သားမှ မြင်ရသောအရာ ဖြစ်သည်။ ဘောဇမှဖြစ်ထွန်း သော ကိစ္စသည် အခြားတပါးအမျိုးသားကို ရွေးနုတ်ခြင်း ဖြစ်သည်။ ပြီးတော့ ဘောဇမှ ဂျက်ဆီဆင်းသက်ပါသည်။ ဤဂျက်ဆီမှ ဒါဝိဒ်ကို မွေးဖွားခြင်း ဖြစ်သည်။ ပြီးတော့ ဒါဝိဒ်ဟာ တူညီစွာပင် ဤဗက်လင်မြို့ငယ်၌ အမှန် ဘုရား သခင်၏ပရောဖတ်အားဖြင့် ဘိသိက်ခံခဲ့ရခြင်း ဖြစ်သည်။ ဣသရေလဘုရင်အနေဖြင့် ပေါ်ထွန်းခဲ့ခြင်း ဖြစ်သည်။ ဤသို့သော ဝိညာဉ်ရေးရာကိစ္စအားလုံးကို လောကမျက်စိတို့သည် ဖုံးကွယ်ပိတ်ကာထားသည်။ ဤသို့သော ဗက်လင် မြို့ငယ်လေး၌ ပေါ်ထွန်းခဲ့သောအရာများပင် ဖြစ်သည်။ ထိုအရာသည် ဘုရားသခင်ပဲ့ပြင်သောနည်းလမ်း ဖြစ်သည်ကို သိမြင်ရပါမည်။

34 ၃၄။ ယခု ကျွန်တော် ယုံကြည်သည်မှာ သန့်ရှင်းသောဝိညာဉ်တော်သည် မှန်ကန်သော နားလည်သဘော ပေါက်ခြင်းမျိုး သင်အားပေးရန် ယခု တည်ရှိနေသည်ဆိုသောအရာကိုပင် ဖြစ်သည်။ ဘုရားသခင်သည် ကြီးမားသော ဤအရာများဖြင့် အလုပ်မလုပ်ပါ။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်သာ အမှုပြုတော်မူသည်။ "တန်ခိုးရှိသောအ ရာဖြင့် မဟုတ်ပါ။ အင်အားကြီးသောအရာဖြင့် မဟုတ်ပါ။ ဒါပေမဲ့ ကျွန်ုပ်၏ဝိညာဉ်အားဖြင့် အမှုပြုတော်မူသည်ဟု ဘုရားသခင်မိန့်တော်မူခဲ့ ပါသည်ကို မြင်ခဲ့ရမည်" ဖြစ်သည်။ ဘုရားသခင်သည် လူအများအကြားတွင် သန့်ရှင်းသော ဝိညာဉ်တော်ဖြင့် အလုပ်လုပ် တော်မူသည်။ ကြီးမားသော နောက်ခံအင်အားရှိသည်ကို မြင်ရပါမည်။ ကိုယ်တော်သည် ဤမြို့သို့သာ ဆင်းကြွတော်မူမည် ဖြစ်သည်။ ထိုနေရာသည် ကိုယ်တော် ဖွားမြင်တော်မူရာ နေရာသက်သက် ဖြစ်သည်။ ဘုရားသခင်သည် သူ၏တူညီသော လမ်းကြောင်းအတိုင်း လိုက်ပါဆောင်ရွက်တော်မူသည်။ ဘုရားသခင် အစဉ်အမြဲ ထိုသို့ပြုတော်မူသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော် လမ်းကြောင်းအတိုင်း လိုက်ပါစေသည်။ ဘယ်အကြောင်းကြောင်းမှ သူ၏နှုတ်ကပတ်တော် လမ်းကြောင်းအတိုင်း လိုက်ပါစေတော်မူသည်။ ဘယ်အကြောင်း ကြောင့်မှ သူ၏နှုတ်ကပတ်တော်မှ နောက်ကြောင်းပြန်လှည့်နိုင်မည် မဟုတ်ပါ။ ထိုပြင် ဘုရားသခင်သည် နှုတ်ကပတ် တော်၌ ကြွင်းကျန်တည်နေစေတော်မူသည်။ ထိုအရာမှ ကိုယ်တော် ဘယ်သောအခါမှ ထွက်ခွာမသွားနိုင်ပါ။ ယ နေ့ ကျွန်ုပ်တို့၏ ရိုးရာထုံးတမ်းစဉ်လာနှင့် ခရီးဆက်၍ နှုတ်ကပတ်တော်မှ အကြောင်းအရာ တို့ကို ထုတ်နုတ်မှုပြုကြ ပါသည်။ ကျွန်ုပ်တို့၌ရှိသော အယူဝါဒကိစ္စရပ်များကို ကမ္ဘာလောကသို့သွပ်သွင်းနေကြခြင်း ဖြစ်သည်။ ထိုသို့သော အရာသည် အရာခပ်သိမ်းကို ညစ်ညမ်းစေပါသည်။ သို့သော် ဘုရားသခင်သည် သူ၏နှုတ်က ပတ်တော်လမ်းကြောင်း မှ ဘယ်တော့မှ ထွက်ခွာမသွားပါ။ သူ၏နှုတ်ကပတ်တော်သည် မှန်ကန်မှုရှိသည် အမြဲတမ်းမှန် ကန်နေပါသည်။ အ ကြောင်းကတော့ ကိုယ်တော်၏ နှုတ်ထွက်စကားဖြစ်သောကြောင့်ပေတည်း။ ဘုရားသခင်နှင့် သူ၏ နှုတ်ကပတ်တော် သည် တလုံးတဝတည်း ဖြစ်သည်။

35 ၃၅။ ယခု ကျွန်ုပ်တို့သည် ဤနေရာရှိ ဗက်လင်မြို့ငယ်မှာ မည်သို့ဖြစ်သည်ကို မြင်ရပါမည်။ ယခုတိုင်သတိမမူမိ ခဲ့ကြပါ။ ကမ္ဘာ အပြင်ဘက်မှအရာကိုလည်း သတိမထားမိခဲ့ကြပါ။ အသေးငယ်ဆုံးသော မြို့ငယ်လေးတင်တနေရာပင် ဖြစ်သည်။ ဘယ်သူမျှ အာရုံမထားမိသော နေရာလေးဖြစ်သည်။ သို့သော် ဘုရားသခင်သည် သူ၏ရည်ရွယ်ချက်အ တိုင်း ထိုအရပ်တွင် အလုံးစုံသော ကိစ္စတို့ကို ဖြစ်ထွန်းပေါ်ပေါက်စေတော်မူ၏။ ယခု ဝိညာဉ်ရေးရာစိတ်သဘောကို ထိုအရာသည် ပိုမိုကောင်းမွန် စေပါသည်။ အဘယ်ကြောင့်ဆိုသော် ပရောဖက်က ဤနေရာဟုဆိုသောကြောင့် ဖြစ်သည်။ သင်လည်း သိမြင်ပါသည်။ ပရောဖက်က "ယုဒတို့၏အသင်ဗက်လင်မြို့ လက်ရာမြောက်သောသင်သည် မင်းဦးမင်းလျာများထဲ၌ အသက်ငယ်ဆုံး မဟုတ်ပါသလား" ဟုဆိုပါသည်။ သို့သော် သင်ဟာ

ကုလသရေလလူမျိုး၏ အုပ်ချုပ်သူ စည်းမျဉ်းဥပဒေသ ဖြစ်လာပါမည်။ ပရောဖက်သည် ပရောဖက် စိတ်ဝိညာဉ်ဖြင့် ထိုနေရာကို သိမြင်ခြင်းဖြစ်သည်။ ထိုသို့သော ဝိညာဉ်ရေးရာကို ကြည့်ရှုဆင်ခြင်ပါ။ ယနေ့သန့်ရှင်းသော ဝိညာဉ်တော်သည် ထိုသို့သော အရာများကို ဦးဆောင်လျက်ရှိသည်။ ရွှေရောင်အတိလွှမ်းသော လောကကပြောသော ခြားနားသော မည်သည့်အ ရာကိုမှ မလုပ်ဆောင်ပါနှင့်။ နှုတ်ကပတ်တော်၌တည်နေသော သန့်ရှင်းသောဝိညာဉ်တော်ကိုသာ ကြည့်ပါ။ ထိုနေရာ၌ အမှန် ပေါ်ထွန်းပါမည်။

36 ၃၆။ ယောဘအသက်ဘယ်လောက်မှာ သေဆုံး၍ သူသင်္ချိုင်းကို ဘယ်နေရာမှာ သတ်မှတ်ခဲ့ပါသနည်း။ အာဖြဟံမှ တောက်လျှောက်ဆင်းသက်လာခြင်း ဖြစ်သည်။ အာဖြဟံသည် သူ၏ဇနီးသည်စာရာအတွက် သင်္ဂြိုလ်ရန်မြေကွက် တကွက်ကို ဝယ်ယူခဲ့ရပါသည်။ အာဖြဟံသေဆုံးသောအခါစာရာနှင့်အတူ သင်္ဂြိုလ်စေလိုပါသည်။ အာဖြဟံသည် ဣဇက်ကို မြင်ခဲ့ပါသည်။ ဣဇက်သေသောအခါ အာဖြဟံနှင့်အတူ မြှုပ်နှံစေလိုပါသည်။ ဣဇက်က ယာကုပ်ကိုဖွားမြင် ခဲ့ပါသည်။ ယာကုပ်သေပြီးနောက် အီဂျစ်နိုင်ငံနှင့် ဆက်သွယ်မှုစတင်ခဲ့သည်။ သို့သော်သူသည် ယောသပ် (သူ၏ပ ရောဖက်သား) အားဖြင့် တိုင်တည် သစ္စာပြု ခဲ့ပါသည်။ ယောသပ်၏လက်ကို သူ၏ရှဲ့စောင်းနေသောတင်ပါးပေါ်သို့တင်စေခြင်းဖြင့် ဖြစ်သည်။ အီဂျစ်ပြည်၌ သူတို့ မြှုပ်နှံခဲ့သည် မဟုတ်ပါ။ အဘယ်ကြောင့်နည်း "ငါ့ကို ဆောင်ယူ၍ ငါ့မြေကြီး၌ သင်္ဂြိုလ်မှုပြုပါ" ဟုဆိုခဲ့ပါသည်။ ပြီးတော့ ယောသပ်အလှည့် ဖြစ်သည်။ ယောသပ် အီဂျစ်ပြည်၌သေ လွန်သော ထွက်မြောက်ခြင်းအကြောင်း ဖော်ပြခဲ့သည်။ ဣသရေလတို့ထွက်မြောက်မည်အကြောင်း ပရောဖက်ပြုခြင်း အားဖြင့် ဖော်ပြခဲ့ခြင်း ဖြစ်သည်။ ဒါပေမဲ့ 'ငါ့အရိုးတို့ကို ဤမြေမှဆောင်သွားပါ' ဟုဆိုခဲ့ပါသည်။ အဘယ်ကြောင့်နည်း သူတို့သည် ရှင်ပြန်ထမြောက်ခြင်းဆိုသော အသီးဦးသည် ထိုမြေကြီးမှ ပေါ်ထွန်းမည် ဆိုသောအရာကို သိခြင်းကြောင့် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယောဘက 'ငါ၏ ကယ်တင်ရှင်မှာ အသက်ရှင်သည်ကို ငါသိ၏ နောက်ဆုံး နေ့ရက်၌ ဤကမ္ဘာမြေမှ သူသည်ထမြောက်မည်ဖြစ်သောကြောင့် ဤခန္ဓာကိုယ် အရေဖျားကို သံချေးပိုးရွ ဖျက်ဆီး တတ်ကြောင်း ဆင်ခြင်မှုပြုပါ။ ကျွန်ုပ်၏ လတ်ဆတ် ပျိုရွှယ်မှုကို ဘုရားသခင်၌ တွေ့မြင်ရမည် ဖြစ်သည်။

37 ၃၇။ ဂတိထားရာမြေ၌ ရှင်ပြန်ထမြောက်ခြင်း၏ အသီးဦး ပေါ်ထွန်းမည်ဆိုသောအရာကို သူတိုသိမြင်ပါသည်။ အီဂျစ်နိုင်ငံ၌တော့မဟုတ်ပါ။ ဝိညာဉ်ရေးရာအရ သူတို့သည်ပရောဖက်များ ဖြစ်ကြပါသည်။ ယေရှုဘုရား အသက် စွန့်ရာနေ့သည် သောကြာနေ့ကြီးတွင် ဖြစ်သည်။ အီစတာနံနက်ခင်းတွင် ရှင်ပြန်ထမြောက်ပါသည်။ လာမည့် တနင်္ဂနွေနေ့တွင် ဖြစ်သည်။ သမ္မာကျမ်းစာ မိန့်တော်မူသည်မှာ "များစွာသော သန့်ရှင်းသူတို့သည် ကမ္ဘာမြေမှုန့်၌ အိပ်ပျော်ခဲ့ကြရသည်။ ထမြောက်၍ သင်္ချိုင်းမှ ထွက်မြောက်ဦးပေမည်။ မြို့တနေရာသို့ထွက်ခွာကာ ထိုမြို့၌ ကိုယ် တော်ရှင်၏ ဘုန်းတော်နှင့်အတူ ဝင်စားကြရမည် ဖြစ်သည်" ဟုဆိုထားခြင်း ဖြစ်သည်။ အဘယ်ကြောင့်နည်း ထိုပရောဖက်တို့သည် မည်သို့သော သင်္ချိုင်းနေရာ မည်သို့သောအရပ် မည်သို့သောအချိန်၌ ဖြစ်ပေါ်မည်ကို အတိအကျ သိရှိခဲ့ကြသောကြောင့် ဖြစ်သည်။ အသိညဏ်ပိုင်းဆိုင်ရာ မျက်စိများဖြင့် ထိုအရာသည် ပုန်းကွယ်လျက် ရှိသော်လည်း သူတို့သည်....ဝိညာဉ်သဘောဖြင့် ကြည့်သောအခါ သိမြင်ခဲ့ကြပါသည်။ ရှင်ပြန်ထမြောက်ခြင်း၏ အသီးဦးသည်ပါလက်စတိုင်းနိုင်ငံမှ ပေါ်ထွက်ခဲ့ပါသည်။ အီဂျစ်ပြည်မှ မဟုတ်ပါ။

ဒါကြောင့် ယနေ့မိတ်ဆွေများ ဖြစ်ကြပါ၏။ များစွာသော လူတို့သည် လောကအရာများကို ကိုင်စွဲထားကြပါသည်။ သို့မဟုတ် ကြီးမားသော နည်းလမ်းတချို့ သို့မဟုတ် တစုံတခုသောအရာဖြင့် ဖြစ်သည်။ ယေရှုခရစ်တော်၌ မြှုပ်နှံထား ပါသည်။ ယေရှုခရစ်တော်ကို ဘုရားသခင် ဆောင်ယူခြင်းဖြင့် ကိုယ်တော်နှင့်အတူ ထမြောက်ကြရမည်ဖြစ်သည်။

ထိုသို့ဆိုရန် လောကမှရရှိသောအရာများသည် အဘယ်သို့သောအရာဖြစ်သည်ကို ကျွန်တော်ဂရုမထားပါ။ သူတို့၏ ရွှေရောင်လွှမ်းရန် ကြိုးစားသောအရာများကို ကျွန်တော်ဂရုမစိုက်ပါ။ ခရစ်တော်၌ ထိုသို့သောအရာများသည် ခရစ် တော်၌ ဘုရားသခင်သည် ကိုယ်တော်နှင့်အတူဆောင်ယူသွားမည် ဖြစ်သည်။ ဝိညာဉ်ရေးရာ စိတ်သဘောဖြင့် ထိုသို့သောဝိညာဉ်ရေးရာ ကိစ္စများကို ဖမ်းယူမှုပြုနိုင်သည်။

38 ၃၈။ ဤနေရာတွင် ပရောဖက်က ပြောထားပါသည်။"ဗက်လင်မြို့ငယ်လေး အသင်၏အနုပညာဆန်မှုသည် ယုဒ မင်းဦးလျာများထဲမှ အနုံချာဆုံး ဖြစ်မနေပါတကာ။ ဒါပေမယ့် သင်ဟာ ဤအရပ်၏အုပ်ချုပ်သူ ဖြစ်လာပါတော့ သည်"ဟု ဆိုခဲ့ခြင်းဖြစ်သည်။ ကြီးမားသော ကိုယ်ပိုင်ဟန်ရှိသည့် မြို့တော်ပုံမျိုး မဟုတ်ပါဘူး။ တစုံတခုသော သမိုင်းဝင် အသင်းတော်မြေနေရာပုံမျိုး မပေါက်ပါ။ မက်သဒစ်၊ နှစ်ခြင်း၊ ပရက်စ်ပယ်တီးရီးယန်း၊ ပန်တီကော်စတယ် ပုံမျိုး မပေါက်ပါ။ မည်မျှပင် ပို၍ အစပြုခဲ့ပါသော်လည်း မည်သို့သောမြေနေရာပုံမျိုးမှ မပေါက်ပါ။ "သို့သော် ဤအရာများထဲမှ အသေးငယ်ဆုံးအရာ ဖြစ်သည်။ မထင်ရှားသောနေရာတခု ငယ်ပုံမျိုးပေါက်၍ ကျွန်တော်သည် ဤနေရာသို့ဆက်လက် ဆောင်ယူသွားပါမည်။ ကျွန်တော်ရဲ့ဉပဒေရေးရာ လူအများဆီသို့ဖြစ်သည်။

သို့သော် ယနေ့ကျွန်တော်တို့ပြောလိုကြသည်မှာ "ကျွန်ုပ်တို့၏ဖခင်များက ဤသို့ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ ကျွန်တော်တို့အဖေက ထိုအရာကို လုပ်ပေးခဲ့တာပါ" ဟုပြောလိုကြပါသည်။ ဘုရားသခင်သည် ထိုအရာအားလုံးကို လျစ်လျူရှုသည် ဆိုသောအရာကို သိမြင်ရပါမည်။ ဘုရားသခင်သည် သူဖြစ်စေချင်သည့်အတိုင်း အမှုပြုတော်မူသည်။ ဝိညာဉ်ရေးရာ လမ်းကြောင်းအတိုင်း ကြည့်ရှုပါ။ သမ္မာကျမ်းစာဖတ်ရှုမှု လမ်းကြောင်းအတိုင်းကြည့်ရှုပါ။ သူတို့သည် ထိုသို့သောအရာ၌ အသိပညာ ဆောင်းပါးခဲ့ပါသည်။ သို့သော် သမ္မာကျမ်းစာ မှန်ကန်မှုရှိသည်ကို သင်သိမြင်ရပါမည်။ အစဉ်အမြဲ ဘုရားသခင်သည် ဖြောင့်မတ်မှုရှိပါသည်။

39 ၃၉။ ဒါဝိဒ်သည် ကြီးမြတ်သော ပရောဖက်အားဖြင့် ဘုရင်အဖြစ်ဘိတ်သိပ်ခြင်းကို ခံရပါသည်။ ရှောလမုန်လည်း သံသယ ဖြစ်စရာမရှိပါ။ ဤကြီးမြတ်သောပရောဖက်သည် ဤသို့သောအရာများကို ကြိုတင်သိမြင်ခဲ့ပါသည်။ ဤအ ရာသည် သူ၏ကြီးမားသော ဝိညာဉ်ရေးရာဆိုင်ရာ ဂတိတော်မျိုးစေ့ပင်ဖြစ်သည်။ ဘုရားသခင်အတွက် ကျမ်းသစ္စာ ပြုခြင်းဖြင့် တိုင်တည်ခဲ့ပါသည်။ ထိုအရာသည် ဘုရင်ဒါဝိဒ်ဆိုသော ထီးရိပ်နန်းလျာနေရာ၌ ထိုင်ခွင့်ရရန် ယေရှု ခရစ်တော်ကို ချီးမြောက်ခြင်းဖြစ်သည်။ ထိုနောက် ယေရှုခရစ်ပင်လျှင် မည်သို့သောအရပ်၌ ဖွားမြင်ခြင်းကို ခံတော်မူ သနည်း။ ဤနေရာသည် သူ့အဖေမွေးရာ ၊ သူ့အဖိုး၊ အဘေး၊ အဘီ၊ အဘင်အဆက်ဆက် ဤနေရာတွင် တပါးအမျိုး

သား မျိုးနွယ်စုလမ်းကြောင်းမှ သူ၏လူမျိုးများ သူ၏လူမျိုးများကို ခေါ်ဆောင် နေခြင်းဖြစ်သည်ကို သိမြင်ရပါမည်။ ယခု သမ္မာကျမ်းစာက "ကိုယ်တော်နာမတော်၌ တပါးအမျိုးသားသည် စိတ်ချမှုကို ရပြီ" ဟု မိန့်တော်မူခဲ့ပါသည်။

40 ၄၀။ ထိုအရာကို သင်မြင်နိုင်သဖြင့် ထိုအရာအားလုံး၌ ဆောင်ယူခြင်းရှိမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် တခဏ တာအတွက် ထိုနေရာ၌ တည်ရှိနေခြင်းကို နှစ်သက်မှုရှိပါသည်။ ထိုအရာပေါ်၌ မှီတင်းနေထိုင်ကြရပါသည်။ အ ဘယ်ကြောင့် တပါးအမျိုး သားဖြစ်သည်ကို သင်အားပြပါ့မည်။ ယခု ကျွန်တော်ဝိညာဉ်ရေးရာ စိတ်သဘောဖြင့် မှန်သောအရာမှ အဝေးသို့အသေအချာ ဖမ်းကြည့်မည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော ဖခင်မဟုတ်သော မိခင် ဖြစ်သောကြောင့်ပေတည်း။ အကြောင်းကတော့ ယခု အမျိုးသမီးတစ်ယောက်ဟာ သတိုးသမီး ဖြစ်ခဲ့ပါသည်။ တပါး အမျိုးသားတို့သည်လည်း ပြုပြင်ခြင်းကို ခံရပါမည်။ … တပါးအမျိုးသားများမှ သတိုးသမီးကို ပေါ်ထွန်းစေခဲ့ပါ သည်။ တပါးအမျိုးသားလူမျိုးမှဖြစ်သည်။ "ကိုယ်တော်သည် တပါးအမျိုးသားဆိုသော စိတ်အနှောင့်အယှက် ဖြစ်စရာကောင်း သည့် သူတို့၏အမည်နာမအတွက် လူမျိုးစုတစုကို နုတ်ဆောင်တော်မူ မည်ဖြစ်သည်။ ထိုအရာသည် ကိုယ်တော်၏ နာမတော်ပင်ဖြစ်သည်။ ကိုယ်တော်သည် ဇနီးတစ်ယောက်ကို တပါးအမျိုးသားတို့မှ ရွေးကောက်တော်မူမည်ဖြစ် သည်။ အမျိုးသမီးတစ်ယောက် ထွက်ပေါ်လာပါသည်။ အသင်းတော်မှဖြစ်သည်။ သူမဟာဆိုရင် … တပါးအမျိုးသား များဘဲ ဖြစ်ကြပါသည်။ အသင်းတော်မှဖြစ်သည်။ သူမဟာဆိုရင် … တပါးအမျိုးသားများဘဲ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့မိခင်၏အမေသည် မျိုးစေ့၏ လိုင်းကြောင်းနောက်ဖက်တွင် တည်ရှိနေပါသည်။

41 ၄၁။ ယခု တနည်းအားဖြင့်ဆိုသော် ဣဇက်သည် မျိုးစေ့လိုင်းကြောင်း၌ ဖြစ်တည်ခဲ့ခြင်း ဖြစ်သည်။ ယခုဤအ ရာကို သတိပြုပါ။ ထိုနောက်ဒါဝိဒ်၏ဂတိတော်နှင့်ဆိုင်သော သားတစ်ယောက်အကြောင်းကို ကျွန်ုပ်တို့ရှာဖွေဖော် ထုတ်ခဲ့ပါသည်။ ယခု မည်သို့တဖန် ဣသရေလလူမျိုးနှင့် တပြေးညီတပြိုင်နက်တည်းဖြစ်သည်ကို ကျွန်ုပ်တို့သတိပြုရပါမည်။ ဣသရေလတို့၏အချိန်ကာလ … သို့မဟုတ် အာဗြဟံ၏မျိုးစေ့သည် ဂတိထားတော်မူခြင်းခံရ၏။ ထိုအရာသည် မည်သို့ဖြစ်ပါမည်နည်း။ အကြောင်းကတော့ ဣသရေလသည် ကျဆုံးခဲ့ရပါသည်။ သို့သော်သူ၏ ဝိညာဉ်ရေးရာမျိုးစေ့သည် ယုံကြည်ခြင်းအားဖြင့် သူ၌တည်ခဲ့ပါသည်။ ခရစ်တော်ကြွလာတော်မူခြင်းသည် နိုင်ငံအား လုံးကို နုတ်ဆောင်တော်မူရန် ဖြစ်သည်။ ကောင်းပြီ။ ဤနေရာတွင် တူညီသောအရာသည် တဖန်တပြေးညီပေါ် ထွန်းပြီဖြစ်သည်။ ဒါဝိဒ်၏မျိုးစေ့မှ ဖွားသောသားသည် ရှောလမုန်ဖြစ်သည်။ အာဗြဟံကို အမှူးပြု၍ အခြားသော မျိုးစေ့တို့နည်းတူ ထိုအရာသည် နောက်ပြန်ဆွဲသွားတတ်သည်။ ထိုအရာသည် နောက်ပြန်ဆွဲသွားချံပီဖြစ်သည်။ ထိုကြောင့် ရှောလမုန်လည်း နောက်ကြောင်းပြန်လှည့်ခဲ့သူ တယောက်ဖြစ်သည်။ သူဟာ မိန်းမများစွာ ယူခဲ့ပါသည်။ အစကနဦးအရာကို သင်သိပါသည်။ သူတို့နှစ်ယောက်သားသည် ဘုရားသခင်၏အဝေးသို့ဦးတည်ရှေးရှု ခဲ့ပါသည်။ ပြီးတော့သူလမ်းကြောင်းသွားတယ်။ နောက်ကြောင်းဖြင့်လှည့်တယ်။ ထိုလမ်း၌ပင်သေသည်။ တဖန်အပြစ်ကိုပြုခဲ့ခြင်း ဖြစ်သည်။ ဣသရေလတို့သည်လည်း ဤသို့သော တူညီသည့်လမ်းကြောင်း၌ပင် သေဆုံးခဲ့ပါသည်။ နောက်ကြောင်း ပြန်လှည့်ခဲ့ကြပါသည်။

42 ၄၂။ သို့သော်ကျွန်တော်တို့သည် ဝိညာဉ်ရေးရာနှင့်ဆိုင်သောမျိုးစေ့ကို ရှာကြရပါမည်။ အာဗြဟံမှဆင်းသက်သော လူမျိုးနွယ်စု တစ်မျိုးကဲ့သို့ဗီဇမျိုးစေ့အားဖြင့် ဂတိထားတော်မူခဲ့ပါသည်။ သို့သော်ဘုရင်မျိုးနွယ်သည် ဝိညာဉ်ရေးရာ အရ ဂတိပြုတော်မူသော ဒါဝိဒ်မျိုးနွယ်မှ ပေါ်ထွန်းမည်ဖြစ်သည်။ ဒါဝိဒ်သည်လည်း ဗက်လင်မြို့၌ မွေးဖွားခဲ့ခြင်းဖြစ် သည်။ ထိုပြင်သူသည် ဗက်လင်မြို့၌ပင် ဘိတ်သိပ်ခံရခြင်း ဖြစ်သည်။ ထိုနောက်ကျွန်ုပ်တို့ရှာဖွေတွေ့ရှိသည်မှာ သူ၏တော်ဝင်နန်းဆက်ကို အမွေဆက်ခံ၍ နန်းမွေဆက်ခံမွေးဖွားရာ နန်းမြို့တော်မှာလည်း တူညီစွာ ဗက်လင်မြို့ ငယ်ပင် ဖြစ်ပါသည်။ "သင်၏အနုပညာဆန်မှုသည် ယုဒမင်းဦးမင်းလျာများထဲမှ အသိမ်ငယ်ဆုံး ဖြစ်နေပါတကား၊ လူမျိုးစုနွယ်ဝင်ကျွန်ုပ်အတွက် သူသည် အုပ်ချုပ်သူ တစ်ယောက် ဖြစ်လာခဲ့ပါသည်။

43 ၄၃။ ဤမြို့ငယ်လေး၌ တင်းကုပ်ငယ်တခုရှိပါသည်။ မြို့တော်ရှိထိုတင်းကုပ်ငယ်သည် ပင်လယ်ကမ်းပါးပြတ်တခု ဘက်တွင်ရှိသည်။ ထိုပင်လယ်ကမ်းပါးပြတ်၏အနောက်၌ လိုဏ်ခေါင်းတခုရှိပါသည်။ ထိုနေရာမှ ဆက်လက်ဖြတ် ကျော်လာမည်ဆိုပါက တံခါးပေါက်ငယ်များဆီသို့ရောက်မည်ဖြစ်သည်။ ငြိမ်းချမ်းခြင်း၏အိမ်ရှေ့မင်းသားသည် နွားတင်းကုပ်၌ ဖွားမြင်ခြင်းကို ခံတော်မူသည်။ မည်ကဲ့သို့သောနေရာလည်းဆိုရင် သေတ္တာငယ်တခုတွင် ကောက်ရိုး များ ဖြန့်ခင်းထားသောနေရာ ဖြစ်သည်။ ထိုတင်းကုပ်ထဲတွင် မြေသြဇာများစုပုံထားပါသည်။ ထို့ကြောင့်ရှေ့ဆက် ကြပါမည်။ သို့သော် ကြီးမြတ်သော အိမ်ရှေ့မင်းသားသည် ထိုနေရာမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ အမျိုးသမီး၏မျိုး စေ့မှ ဖြစ်သည်။ ထိုနေရာမှ ကမ္ဘာကို ကယ်တင်မည့်ပုဂ္ဂိုလ်ပေါ် ထုတ်ခဲ့ပါသည်။ ကိုယ်တော်သည် သူကိုယ်သူ ယေ ဟောဝါ ကယ်တင်ရှင်အဖြစ် ပေါ်ထွက်လာခြင်းဖြစ်သည်။ လူသားဇာန်ဖြင့် ဖြစ်သည်။ ဗက်လင်မြို့ရှိနိမ့်ကျသော နွားတင်းကုပ်မှ ထွက်ပေါ်လာဖြင်းဖြစ်သည်။ အချို့ဘုရင်များ မွေးဖွားရာတော်ဝင်နန်းတော် မှ မွေးဖွားခြင်းမဟုတ်ပါ။ သို့သော်ကိုယ်တော်သည် ထိုနိမ့်ကျသောနေရာမှ ဆင်းကြွတော်မူခြင်းဖြစ်သည်။ ထိုနေရာ၌ အထပ်ထပ် စုပုံထား သော နောက်ချေးပုံရှိနေပါသည်။ အနီးနှင့် ထုပ်ပိုးထားခြင်းကို ခံခဲ့ရပါသည်။ ထုံးထမ်းစဉ်လာအရ ပြောကြမည်ဆိုပါက ထိုအရပ်၌လူတို့သည် နွားသိုးကို တံပိုးတင်၍ မြေကြီးကို ပြုပြင်ခဲ့ကြခြင်းပင် ဖြစ်သည်။

44 ၄၄။ ဆင်းရဲသော လူများဖြစ်ပါသည်။ ယောသပ်ရောမာရိပါ အမှန်တကယ်ဆင်းရဲကြသူများ ဖြစ်ပါသည်။ သူ တို့ သည် ဤနွားတင်းကုတ်ငယ်လေး၌ ရှိနေခဲ့ကြခြင်းဖြစ်သည်။ ဘုရားသခင်သည် သူကိုယ်သင် မည်မျှလောက်နှိမ့် ချတော် မူပါသနည်း။ ပြီးတော့ ကျွန်တော်တို့ကတော့ ကျွန်တော်တို့ကိုယ်ကျွန်တော်တို့တခုခုကြီးမြတ်အောင် ဆောင် ရွက်တတ်ပါသည်။ ဘုရားသခင်သူကိုယ်သူ မည်မျှလောက် နှိမ့်ချတော်မူသည်ကို သင်မမြင်နိုင်ခဲ့ပါဘူး။ ထိုသို့သော အရာတွေကို မယူဆောင်ခဲ့ပါဘူး။ သူ၏ကြီးမြတ်သောဂတိတော်ကို အောင်မြင်ရန် သူယူတင်ဝတ်ဆောင်ကောင်း ယူတင် ဝတ်ဆောင်နိုင်ပါသည်။ ကယ်တင်ရှင်သေး သေးလေးသည် မည်သို့သော စီမံခန့်ခွဲမည့်သူ၏လက်အောက်၌ လဲလျောင်းနေရပါသနည်း။ အနီးနှင့်ထုတ်ပိုးခြင်းကို ခံတော်မူ၍ကျော၌ ထမ်းပိုးတင်ခံရခြင်းပင် ဖြစ်ပါသည်။ နွားသိုး၏ လည်ပင်း၌ တံပိုးတင်ခံရသလိုဖြစ်သည်။ ငြိမ်းချမ်းခြင်း၏ အိမ်ရှေ့မင်းသားသည် ထိုနေရာ၌ အနီးလေးနှင့် ထုတ်ပိုး

ခြင်းကို ခံရပါသည်။ ကျွန်တော် ပြီးတော့ ကျွန်တော်တို့ဟာ မည်သူများဖြစ်ပါသနည်း။ ထိုက်တန်အောင်ကျွန်တော်တို့ဘာတွေလုပ်ခဲ့ပါသလဲ။ အကယ်၍ဘုရားသခင်သည် ထိုကဲ့သို့သူကိုယ်သူ နှိမ့်ချနိုင်ခဲ့ပါလျှင် ကျွန်ုပ်တို့သည်လည်း ကိုယ်တော်၏ အမှုတော်ဆောင်များအနေဖြင့် မိမိကိုယ်ကို နှိမ့်ချခြင်းမရှိသင့်ပေဘူးလား။ အကယ်၍ကိုယ် တော်ထိုသို့ဆောင်ရွက်ခဲ့ပါလျှင် ကျွန်ုပ်တို့ကိုယ့်ကိုယ်ကို မနှိမ့်ချနိုင်ကြဘူးလား။ ကျွန်တော်တို့မမေ့ပျောက်ကြပါဘူး။ ထိုအရာမှ မအောင်မြင်နိုင်ကြပါဘူး။ ကိုယ်တော်၏ခရစ်စမတ်ကာလမတိုင်မီ ကျွန်ုပ်တို့ကိုယ် ကျွန်ုပ်တို့ မနှိမ့်ချနိုင်ကြ ဘူးလား။ ပြီးတော့ … ကိုယ်တော်သည် သူ၏ဖွားမြင်တော်မူခြင်းဖြင့် ကျွန်ုပ်တို့ထမ်းပိုးရှိခြင်းကို နားလည်သဘော ပေါက်စေခဲ့ပါသည်။ လူသားဆန်ခြင်း ဖြစ်ပါသည်။ ကိုယ်တော်၏နှုတ်ကပတ်တော်ကို ခံယူခြင်းအားဖြင့် ကျွန်ုပ်တို့ကိုယ် ကျွန်ုပ်တို့ နှိမ့်ချမှုရှိအောင် ပြုပြင်နိုင်ပါသည်။ ထုံးတမ်းစဉ်လာက ဘာတွေပြောထားတယ်ဆိုတာ အကြောင်းမ ဟုတ်ပါဘူး။ သူ၏နှုတ်ကပတ်တော်သည် ထိုအရာများကို ရေတွက်ထားခြင်းဖြစ်သည်။ ထိုအရာသည် ကိုယ်တော် ဘယ်လိုအမှုပြုမယ်ဆိုတာဖြစ်သည်။ သူ၏နှုတ်ကပတ်တော်ပင်ဖြစ်သည်။ ထိုအရာတခုလုံးပင်ဖြစ်ပါသည်။

45 ၄၅။ ကျွန်တော်တို့ဤနွားတင်းကုပ်ငယ်လေးကို ရှာဖွေတွေ့ရှိခဲ့ကြပါသည်။ ထိုကနဦးဝတ္ထုဇာတ်လမ်းလေးတပုဒ် သည် ကမ္ဘာမြေပြင်၌ အစဉ်အမြဲသီချင်းကျူးနေတတ်ပါသည်။ ကောင်းကင်တမန်အားဖြင့် သီကြွေးခဲ့ခြင်းဖြစ်သည်။ ထိုအရာကို တွေးတောပါ။ ကနဦးဇာတ်လမ်းလေးသည် ကဃာဖနှင့်အတူ သီချင်းဆိုခဲ့ခြင်းမဟုတ်ပါ။ အချို့ကောင်း မွန်ကြီးမြတ်သော အသင်းတော်မှ အံ့ဖွယ်သင်းအုပ်ဆရာ၏လက်၌ ကျဆုံးခဲ့ခြင်းမဟုတ်ပါ။ ထိုသို့သောလူပုဂ္ဂိုလ် အားလုံး၏အထဲမှ အသိမ်ငယ်ဆုံးသော ဗက်လင်မြို့၏ နွားတင်းကုတ်လေးတခုထဲတွင်တော့ အမှုပြုခဲ့ပါသည်။ သို့သော် ကနဦးဇာတ်လမ်းလေး တပုဒ်သည် ဗက်လင်မြို့ငယ်လေး၌ ကောင်းကင်တမန်အားဖြင့် ဂုဏ်တော်ချီး မွမ်းခြင်း ခံခဲ့ရပါသည်။ ကျွန်တော် ဘာကိုဆိုလိုသည်ကို သင်သိနိုင်ပါသလား။ သင်ဘယ်လောက် ဆင်းရဲသည် ဘယ်လောက်ချို့တဲ့သည် သင်မည်မျှလောက် မထင်မရှားနေခဲ့ရကောင်းနေခဲ့ရနိုင်ပါသော်လည်း အကြောင်းမဟုတ်ပါ။ ဘုရားသခင်သင့်ကို အသုံးပြုလျှင် သင်ဟာယခုပင် ကိုယ်တော်ဆောင်ရွက်သလို ဖြစ်လာပါမည်။ ဘုရားသခင်သင့်ကို အလိုရှိပါသည်။ ကိုယ်တော်သင့်ကို မလိုချင်ဘူးဆိုရင် … သင် ဟာ အခွင့်ကြီးမားသော လူမှုပတ်ဝန်းကျင်ကို ပိုင်ဆိုင်ရမည်မဟုတ်ပါ။ အချို့ကြီးမြတ်သော အခွင့်အလမ်း အချို့ခမ်းနားသော ညီရင်းမောင်နှမဖြစ်မှု သို့မဟုတ် မည်သို့သောအရာကိုမဆို သင်ပိုင်ဆိုင်ရမည်မဟုတ်တော့ပါ။ ထိုအရာ၏ဆိုလိုရင်းမှာ ဘုရားရှိလျှင် ဘာမှမလိုတော့ဘူးဆိုလိုခြင်းတော့မဟုတ်ပါ။ ဘုရားသခင်သင့်ကို အလိုရှိပါသည်။ ပြီးတော့အကယ်၍ သင်ဟာ အကယ်၍ …. သင်ကိုယ်သင် ကြီးမြတ်သည်ဟု ခံစားရလျှင် ထိုသို့သော ခံစားမှု သင်၌ထွက်ပေါ်လာပါမည်။ ထိုအရာမှ ထွက်မြောက်မှုရရန် သင်၌ရရှိလာပါမည်။ သင်က ကျွန်ုပ်ဟာ PhD.LLD တွေကို ရခဲ့သူဖြစ်သည်ဟု ဆိုပါမည်။ ထိုအရာတို့သည် သင့်ကို ဘုရားသခင်ထံမှ ပို၍ဝေးအောင် လုပ်ဆောင်သွားပါမည်။ ဘုရားသခင်ထံ သို့ပြန်လာပါ။ သန့်ရှင်းသောဝိညာဉ်တော်၏ လူသားဆန်မှုဆီသို့ လှည့်ပြန်လာပါ။ ဘုရားသခင်ကိုချစ်ပါ။ ပြီးတော့ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ယူတင်ဝတ်ဆောင်ပါ။

46 ၄၆။ “အကယ်၍ သင်ဟာ ကျွန်တော်ကိုရော ကျွန်တော်ပြောသောစကားကိုပါ သင်သည်းခံနိုင်ပါသည်။ ပြီးတော့ သင်ဘာဖြစ် မည်ဆိုတာကို မေးပါမည်။ ဒါဆိုသင့်အတွက် တခုခုတော့ ဖြစ်လာတော့ပါမည်။” ဘုရားသခင်သည် ထိုသို့ဂတိပြုတော်မူခဲ့ ပါသည်။ “အကယ်၍ သင်ဟာ ဤတောင်ကို ပြောပ့ါမယ်။ ရွှေ့ပါ။ သင့်နှလုံးသားမှ သံသယစိတ်လုံးဝမရှိဘဲ ပြောပါမည်။ ဒါပေမဲ့ သင်ပြောသောအရာအောင်မြင်စွာ ဖြစ်လာစေရာ သင်ဆိုသောစကားအ ပေါ်၌ ယုံကြည်မှုရှိပါ။ သူပြောခဲ့သလို သင်၌ရှိလာနိုင်ပါသည်။” “ကိုယ်တော်သည် ကျွန်တော်အပေါ်ထိုသို့ယုံကြည်ခဲ့ ပါသည်။ လုပ်ငန်းဆောင်တာတို့ကို သူဆိုခဲ့သလို ကျွန်တော်လုပ် ဆောင်တော့ပါမည်။ သူလုပ်ဆောင့်မည် ဆိုသောအရာသည် ပိုမိုကြီးမြတ်သည့်တိုင် ကျွန်တော်ခမည်းတော်ဆီသို့သွားရန်အတွက်ပင်ဖြစ်ပါသည်။ ဂတိတော် မှာ အဘယ်နည်း။

47 ၄၇။ တစုံတခုသောအရာသည် တနေရာရာတွင် ချို့တဲ့မှုဖြစ်နေပါသည်။ ကျွန်ုပ်တို့ဟာ ဤသို့ နှစ်ပင်လိမ်နေ သောအရာကို မည်သို့ ကြိုးစားဖြေထုတ်ကြလည်းဆိုရင် အချို့သော ကြီးမြတ်မှုများကို ထိုနေရာ၌ တင်လိုက်ကြပါ သည်။ ပန်းတွေ၊ ရွှေရောင်လွှမ်းသောအရာများကို ထားလိုက်ကြခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့ဟာ နိုင်ငံတကာမှာ ကျင်းပပြုလုပ်တဲ့ ခရစ်မတ်ပွဲများကဲ့သို့ ညစ်ညမ်းအောင်ပြုလုပ်နေကြခြင်းပင်ဖြစ်ပါသည်။ ဒါအမှန်ပါဘဲ။ အကယ်၍ ကျွန်တော်တို့ဟာ ရွှေရောင်လွှမ်းသောအရာများကို ရယူကြမည်ဆိုရင် လူသားနှလုံးသားမှ လူသားဆန်မှုကို ကျောခိုင်းခဲ့ရပါမည်။အကယ်၍ လူသား ဆန်သောအရာကို ခရစ်မတ်သို့ ပြန်လည်ဆောင်ယူလာမည်ဆိုပါက မည်သို့ဖြစ်သင့်ပါသနည်း။ စီးပွားရေးဆိုင်ရာနေ့ရက် တရက်ကဲ့သို့မဖြစ်ရပါ။ ထိန်ညီးနေသော ခရစ်စမတ်ဘိုးဘိုးနှင့် မလုပ်လည်းရပါသည်။ ဒါပေမဲ့ နွားတင်းကုတ်၌ ဖွားမြင်ခြင်းကို ခံတော်မူသည့် ဖန်ဆင်းရှင် ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ခြင်းဖြင့် နောက်ပြန်လှည့်၍ ရပါသည်။ ဘုရားသခင်သည် ပျိုပြစ်လန်းဆန်းမှုကို ဖြစ်စေ၍ ကျွန်ုပ်တို့နှင့် ကိန်းဝပ်တော်မူသည်။ အကယ်၍ ကျွန်ုပ်တို့ထိုသို့အရာများမှ လှည့်ပြန်ခဲ့မယ်ဆိုရင် ရွှေရောင်လွှမ်းသောအရာများနှင့် ခမ်းနားသောအရာများမှ အဝေးသို့ စွန့်ခွာသွားရပါမည်။ ဘုရားသခင်သည် ထိုသို့သောအရာအားလုံးနှင့် အပေးအ ယူမလုပ်တော့ပါ။

48 ၄၈။ သင်က “ကောင်းပြီ။ ကျွန်တော်ဟာ အကြီးမားဆုံးသော အဖွဲ့အစည်းတခုကို ပိုင်ဆိုင်သူဖြစ်ပါတယ်” ဟုပြော ပါမည်။ ထိုအရာတို့သည် သင့်ကို ဘုရားသခင်ထံမှ ပို၍ဝေးအောင် လုပ်ဆောင်သွားပါမည်။ ထိုသို့သောအရာကို သင်မြင်ရသည်တိုင်အောင် သင့်ကိုယ်သင် နှိမ့်ချခြင်းမှုပြုရပါမည်။ “သင်သည် ငါ၌တည်လျှင် ငါ့စကားသည်သင်၌ တည်မည်။ ထိုနောက် သင်ဘာဖြစ်လာမည်ကို မေးမြန်းမှုပြုပါ။” ကျွန်ုပ်တို့ဘာလုပ်ဖို့ကြိုးစားခဲ့ပါသလဲ။ မကြာမှာပင် ဘုရားသခင်သည် ကျွန်ုပ်တို့အား ကောင်းကြီးကို ဖော်ပြမည့် ပုဂ္ဂိုလ်တဦးကို ပေးအပ်မည် ဖြစ်သည်။ ကျွန်ုပ်တို့သည် အရာအားလုံးကို နှစ်ပင်လိမ်သွားအောင် ကြိုးစားကြပါသည်။ နာမည်ကြီးအောင်ထိုအရာများဆီသို့အရောက်သွားကာ၊ သိက္ခာဆယ်ကြပါသည်။ တပါးသူထက်သာအောင် ဆောင်ရွက်ခဲ့ပါသည်။ ဤသို့သော ကိစ္စတခုကို ဒီနည်းလမ်း၊ ထိုနည်းလမ်းတို့ဖြင့် စတင်ခဲ့ပါသည်။ ဘုရားသခင်သည် အရာအားလုံးကို ထားရစ်ခဲ့ပါသည်။ ယနေ့ကျွန်တော်တို့ ဘာလိုအပ်နေလဲဆိုရင် လူသားဆန်သော နှလုံးသားအပေါ်၌ လတ်ဆတ်သန့်ရှင်းသော ဝိညာဉ်တော်ကို လောင်းချ ရန်လိုနေပါသည်။ ကျွန်ုပ်တို့သည် စစ်မှန်သော ခရစ်စမတ်ဆိုသည်၊ မွေးရပ်ဒေသတခု လိုအပ်နေပါသည်။ အကယ်၍ သင်ဟာ ထိုအရာကို

နားလည်သဘောပေါက်မယ်ဆိုရင်၊ သင်မှာ ဘာမှမရှိသော်လည်း၊ ငြိမ်သက်ခြင်းတခုတော့ တည်နေပါမည်။ ဘုရားသခင်သည် ယေရုစလင်မြို့ ရှိလောမြို့ ရာမုန်ဂျေမြို့တို့ကို မသွားခဲ့ပါ။ ကိုယ်တော်သည် ညစ်ပတ်နေသောနွားတင်းကုပ်သို့သာ ကြွဆင်းခဲ့ပါသည်။ သင်ဘုရားသခင်ကို ငှားရန်မှုပြုပါ။ သင်ဖြစ်လာပါမည် ...သင့်ကို သင်နားလည်သဘောပေါက်ရမည်မှာ၊ ပုတ်စော်နံနေသော နွားတင်းကုပ် တခုဖြစ်သော်လည်း၊ သင်အတွက် အကြောင်းမဟုတ်တော့ပါ။ သို့သော်ကြိုဆိုပါ၊ သင့်တခါးများကို ဖွင့်လှစ်လိုက်ပါ၊ ထိုသို့သောအချိန်က ဤသို့သော ခမ်းနားကြီးကျယ်သည့် နေရာများနှင့် တည်းခိုခန်းများသည် ကိုယ်တော် အဝေးသို့ လှည့်ပြန်ထွက်ခွာသွားခဲ့ရပါသည်။ သင့်နှလုံးသားကို စီမံခန့်ခွဲသူအား တံခါးကိုဖွင့်စေပါ၊ ထိုအရပ်သို့ယေဟောဝါဘုရား ဆင်းကြွတော်မူမည် ဖြစ်သည်၊ ဘာဖြစ်လာမလဲဆိုတာ စောင့်ကြည့်ပါ၊ ကိုယ်တော်သည် နှုတ်ကပတ်တော် ဖြစ်ခြင်းကြောင့်ပေတည်း။ ကိုယ်တော် သည် “သင်သည် ငါ၌တည်လျှင်၊ ငါ့စကားသည် သင်၌တည်မည်" ဟုမိန့်တော်မူခဲ့ပါသည်။ ကိုယ်တော်သည် နှုတ်က ပတ်တော် ဖြစ်သည်၊ ကိုယ်တော်ကို သင့်ထံသို့ဆင်းကြွစေတော်မူကာ၊ ဘာဖြစ်လာမလဲဆိုတာ မေးမြန်းမှုပြုရပါမည်။ သင်အတွက် အမှုပြုပါလိမ့်မည်။ အဟုတ်ပဲဖြစ်ပါသည်။ ကနဦး ဇာတ်လမ်းတပုဒ်သည် ကောင်းကင်တမန်အာဖြင့် သီချင်းဆိုခဲ့ပါပြီ၊ လွန်လေပြီးသောနှစ်ကာလများက ဖြစ်သည်။ ပြီးတော့ ကိုယ်တော်ရှိစဉ်အခါ ကပေတည်း.......။

49 ၄၉။ “ညီအစ်ကိုတယောက် အခြားသောအရာတခုကို ပြောနေပါသည်။ တစုံတယောက်က ဘာသာပြန်ပေးနေပါ သည်။ တိပ်ခွေ၌ လစ်လပ်နေပါသည်-အယ်ဒီတာ”

အာမင်၊ ကျွန်တော်တို့သတင်းစကား အရမ်းအရေးကြီးတယ်ဆိုတာ သိရှိကြပါသည်။ ထိုအကြောင်းသည် ဘုရား သခင် ဘာပြောလိုသည်ဆိုသော အကြောင်းပင် ဖြစ်သည်။ သို့မဟုတ် ကိုယ်တော် ထိုသို့သောအရာကဲ့သို့သတင်း စကားတခုပေါ်တွင် တခုခုဆောင်ရွက်ရန် ချိုးဖောက်မှုပြုမည်မဟုတ်ပါ။ “ဘုရားသခင်၏လက်တော်အောက်၌ သင့်ကိုယ်သင်နှိမ့်ချမှုပြုပါ” ထိုအရာသည် သတင်းစကားပင် ဖြစ်ပါသည်။ ယခုကျွန်ုပ်တို့၏ ကောင်းကင်ဖခမည်း တော်ဘုရား၊ ကိုယ်တော်၏ အနုပညာမြောက်သော ညဏ်ဟုအလုံးစုံနှင့် ခပ်သိမ်းသောအရာတို့ကို အမှန်ပြုပြင် တော်မူကြောင်းကို ကျွန်ုပ်တို့သိပါ၏ ယခု ကိုယ်တော် ခွင့်ပြုတော်မူမည့်အကြောင်း ကျွန်ုပ်တို့ဆုတောင်း ကြပါ၏။ ထိုအရာမှာ ဤသတင်းစကားကို လူများထံသို့သက်ရောက်စေရန် ဖြစ်ပါသည်။ ထိုအရာမှ သူတို့သည် စစ်မှန်စွာ နှိမ့်ချခြင်းရှိရမည် ဖြစ်သည်။ အင်အားကြီးမားသော ဘုရားသခင်၏ လက်တော်အောက်၌ ရောက်ရှိကြရမည်မှာ အမှန်ပင်ဖြစ်သည်။ ဖခမည်းတော်ဘုရား၊ သင်၌ ကျွန်ုပ်တို့ကိုယ်၌က ဝန်ခံမှုပြု ကြပါသည်။ ထိုအရာကို ကျွန်ုပ်တို့အ ပေါ်သို့ ချပေးသွန်းလောင်းတော်မူပါ၊ ယေရှုခရစ်၏နာမတော်မြတ်၌၊ သားတော်အားဖြင့် ဆုတောင်းမှုပြုပါ၏ .......အာမင်။

50 ၅၀။ ယခု၊ ကျွန်တော်တို့ဆက်သွားကြပါမည်၊ ကျွန်တော် ခရစ်စမတ်အချိန်ခါ၌က သီချင်းဆိုခဲ့သော ဇာတ်လမ်း လေးအကြောင်း ပြောခဲ့ပါသည်။ ဗက်လင်မြို့၌ ကောင်းကင်တမန်အားဖြစ် သီချင်းဆိုခဲ့ကြခြင်းဖြစ်သည်။ ထိုအရပ် သည် ကြီးမြတ်သူအားလုံး မွေးဖွားရာအရပ်ဖြစ်ပါသည်။ ကတိထားတော်မူသော ရှင်ဘုရင်သည် ထိုနေရာ၌ မွေဖွားခဲ့ခြင်းဖြစ်သည်။ ထိုနေရာသို့ ဂတိတော်နှင့်စပ်ဆိုင်သော ဘုရင်မင်းမြတ် ကြွလာတော်မူခဲ့ပါသည်။ ယခု စကားအရ လျင်မြန်စွာ ရယူရန်ပင် ဖြစ်သည်။ ယခု ဒါ့ကြောင့် ကျွန်တော် အချိန်ကြာကြာဆွဲမနေတော့ပါဘူး၊ ကတိတော်မှာ၊ ဤစကားပင်ဖြစ်သည်၊ ဗက်လင်မြို့ဆိုသော စကားဖြစ်သည်။ ထိုအရာကို ရှုတ်သိမ်းလိုက်ကြပါစို့၊ ဤနေရာမှာ အစီအစဉ်တကျ အချိန်ယူရန် အချို့မှတ်သားရမည့်ကိစ္စများကို ကျော်လိုက်ပါတော့မည်၊ ယခု၊ ဗက်လင်မြို့အကြောင်းဖြစ်ပါသည်။ ဘီ.အီ.တီ.အိပ်ချ်၏အဓိပ္ပာယ်မှာ 'အိမ်' ဖြစ်ပါသည်။ အီ.အမ်၏ အဓိပ္ပါယ်မှာ ဘုရားသခင် ဖြစ်ပါသည်။ ဟေဗြဲဘာသာအရ ဖြစ်သည်။ အီ.အမ်လ်.အိပ်ချ်.အမ်လ်ကတော့ 'ပေါင်မုန့်' ဖြစ်ပါသည်။ ဗက်လင်မြို့ ဆိုသည်မှာ ဘုရားသခင်၏ပေါင်မုန့် အိမ်ကလေးဟု အဓိပ္ပာယ်ရပါသည်၊ စကားလုံး၏ အဓိပ္ပါယ်မှာ ထိုသို့ဖြစ်ပါသည်။ နှုတ်ကပတ်တော်ရှိ အမည်နာမများသည် အဓိပ္ပါယ်ရှိပါသည်။ များစွာသောလူတို့သည် ထိုအရာကို မယုံကြည်ကြပါ။ ဒါပေမဲ့ အမှန်ပဲ ဖြစ်ပါသည်။ အကယ်၍ အမည်နာမ၌ အဓိပ္ပာယ်မရှိဘူးဆိုရင် အာဗြံ၏အမည်ကို အဘယ့်ကြောင့် အာဗြဟံဟုပြောင်းခဲ့ရပါသနည်း၊ အဘယ်ကြောင့် စာရဲကနေ စာရာသို့ ပြောင်းသွားပါသနည်း၊ ရှောလုကနေ အဘယ့်ကြောင့် ပေါလု ဖြစ်သွားပါသနည်း၊ ရှိမုန်ကနေ အဘယ့်ကြောင့် ပေတရု ဖြစ်သွားပါသနည်း၊ ထိုအရာအားလုံးတွင် အဓိပ္ပါယ်ရှိပါသည်။

51 ၅၁။ ဗက်လင်မြို့နာမည်၏ အဓိပ္ပါယ်မှာ 'ဘုရားသခင်၏ ပေါင်မုန့်အိမ်ကလေး' ဖြစ်သည်။ ယခု ယေရှုခရစ် ဘယ် လိုနေရာချခဲ့လဲဆိုရင်၊ ထာဝရအသက်နှင့်ဆိုင်သော အသက်မုန့်အနေဖြင့် ဖြစ်သည်။ ခရစ်တော်သည် အသက်မုန့်ဖြစ်သည်။ ထို သို့ ကျွန်ုပ်တို့ယုံကြည်ကြပါသည်။ ထိုသို့မဟုတ်ဘူးလား၊ ထိုဗက်လင်မြို့၌ ဘယ်လိုနေရာချ ခဲ့လဲဆိုရင်၊ ကမ္ဘာအလယ်ဗဟိုချက်ရှိ အသက်မုန့်အနေဖြင့် ဖြစ်သည်၊ ထာဝရအသက်၏ အလယ်ဗဟိုချက်မှ အသက်မုန့်ပင် ဖြစ်ပါသည်။ ဒါဘာကြောင့်လဲဆိုရင် ဤနေရာ၌ ဘုရင်ဖွားမြင်တော်မူခြင်းကြောင့် ဖြစ်သည်။ ကိုယ်တော်သည်၊ ရှင်ယောဟန် ၆း၃၅ တွင် မိန့်တော်မူသည်မှာ “ငါသည် ကောင်းကင်ဘုံရှင် ဘုရားသခင်ထံမှလာ သော အသက်မုန့်ဖြစ်သည်။ သင်တို့၏ ဖခင်များသည် တောကန္တာရခရီးကြမ်း၌ မန္နမုန့်ကိုစားခဲ့ကြပြီး၊ အားလုံး သေဆုံးကြရပါသည်၊ ဒါပေမဲ့ ဤအသက်မုန့်မှာ၊ လူတစ်ယောက် ဤမုန့်ကိုစားမယ်ဆိုလျှင်၊ ထိုသူဟာ အမြဲတာဝရ အသက်ချမ်းသာရာရမည် ဖြစ်သည်" ဟူ၍ပင် ဖြစ်ပါသည်။၊ ထို့နောက်၊ ယေရှုသည် အသက်မုန့်ဖြစ်ပါသည်။ ထိုအ သက်မုန့်သည် ဗက်လင်မြို့သို့ကြွဆင်းတော်မူခဲ့ပါသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၏လမ်းခရီးအတွက် အသက် မုန့်ပင်ဖြစ်ပါသည်။ ဣသရေလတို့ကဲ့သို့ဖြစ်သည်။ ဘုရားသခင်သည် ဣသရေလတို့ကို အီဂျစ်ပြည်မှ ထွက်မြောက်၍ ကတိထားတော်မူသောပြည်သို့ခရီးနှင်စေရာ၊ ခန္ဓာကိုယ်နှင့်စပ်ဆိုင်သော အစာမုန့်ကို ပေးအပ်ခဲ့ပါသည်၊ မန္နမုန့်ကို၊ ညအချိန်၌၊ ကောင်းကင်မှကြွေကျစေခဲ့ပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့လျှောက်လှမ်းရမည့် လမ်းခရီးဖြစ်သည်။ ဘုရားသခင်၏ပေါင်မုန့် အိမ်လေးရှိရာ ဗက်လင်မြို့သို့သွားရာလမ်းတလျှောက်၊ အသက်မုန့်ကို ချပေးတော်မူမည် ဖြစ်သည်။ ထိုအရာ၌ ဘယ်လိုဖြစ်မည်ဆိုသောအရာကို သိမြင်ရပါမည်။ ထိုနေရာ၏အမည်ကို ဗက်လင်မြို့ဟု ခေါ်ပါသည်။ ဘုရားသခင်၏ ပေါင်မုန့်အိမ်ကလေးဟုလည်း ခေါ်ပါသည်။ ထို့နောက် ကိုယ်တော် ယေရုရှလင်၌ မည်သို့ဖွားမြင်ခြင်းကို ခံတော်မူမည်နည်း။ ကိုယ်တော် မည်သို့ ရာမုန်-ဂီလီမြို့၌ ဖွားမြင်ခြင်းကိုခံတော်မူမည်နည်း။ ကိုယ်တော်သည် သူ၏နာမရှိရာ 'ဘုရားသခင်၏ ပေါင်မုန့်အိမ်ကလေး ' သို့ကြွဆင်းတော်မူကြောင်းကို သိမြင်ရပါမည်။

52 ၅၂။ အိုသတိရှိပါ ကြွသရေလတို့ဟာ ညစဉ်ညတိုင်း လတ်ဆတ်သောမုန့်အသစ်ကို ရရှိကြပါသည်။ သူတို့၏ ခရီး စဉ်အတွက် ကောင်းကင်မှ ကျဆင်းသောအရာ ဖြစ်ပါသည်။ ခရစ်တော်သည် ကျွန်ုပ်တို့၏ အသက်၊ ကျွန်ုပ်တို့၏ အ သက်မုန့်ဖြစ်သည်။ နေ့စဉ်နေ့တိုင်း ခရစ်တော်ထံမှ လတ်ဆတ်မှုတခုကို ကျွန်ုပ်တို့လက်ခံရရှိပါသည်။ ကောင်းကင်အ ရပ်မှဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် နေ့စဉ်နေ့တိုင်း ယုံကြည်သူများအပေါ်သို့ဆင်းကြွတော်မူသည်။ လတ်ဆတ်မှုပင် ဖြစ်သည်။ မနေ့က အတွေ့အကြုံ ဖြစ်သည်။ ထိုအရာကို ကျွန်ုပ်တို့လုပ်လို့မရပါ။ ဒီနေ့အတွေ့အ ကြုံပင် ဖြစ်သည်။ များစွာသော ကျွန်ုပ်တို့သည် မနေ့က အတွေ့အကြုံများဖြင့် အသက်ရှင်နေကြပါသည်။ အဲဒါဘာ လဲဆိုရင် ကျွန်ုပ်တို့၏ ဂိုဏ်းဂဏများပင် ဖြစ်သည်။ သူတို့သည် ဂျွန်ဝပ်စလီ၏ အတွေ့အကြုံအတိုင်း အသက်ရှင် နေကြပါသည်။ ထရွန်းမူဒီ၊ ဖင်နီ၊ ဆန်ကီ၊ နောက် ကယ်ဗင်နှင့် များစွာသော ကျန်ရစ်ခဲ့သူတို့၏ အတွေ့အကြုံပေါ်တွင် အသက်ရှင်နေကြခြင်း ဖြစ်သည်။ သို့သော် သတိရှိပါ၊ ထိုမုန့်သည် ဆုံးခန်းတိုင်သွားပါပြီ။ သူတို့ဟာ ထိုအရာကို ထိန်းသိမ်းရန် အလွန်အကျွံ ကြိုးစားခဲ့ကြပါသည်။ ထိုအရာမှ မသန့်မပြန့်ညစ်ညမ်းမှုကို ရရှိမည်ဖြစ်သည်။ ထိုအရာ၌ လောက်တွေ ရှိနေပါသည်။ တွန့်လိမ်နေတဲ့ အမြီးငယ်များပင် ဖြစ်ပါသည်။ ယနေ့ထိုအရာသည် ဘာဖြစ်နေပါသလဲ၊ မသန့်မပြန့် အိမ်လာမှ ရေဇလားတစ်လုံးပင်ဖြစ်ပါ၍ တို့မသန့်ရှင်းသော အတိတ်မှပေါင်မုန့်ဖြင့် အသက်ဆက်ခဲ့ကြခြင်း ဖြစ်သည်။

53 ၅၃။ ကျွန်ုပ်တို့တွင် ယေရှုခရစ်တော်မှ အချို့သော လတ်ဆတ်သည့်အရာများ ရှိနေပါသည်။ ကိုယ်တော်၏ နှုတ်ကပတ်တော်သည် ယနေ့ ဤအချိန်နာရီအတွက် ဖြစ်သည်ကို သိမြင်ရပါမည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အ တွက် လတ်ဆတ်မှုဖြစ်သည်။ ယုံကြည်သူများထံသို့ ကောင်းကင်မှ နေ့စဉ်နေ့တိုင်း ကျွန်ုပ်တို့အတွက် အသက်မုန့်ကို ကျဆင်းစေလျက်ရှိသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ ဗက်လင်မြို့ပါသည်။ ထာဝရတည်ရာ ဘုရားသခင်၏ အ သက်မုန့်လေးပင်ဖြစ်သည်။ ခရစ်တော်သည် ဗက်လင်မြို့၌ ဖွားမြင်ခြင်းကို ခံတော်မူပြီ။ ထာဝရတည်ရာ ဘုရားသခင် ၏ အသက်မုန့်အိမ်လေး ဖြစ်လာခဲ့ပါသည်။ ကိုယ်တော်သည် အသက်မုန့် ဖြစ်တော်မူသည်။ ကိုယ်တော်သည် ကျွန်ုပ် တို့၏ ဗက်လင်မြို့ဖြစ်တော်မူသည်။ ယေရှုခရစ်တော်သည် အကျွန်ုပ်၏ ဗက်လင်မြို့ဖြစ်တော်မူသည်။ သဘာဝတရား ၏မုန့်သည် အသက်အတွက်ဝန်ထမ်းဟု ခေါ်ဆိုပါမည်။ ကျွန်ုပ်တို့ခေါ်သော သဘာဝကျသော မုန့်သည်၊ ကျွန်ုပ်တို့အ တွက် ပေ့ါပုံရသည်။ ကျွန်ုပ်တို့ဝန်ထမ်းရခြင်းကို၊ အသက်အတွက် တာဝန်ထမ်းဆောင်သူ ဖြစ်သည်။ ယေရှုဘုရား သည် အသက်အတွက် တာဝန်ထမ်းဆောင်သူ ဖြစ်သည်။ ထာဝရအသက်အတွက် အသက်မုန့်အနေဖြင့် တာဝန်ထမ်း ဆောင်မှုပြုခြင်း ဖြစ်သည်။ အသက်မုန့်၊ ယေရှုခရစ်တော်ဟု ခေါ်ဆိုမှုပြုပါမည်။ အသက်မုန့်ဖြစ်တော်မူခြင်းသည်၊ ဘုရားသခင်၏ ကျွန်ုပ်တို့အတွက် ထာဝရအသက်ရှင်ရာ အသက်မုန့်အဖြစ် ထမ်းဆောင်နေခြင်းကို သိမြင်ရပါမည်။

54 ၅၄။ ကျွန်ုပ်တို့မသွားနိုင်ပါ။ တစုံတခုသည် သေရမည်ဖြစ်သောကြောင့် ကျွန်ုပ်တို့စားနိုင်ပါသည်။ ဒီနေ့မနက် သင်စားသောအခါ သေသောအဖြစ်အပျက်၌ သင်စားခြင်းဖြစ်သည်။ တစုံတခုသောအရာသည် မသေစေပါ။ ပြီး နောက် သင်အသက်မရှင်နိုင်ပါဘူး။ အကြောင်းကတော့ သေသောအရာ၌ သင်၏အသက်ရှင်ခြင်းသက်သက်ကြောင့် ဖြစ်သည်။ အကယ်၍ သင်အသားစားမည်ဆိုလျှင် ဝက်ထီးသည် သေရပါမည်။ သင်ဝက်သားစားမယ်ဆိုရင် ဝက်က သေရပါမည့်အကြောင်း ဖြစ်ပါသည်။ အကယ်၍ အမဲသား၊ သင်စားမယ်ဆိုပါက နွားသည် သေရပါသည်။ “သင်က ဒါပေမဲ့ ကျွန်တော်ကတော့ ပေါင်မုန့်ဘဲ စားတာပါ” ဟုဆိုပါမည်။ အဲဒါလည်း ဂျုံပင်သေပါမည်။ “ဘာကြောင့်လဲ။ ငါစား ခဲ့တာက အစိမ်းရောင်သက်သက်ကိုပါ။” ဟု ဆိုပါမည်။ “အစိမ်းရောင်အပင်လည်း သေရပါသည်။ သင်၏အသက် ရှင်ခြင်းသည် သေခြင်းအကြောင်း သက်သက်ပေါ်၌ အသက်ရှင်ခြင်း ဖြစ်ပါသည်။ ထိုအရာသည် သင်အသက်ရှင် နိုင်သော တခုတည်းသောနည်းလမ်း ဖြစ်ပါသည်။ ပြီးတော့ အကယ်၍ သဘာဝအရ သင်တစ်ယောက်တည်း နေနိုင် သည်ဆိုပါက အသေအားဖြင့်ပင် ဖြစ်ပေမည်။ သဘာဝအရ သင်ရှင်သန်နိုင်ဖို့ရန် တစုံတခု၏ အသက်ဆုံးရှုံးရခြင်း ဖြစ်ပါသည်။ သင်ထာဝရအသက်ရှင်နိုင်ရန် မည်သို့သောအရာတစုံတခုသည် သင်အတွက် အသက်စတေးခံရမည် နည်း။ ခရစ်တော်၏ အသေခံခြင်းပင် ဖြစ်သည်။ ကျွန်ုပ်တို့၌ ထာဝရအသက်ရှင်နိုင်မည့်အင်အားကို ရရှိလာမည်ဖြစ် သည်။ ကိုယ်တော်သည် ဘုရားသခင်၏ ထာဝရအသက်ရရှိရာ မုန့်အိမ်လေးသို့ ဆင်းကြွတော်မူခဲ့ပါသည်။ ထိုအရာကို ကြည့်သောအခါ လတ်ဆတ်လျက်ရှိသည်။ နေ့ရက်အချိန်နာရီတိုင်း ဖြစ်သည်။ ကောင်းကင်ဘုရားသခင်ထံမှ ဆင်းကြွတော်မူခြင်းဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်ထံမှ ဖြစ်သည်။ ဆာလောင်နေသောကျွန်ုပ်တို့ဝိညာဉ်ကို အစာကျွေးခြင်း ဖြစ်သည်။ ကောင်းကင်အရပ်၌ ကျွန်ုပ်တို့ကိုယ်ကျွန်ုပ်တို့အတူတကွ နေရာချကြပါမည်။ ကိုယ်တော် သည် ကျွန်ုပ်တို့၏ ဗက်လင်မြို့ဖြစ်တော်မူသည်။

55 ၅၅။ ထိုနောက် သမ္မာတရားအလုံးစုံနှင့် ယုံကြည်ကိုးကွယ်ရာ ဘုရားသခင်၏သားတော်သည် ဗက်လင်မြို့၌ ဖွားမြင်ခြင်းကို ခံတော်မူသည်။ ယေရှုခရစ်တော်သည် အသက်မုန့် ဖြစ်လာစေရန် ဗက်လင်မြို့၌ ဖွားမြင်ခြင်းကို ခံတော်မူခဲ့ပါသည်။ ထိုအရာသည် အသက်မုန့်အိမ် ဖြစ်ပါသည်။ ထိုနောက် ခရစ်တော်၏ဖွားမြင်ခြင်း၌ ခရစ်တော်ကို စစ်မှန်သော ယုံကြည်သူအယောက်စီ ရှိလာပါသည်။ သူတို့ဟာ ဘုရားသခင်၏ဗက်လင်မြို့၌ မွေးဖွားခဲ့ကြပါသည်။ အာမင်။ ပြီးတော့ ဗက်လင်မြို့၌ ယေရှုခရစ်တော် တစ်ယောက်တည်းသာ ဖွားမြင်တော်မူသည် မဟုတ်တော့ပါ။ ကျွန်တော်လည်း ဗက်လင်မြို့၌ မွေးဖွားခြင်းကို ခံရပြီးဖြစ်သည်။ ထိုသို့ဖြစ်အောင် သင်ဘယ်လိုလုပ်ဆောင် ပါမည် နည်း။ ဤအရာတွင် ဖီးနစ်ငှက်အမှန်တကယ် ရှိနေပါပြီ။ အရီဇိုးနားလည်း ဖြစ်နေပါပြီ။ ဒီမနက်ခင်းသည် ရာမဒါ၌ ရောက်နေခြင်း ဖြစ်ပါသည်။ ဘုရားသခင်၏ ဗက်လင်မြို့၌ သင်တဖန်ဒုတိယ မွေးဖွားခြင်းကို ခံနိုင်ပြီဖြစ်သည်။ ထာဝရအသက်သည် အသက်မုန့်အိမ်၌ပင် ဖြစ်သည်။ ထိုမုန့်ကိုစားသောအခါ အစဉ်အမြဲ အသက်ရှင်ခွင့်ရပြီး ဖြစ်သည်။

56 ၅၆။ အဘယ်ကြောင့် ဗက်လင်မြို့ငယ်ဖြစ်ပါသနည်း။ ထိုအရာသည် ယနေ့ပင်ဖြစ်သည်။ “အဘယ်ကြောင့် သန့်ရှင်းနိုးထ သော လူစုငယ်တခု ဖြစ်နေပါသနည်း။ ဤအရာ ထိုအရာတွေနဲ့တခြားသောအကြောင်းအရာတွေက အဘယ်ကြောင့်နည်း။ လူတွေဟာ အဲဒီအရာတွေအကြောင်း အားလုံးမသိပါဘူး။”

သို့သော်ထိုအရာကို သန့်ရှင်းသောဝိညာဉ်တော်ဖွင့်ပြတော်မူ၏။ နှုတ်ကပတ်တော်သည် ထိုအရာကို ဖော်ပြ တော်မူသည် ထိုအရာသည်

ဘုရားသခင် နှုတ်ကပတ်တော်၏ ဖွင့်ပြတော်မူခြင်းဖြစ်သည်။ ယေရှုခရစ်နှင့် တောက် လျှောက်ကျွန်ုပ်တို့တည်နေသ၍ အသက်ရှိမည်ဖြစ်သည်။ ကိုယ်တော်တဦး၌သာ တည်နေရပါမည်။ ကျွန်ုပ်တို့၏အ ဖွဲ့အစည်း ကျွန်ုပ်တို့၏ ဂိုဏ်းဂဏ ကျွန်ုပ်တို့၏ ခြားနားချက်များကို ဘုရားသခင်နှင့် သီးသန့်ခွဲထားရပါမည်။ ကျွန်ုပ်တို့တွင် ဘုရားသခင်ထံသို့ရောက်ရန် ဝင်ခွင့်လမ်းတခုရှိနေပါသည်။ ထိုလမ်းမှာ ယေရှုခရစ်တော်နှင့် ဖြတ်သန်းခြင်းဖြစ် သည်။ အခြားသောနည်းလမ်းမရှိပါ။ ကျွန်ုပ်တို့ဟာ ဘုန်းတော်ကြီး၊ တရားဟောဆရာ စနစ်ပုံစံတို့ဖြင့် ဖြတ်သန်းနိုင် မည်မဟုတ်ပါ။ ဘယ်လိုအရာမျိုးနှင့်မျှ ဖြတ်သန်းသွား၍ မရနိုင်ပါ။ ယေရှုခရစ်တော်နှင့် သူ၏စွန့်လွှတ်ပူဇော်ခြင်း တခုကသာ ဖြတ်သန်းနိုင်မည်ဖြစ်သည်။ ကိုယ်တော်သည် ဘုရားသခင်၏ အသက်မုန့်အိမ်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၌ မွေးဖွားခဲ့ကြပါပြီ။ အကယ်၍ ကိုယ်တော်သည် ဘုရားသခင်၏ အသက်မုန့်အိမ်ကလေး ဖြစ်ခဲ့မည်ဆို ပါက ကိုယ်တော်သည် ဗက်လင်မြို့လည်း ဖြစ်ပါသည်။ ထိုကြောင့်ခရစ်တော်၌မွေးဖွား၍ ကျွန်ုပ်တို့သည် ဗက်လင်မြို့၌ အတူတကွနေထိုင်ကြပါမည်။ ကိုယ်တော်နှင့်အတူ စားသောက်ကြပါမည်။ ကိုယ်တော်သည် မည်သို့ပုဂ္ဂိုလ်ဖြစ်ပါ သလဲ။ ကိုယ်တော်သည် နှုတ်ကပတ်တော်ဖြစ်ပါသည်။ “အစအဦး၌ နှုတ်ကပတ်တော် တည်တော်မူ၏။ နှုတ်ကပတ် တော်သည် ဘုရားသခင်၌ တည်တော်မူ၏။ နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်တည်တော်မူ၏။” ကျွန်ုပ်တို့ရည် ရွယ်ချက်တခုခုဖြင့် အသက်ရှင်သောအခါ ထိုအရာပေါ်၌ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို စားသုံးကြပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ဝိညာဉ်ရေးရာနှင့်ဆိုင်သောဗက်လင်မြို့၌ နေထိုင်နေရခြင်းဖြစ်သည်။ ဘုရားသခင်၏ ဝိညာဉ်ရေးရာ အစာကိုစား ကြရပါသည်။ ကျွန်ုပ်တို့၏ဝိညာဉ်သည် စကားလုံးတိုင်းကို ကိုယ်တော်မိန့်တော်မူသော “အာမင်” ဟူသောစကားဖြင့် ဖြတ်တောက် ကြရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကောင်းကင်နိုင်ငံရှိ ကောင်းကင်တမန် စားသောအစာကြောင့် ဝမ်းမြောက်ခြင်း ရှိကြပါသည်။

57 ၅၇။ “သူတို့ကို လိုက်ပါစေသည့် ဤ လက္ခဏာများမှာ ယုံကြည်ခြင်းဖြစ်သည်။” ဟု ထိုအခါက ဆိုခဲ့ပါသည်။ “အိုး .. ဒါမဟုတ်ဘူး။ အဲဒါကြောင့်မဟုတ်ဘူးလို့” ဘာသာအယူဝါဒများနှင့် ဂိုဏ်းဂဏများက ဆိုကြပါမည်။ သို့သော် ဗက်လင်မြို့၌ မွေး ဖွားခြင်းကို ခံသော စစ်မှန်သည့်ပုဂ္ဂိုလ်ကတော့ “အာမင်” ဟု ဆိုပါမည်။

“ကျွန်ုပ်ဆောင်ရွက်ရမည့် ကိစ္စများကဲ့သို့သင်လည်း ဆောင်ရွက်မည်ဖြစ်သည်။” “ထိုအရာသည် စိတ်ခံစားမှု အရ လုပ်ဆောင်သော အစုအဝေးဖြစ်သည်” ဟု ဂိုဏ်းဂဏကဆိုပါသည်။ သို့သော်စစ်မှန်သော ဗက်လင်သည် ဗက်လင်မြို့၌ အခြေချသူကတော့ “အာမင်”ဟု ဆိုပါမည်။ အဘယ်ကြောင့်ဆိုသော သူသည်ကောင်းကင်တမန် စားသောအစာ၌ ကျေနပ်နှစ်သိမ့်မှုရှိသော ကြောင့်ဖြစ်သည်။ “အကယ်၍ သင်သည် ငါ၌တည်လျှင် ငါစကားသည် သင်၌တည်မည်။ သင်ဘာဖြစ်မည်ကိုစုံစမ်းပါ။ သင်အတွက် ထိုအရာသည် အမှုပြုလာမည်ဖြစ်သည်။” “အာမင်”

အိုး .. ထိုသို့သောအရာကို မြင့်မားသောအတွေးအခေါ်အမြော်အမြင်ဖြင့် ဘယ်တော့မှ မြင်နိုင်မည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် အသက်ကြီးသူတို့၏ မိရိုးဖလာတို့ကို အလွန်အကျံ ဆွဲကိုင်ထားပါသည်။ ကျွန်ုပ်တို့သည် အချို့တရား ဟောပလ္လင်၌ နေရာကျရန် ကျွန်ုပ်တို့၌ရှိသော အရာအားလုံးတို့နှင့် ဗှက်ဖဲကို အလွန်အမင်း ထုတ်ပိုးပြင်ဆင် ထားတတ်ပါသည်။ သူတို့ထိုသို့မဟုတ်ကြပါ။ သင်တို့ကိုသင်တို့နှိမ့်ချခြင်းဖြင့် ဘုရားသခင်၏ ပလ္လင်တော်ဆီသို့ချည်းကပ်နိုင်ပါသည်။ ယေရှုခရစ်တော်ဆိုသော ဘုရားသခင်၏ အသက်အိမ်အတွင်းသို့ဝင်ရောက်နိုင်ပါသည်။ ကိုယ်တော်၏ ဖြစ်တည်မှု၌ အစဉ်အမြဲအသက်ရှင် နိုင်ပါသည်။ ယေရှုခရစ်တော်ရှိရာ ကောင်းကင်အရပ်၌ ချီးမြှောက် ခြင်းကိုပြုလျက် နှုတ်ကပတ်တော်ဖြင့် ပွဲခံကြပါမည်။ ထိုအရပ်သည် ဘုရားသခင်၏ ဗက်လင်မြို့ပင် ဖြစ်ပါသည်။

58 ၅၈။ ဒီမနက်ခင်း၊ ဒီနေရာမှာ ကျွန်ုပ်တို့လူဘယ်ယောက်ရှိပါသလဲ။ သင်တို့၏ မိရိုးဖလာ အစဉ်အလာများကို မေ့ ပျောက်ဖို့ ဘယ်နှစ်ယောက် အလိုရှိပါသနည်း။ နှုတ်ကပတ်တော်၌ သွေ့ဖယ်လျက်ရှိသည့် သင်တို့၏အယူဝါဒများကို မေ့ပျောက်ဖို့ဘယ်နှစ်ယောက် ဆန္ဒရှိပါသလဲ။ သင်တို့၏မိရိုးဖလာ အစဉ်အလာများကို မေ့ဖျောက်ဖို့ဘယ်နှစ်ယောက် အလိုရှိပါသနည်း။ နှုတ်ကပတ်တော်၌ သွေဖယ်လျက်ရှိသည့် သင်တို့၏ အယူဝါဒများကို မေ့ဖျောက်ဖို့ဘယ်နှစ် ယောက် ဆန္ဒရှိပါသလဲ။ အဘယ့်ကြောင့် ကျွန်ုပ်တို့၌ ပြန်လည်နိုးကြားမှု မရှိရပါသနည်း။ ဤသို့သောအရာများ ကိုရယူဖို့အဘယ့်ကြောင့် ရှိမနေကြပါသနည်း။ နိုးထတက်ကြွသော ပန်တီကော်စတယ် အသင်းတော်၌ ဘာဖြစ်နေ ကြသလဲ။ သူဘာသာသူ ဖွဲ့စည်းနေပါသည်။ အဲဒါပဲ ဖြစ်ပါသည်။ သင်ဟာ နိုးကြားတက်ကြွသော ပန်တီကော်စ တယ်ကို အုပ်ချုုပ်၍မရပါ။ သင်သည် အဖွဲ့အစည်းတစ်ခုကို တည်ထောင်နိူင်ပါသည်။ သို့သော် ပန်တီကော်စတယ် ခေါ် နိုးကြားတက်ကြွမှုရှိသည့် အသင်းတော်ကတော့ ကောင်းချီးတစ်ခုပင်ဖြစ်၍ ဘုရားသခင်၏ ဘုန်းတန်ခိုးပင် ဖြစ်ပါသည်။ အကယ်၍ူ စစ်မှန်သော နိုးကြားတက်ကြွသည့် ပန်တီကော်စတယ် အသင်းတော်ဖြစ်မည်ဆိုပါက။ အယူဝါ ဒတခုအတွက် နှုတ်ကပတ်တော်မှ ဘယ်တော့မှ သွေဖယ်သွားမယ် မဟုတ်ပါ။ နှုတ်ကပတ်တော်ကိုယူတင် ဝတ်ဆောင်ကြရမယ် ဖြစ်ပါသည်။ အမှန်ပင် ယူတင်ဝတ်ဆောင်ကြရပါမည်။ အဘယ့်ကြောင့်ဆိုသော ထိုအရာသည် လောကနှင့် လောကအရာများမှ ဖြတ်တောက်ပစ်ခြင်း ဖြစ်ပါသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်တစ်ခုတည်း ၌သာ အခြေချ၍၊ ယုံကြည်ရပါမည်။ ကျွန်ုပ်တို့သည် ဗက်လင်မြို့၌ရှိနေပြီး၊ ဘုရားသခင်၏ နိုင်ငံတော်အတွက် ရွေးကောက်ခံကိုယ်စားလှယ်များပင် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ထာဝရအသက်မုန့်ကို စားခဲ့ကြပါသည်။ မွေးဖွားခဲ့ကြပါသည်။ ဘုရားသခင်သည် အသက်မုန့်ဖြစ်၍ ဗက်လင်မြို့၌ ဖွားမြင်ခြင်းကိုခံတော် မူသည်။ ဝိညာဉ်ရေးရာ အသက်မုန့်ရှိလာစေရန်ပင် ဖြစ်ပါသည်။ ထာဝရအသက်သည် ဘုရားသခင်၏အိမ်တော်၌ တည်တော်မူသည်ကို၊ ကျွန်ုပ်သည် ဗက်လင်မြို့၌ ဖွားမြင်ခဲ့ပါပြီ။ ဒီမနက်ခင်းမှာကျွန်ုပ်တို့မွေးဖွားခဲ့ခြင်း ဖြစ်သည်။ ယေရှုခရစ်၌ ကျွန်ုပ်တို့မွေးဖွားသောအခါ ကိုယ်တော်သည် ဘုရားသခင်၏ မြို့တော် ဖြစ်ခြင်းအတွက် ဖြစ်ရပါသည်။ ယေရှုခရစ်တော်သည် ဘုရားသခင်၏ ထာဝရအသက်မုန့်အိမ်လေးပင် ဖြစ်ပါသည်။

59 ၅၉။ ကိုယ်တော်သည် ကျွန်ုပ်တို့ခရီးလမ်းအတွက် အသက်ရေ ဖြစ်ပါသည်။ ယခု ကိုယ်တော်သည် အသက်ရေဖြစ် ကြောင်းကို ကျွန်ုပ်တို့ သိပါသည်။ ဣသရေလတို့၏ ခရီးလမ်းကဲ့သို့ဖြစ်ပါသည်။ သူတို့ ကျောက်ခဲကို ရိုက်လိုက် ပါသည်။ ကောင်းကင်မှမန္နမုန့်

ပြုတ်ကျလာပါသည်။ ကျောက်ခဲကိုရိုက်ခြင်းဖြင့် ရေရှည်အတွက် လမ်းခရီးတွင် သူတို့အသက်ရှင်ရသော အရာကိုရခဲ့ကြပါသည်။ ဘုရားသခင်သည် ကျောက်ခဲတစ်လုံးကို ရိုက်ပုတ်လိုက်သည် မောရှေအားဖြင့် ထိုသို့ဖြစ်ပေါ်စေခဲ့သည်။ သူ၏ပရောဖက်သည် ကျောက်ခဲကို ရိုက်ခဲ့ပါသည်။ ထိုအရာသည် ဘာဖြစ်ခဲ့ပါသနည်း။ ကျောက်ခဲကို ဖွင့်လိုက်ပါ။ ယေရှုခရစ်တော်သည် ကျောက်ဖြစ်တော်မူသည်။ ထိုအရာကို သင်ယုံကြည်ပါသလား။ အရာအားလုံးမှန်ကန်ပါသည်။ ထို့နောက် ပရောဖက်သည် အသက်ထွက်ပေါ်လာစေရန် ကျောက်ခဲကို ဖွင့်ဟလိုက်ပါသည်။ ထို့နောက် ကျောက်ခဲဖြစ်မည်ဆိုပါက ယနေ့တစုံတယောက်သောသူအတွက် လိုနေသောအရာမှာ သန့်ရှင်းသောဝိညာဉ်တော် ဖြစ်ပါမည်။ ထိုသူသည် ကျောက်ခဲကို နောက်ပြန်ရိုက်မည်သူ ဖြစ်ပါသည်....အာမင်။ နှုတ်ကပတ်တော် ယိုဖိတ်ကြပါစို့။ အဘယ့်ကြောင့်ဆိုသော် ကိုယ်တော်သည် နှုတ်ကပတ်တော် ဖြစ်သောကြောင့် ပေတည်း။

60 ၆၀။ ကျွန်ုပ်တို့တွင် အယူဝါဒ သဘောတရားများ အပေါ်တွင် လမ်းလွဲရှိနေပြီး အိမ်သာရေခွက်ထဲတွင်ရှိသော ရေသေကို သောက်သုံးနေကြခြင်း ဖြစ်ပါသည်။ ယနေ့ကျွန်ုပ်တို့ဘာကိုလိုအပ်နေလဲဆိုရင် အသက်ရှင်ခြင်းအတွက် နှုတ်ကပတ်တော်ကို ဖွင့်ရန်လိုနေခြင်း ဖြစ်ပါသည်။ ကိုယ်တော်သည် မနေ့ကနှင့် တပုံစံတည်း ရှိနေပါသည်။ ယနေ့နှင့်အစဉ်အမြဲ တူညီနေအုံးမည် ဖြစ်သည်။ ကိုယ်တော်သည် မကျရှုံးနိုင်ပါ။ သူတို့က စိတ်ပိုင်းဆိုင်ရာ ဆက်သွယ်မှုဟု ခေါ်ဆိုနိုင်ကြပါသည်။ သူတို့ ဘယ်လိုပဲခေါ်ခေါ် ခေါ်ချင်သလို ခေါ်ဆိုနိုင်ပါသည်။ ဒါမှမဟုတ် ဝိညာဉ်လောက ကျွမ်း ကျင်သူများ သို့မဟုတ် မကောင်းမှုဒုစရိုက်တခု ခေါ်ဆိုနိုင်ပါသည်။ တဆက်တည်းပင်ဆိုသလို နှုတ်ကပတ်တော်သည် လွတ်လပ်စွာ စီးဆင်းနေပါသည်။ ထိုသို့ဖြစ်လာမည်ဟု ဆိုသောအရာကို အတိအကျ ဖော်ထုတ်လျက်ရှိသည်။ ဒါဝိဒ်၏အိမ်တော်တွင် တဖန်ရေပန်းတခု တည်ရှိနေပါသည်။ ဗက်လင်မြို့နောက်တွင် တည်ရှိနေပါသည်။ ယေရှုခရစ်တော်သည် မနေ့ယနေ့နောင်ကာလ အစဉ်အမြဲ မပြောင်းမလဲ တူညီမှုရှိပါသည်။ ကိုယ်တော်၏ ဗက်လင်မြို့၌ နေထိုင်ကြသူတို့သည် ထိုသို့ အသက်ရှင်နေကြပါသည်။ ထိုအရာ၌ အသက်ရှင်နေရခြင်း ဖြစ်သည်။ ဣသရေလ လူမျိုးတို့ကဲ့သို့ဖြစ်သော ကျွန်ုပ်တို့အတွက် အသက်ခရီးလမ်း၏ သက်စမ်းရေပင် ဖြစ်ပါသည်။

61 ၆၁။ ဒါဝိဒ်၏ကြီးမားသော အတွေ့အကြုံတခု ဖြစ်သည်။ ထိုအကြောင်းကို သင်ဖတ်ရှုလိုပါက ဓမ္မရာဇဝင်ဒုတိယ စောင် ၃၅း၁၅တွင် ဖတ်ရှုနိုင်ပါသည်။ အစပိုင်းတွင် ကျွန်ုပ်တို့ဒါဝိဒ်အကြောင်း ဖတ်ရှုရပါမည်။ ဗက်လင်မြို့၌ မွေးဖွားခဲ့ခြင်းအကြောင်း ဖြစ်ပါသည်။ ဒါပေမဲ့ သူဟာ တရားခံပြေးဝရမ်းပြေးတယောက် ဖြစ်လာခဲ့ပါသည်။ အို ဘယ် လိုမြင်ကွင်းတစ်ခု ဖြစ်ပါသလဲ၊ ပါလက်စတိုင်းတို့၌ ထိုအချိန်က ထိုမြေကြီးပေါ်တွင် တပ်စွဲထားပါသည်။ အကြောင်းမှာ ရှောလုကြောင့် ဖြစ်ပါသည်။ ထိုရှင်ဘုရင်သည် ဣသရေလအားလုံးကို အပြစ်သို့ ဆွဲချသွားသူ ဖြစ်သည်။ ဘုရားသခင် မှ အဝေးသို့ရောက်စေသော ကျဆုံးခန်းပင် ဖြစ်ပါသည်။ ဘုရားသခင်နှင့် ရန်သူဖြစ်လာခဲ့ပါသည်။ ပြီးတော့ တပ်ချထားခြင်းကို ခံခဲ့ရပါသည်။ ပါလက်စတိုင်းတို့သည် ဗက်လင်မြို့ဝန်းကျင်၌ တပ်စွဲထားခြင်း ဖြစ်သည်။ ဒါဝိဒ်သည် သူ၏အိမ်သို့ ပြန်ရန် ကြိုးစားခဲ့ခြင်း ဖြစ်သည်။ ထိုသို့မလုပ်ဆောင်နိုင်ခဲ့ပါ။ တောကြီးမျက်ကြီးထဲသို့ရောက်ရှိသွားပါ သည်။ အဘယ့်ကြောင့်ဆိုသော် လူတို့အတွက် သူဟာတရားခံပြေးတယောက် ဖြစ်လာသောကြောင့် ဖြစ်သည်။ ထိုအ ရာမှာ ဖြုတ်ထုတ်လိုက်ခြင်း ဖြစ်ပါသည်။

62 ၆၂။ ယနေ့ဘယ်လိုပဲဖြစ်ဖြစ် ခရစ်တော်၏ ဝရမ်းပြေးဆိုသော ရုပ်ပုံလွှာသည် လှပလျက်ရှိသည်။ ကိုယ်တော် သည် ဖြစ်တော်မူသည် ယခု သင်က ထိုအရာ မဟုတ်နိုင် ဟုဆိုပါသည်။ ကောင်းပါပြီ။ သမ္မာကျမ်းစာကို ယုံကြည်လျှင် ဖြစ်နိုင်ပါသည်။ သမ္မာကျမ်းစာက မိန့်တော်မူထားပါသည်။ လောဒိကိကာလ အသင်းတော်ထဲ ရောက်နေပြီ ဖြစ်သည်။ ခရစ်တော်သည် အသင်းတော်၏ အပြင်ဘက်၌သာ ရှိနေခဲ့ရပါသည်။ တံခါးခေါက်နေခဲ့ပါသည်။ သူပိုင်သောအသင်း တော်ကို သူထံသို့ပြန်လှည့်လာစေရန် ကြိုးစားခဲ့ခြင်း ဖြစ်သည်။ တရားခံပြေးတယောက်သည် တစုံတခုကို ငြင်းပယ် တက်ပါသည်။ ငြင်းပယ် ခံရတက်ပါသည်။ နှုတ်ကပတ်တော်နှင့် သန့်ရှင်းသောဝိညာဉ်တော်သည် ငြင်းပယ်မှုပြုပါ သည်။ အဲဒါအမှန်ပဲ ဖြစ်ပါတယ်။ ထိုနေရာသို့သင်မရောက်နိုင်ပါ။ အကယ်၍ ကိုယ်တော်ကို သင်လက်ခံမယ်ဆိုပါက ထိုအရပ်မှ သင်လွတ်မြောက်ကာ ကိုယ်တော်ထံရောက်မည် ဖြစ်သည်။ ကိုယ်တော်ထံ ရောက်ရန် ထိုနေရာကို သင်စွန့်ခွာလိုက်ပါ။ ကိုယ်တော် ထိုအရပ်၌ မနေနိုင်ပါ။ ဒါကြောင့် သူတို့သည် သူတို့၏ဘာသာအယူဝါဒများအပေါ်တွင် အခြေပြုကြပါသည်။ သူတို့ကို သင်ဟာ ပြောသည့်အရာများကို သူတို့လက်ခံခွင့်ပြုခြင်း မရှိပါ။ သင်ယုံကြည်သော ထိုအရပ်တွေကို သူတို့ခွင့်မပြုပါ။

သူတို့ ကိုယ်တော်၏ နာမတော်ကို သင်ယုံကြည်လား ဟုဆိုပါသည်။

အို လမ်းတခုတွင် ဖြစ်သည်။ ကိုယ်တော်၏ နာမတော်ဖြစ်ပါသည်။ ယခု ထိုအရာသည် ဗက်လင်မြို့၌ တည်ရှိနေခြင်း မဟုတ်ပါ။ မဟုတ်ဘူး၊ မဟုတ်ရပါ။ ထိုအရာမှာ ရေအိမ်ထဲမှ ရေသေကို သောက်သုံးနေခြင်း ဖြစ်ပါသည်။ နောက်ပြန် လှည့်ပါမည်။ လွန်ခဲ့သောနှစ်များစွာကတည်းက မသန့်မပြန့်ဖြစ်နေသည့် ပေါင်မုန့်ဟောင်းတခုလို့ခံစားရပါသည်။ “ဟိုးဥစ္စာ...ထိုအရာအကြောင်း ဘယ်လိုပြောရမည်နည်း။ သူတို့ခေတ်ကာလက သူတို့အတွက် အဆင်ပြေကောင်း ပြေခဲ့ပေလိမ့်မည်။ ဤနေ့ရက်သည် အခြားသော နေ့ရက်ဖြစ်သည်။ ဤနေ့ရက်ကာလသည် ဘုရားသခင်၏ နေ့ရက် ကာလ ဖြစ်သည်။ ဤနေ့ရက်သည် အခြားသော အသင်းတော်ကာလ နေ့ရက်ဖြစ်သည်။ ဖီလဒေလဖိ အသင်းတော် ခေတ်ကာလ မဟုတ်ပါ။ လောဒိတိအသင်းတော် ခေတ်ကာလ ဖြစ်သည်။ ငြင်းပယ်ခြင်းကို ခံရ၍ ခရစ်တော်သည် သူပိုင်သော အသင်းတော်၌ တရားခံပြေးတယောက် ဖြစ်လာကာ အပြင်သို့တွန်းထုတ်ခြင်းကို ခံနေရပါသည်။ ကိုယ်တော်သည် နိုင်ငံခြားသည် ဧည့်သည် ဖြစ်နေပါသည်။

63 ၆၃။ ကိုယ်တော် အမှန်ဆင်းကြွတော်မူ နိုင်ပါသည်။ လူတို့အကြားတွင် အမှန်အမှု ပြုတော်မူနိုင်သည်။ ဤနေရာ တွင် ကိုယ်တော်ပြုခဲ့သောအရာနှင့် တူညီသောအရာကို လုပ်ဆောင်ပါသည်။ ထိုသို့သည်မှာ နောက်ဆုံးနေ့ရက် ကာလ၌ ကိုယ်တော် အမှုပြုတော်မူမည် ဆိုသော တူညီသည့် အမှတ်အသားကို ပေးထားခြင်း ဖြစ်သည်။ သောဒုံမြို့၌ ဖြစ်ခဲ့သလို ကိုယ်တော်မိန့်တော်မူထားသည့် ကိစ္စများဖြစ်ပေါ်လာပါလိမ့်မည်။ အသင်းတော်ထဲတွင် ကိုယ်တော် ဘယ်လိုအမှုပြုမည်ကို ကျွန်တော်တို့သိပါသည်။

ကျွန်တော်တို့ဘီလီဂရေဟမ်ကို မြင်ကြပါသည်။ ထိုအရာမှာ သတင်းစကား ပို့ဆောင်သူတို့သည် အသင်းတော်ဂိုဏ်း ဂဏဆီသို့

ဆင်းသွားကြရပါသည်။ ထိုနေရာ၌ သူ တို့ တရားဟောကြရပါသည်။ ့ သူတို့ကို အပြင်သို့ခေါ်ထုတ်နေပါ သည်။ နှုတ်ကပတ်တော် ကို ယုံကြည်ရန် သူတို့ပြောကြရပါသည်။ သောဒုံမြို့သို့သူ တို့ ထွက်ခွာကြရပါသည်။

64 ၆၄။ အာဗြဟံအုပ်စုကတော့ သောဒုံမြို့မှ မပါဝင်ခဲ့ပါ။ သူတို့ကို အရင်ကတည်းက နှုတ်ဆောင်ခံရပြီး ဖြစ်သည်။ ကောင်းကင်တမန်ကို ကြည့်ပါ။ သူတို့အတွက် ထိုနေရာ၌ ကိုယ်တော်ဘာလုပ်ခဲ့လဲ ဆိုသောအရာကို ဖြစ်သည်။ အမှတ်အသား တခုအတွက် ဖြစ်သည်။ ထိုအရာကို သူတို့သိပါသည်။ တူသောကိစ္စကို ဆောင်ရွက်နိုင်ပါသည်။ လူတွေကတော့ 'အို ကောင်းပြီ ထိုအရာကို မယုံနှင့်' ဟုဆိုပါသည်။ အဘယ့်ကြောင့်နည်း။ အဘယ့်ကြောင့်ဆိုသော် သူတို့သည် ခရစ်တော်ကို သူတို့အဖွဲ့အစည်း၌ တရားခံတယောက် ဖြစ်စေခဲ့ခြင်းကြောင့် ဖြစ်သည်။ ထိုအရာ၌ သူတို့သည် ပြင်ပမှလာသော ဧည့်သည် ဖြစ်နေခဲ့ပါသည်။ နိုးထတက်ကြွမှုရှိသည် ပန်တီကော်စတယ်များနှင့် အားလုံး အတူတကွပင် ဖြစ်သည်။ ယခု ထိုအရာသည် အတိအကျ စစ်မှန်သောအရာပင် ဖြစ်သည်။ အပွန်းအပဲ့ အနာအဆာများ ရှိကြောင်း ကျွန်တော် သိသော်လည်း နားထောင်မှုပြုပါသည်။ ဘယ်အရာမှ ထို သို့ မဟုတ်ဘူးဆိုလျှင်..... အကယ်၍ သမ္မာတရားဖြစ်မည်ဆိုရင် ထိုအရာသည် အပွန်းအပဲ့ အနာအဆာများ ရှိလာမည် ဖြစ်သည်။ ဒါအမှန်ပင် ဖြစ်သည်။ သမ္မာတရားဖြစ်လာပါမည်။

65 ၆၅။ ယခု ယခု ဒါဝိဒ်ကိုကြည့်ပါ ထိုအရပ်၌ သူရှိစဉ်အခါ ဒါဝိဒ်သည် သူ၏အင်အားကြီးသော အောင်မြင်ခြင်း အကြောင်းကို မြင်မက်ခဲ့ပါသည်။ သူလိုဏ်ခေါင်းထဲနေခဲ့ရပါသည်။ နောက်ပြန်ဆုတ်ခဲ့ရပါသည်။ အဝေးကို ထွက်ပြေးခဲ့ရပါသည်။ မြို့ပြင်ရှိ ၁၅မိုင်ခန့် အကွာအဝေးနေရာသို့ဖြစ်သည်။ သူပြန်လာပြီး ထိုနေရာကို သတိပြုမိခဲ့ပါ တယ်။ သူမွေးဖွားရာ သူ၏ချစ်လှစွာသော မွေးရပ်မြေပင် ဖြစ်ပါသည်။ ထိုနေရာတွင် ဆက်လက်၍ သူဘုရင်အဖြစ် ဘိသိက်ပေးခြင်းကို ခံခဲ့ရပါသည်။ အစ္စရေးတွင် အခြေချနေထိုင်မှု ပြုကြပါသည်။ သူတို့၏ နေ့ရက်ကာလများကို ယ နေ့ ဂျာမနီများကဲ့သို့တစုံတခု တူညီမှုရှိပါသည်။ သူတို့မှာ မြို့ငယ်လေးတွေ ရှိပါသည်။ ပြီးတော့ အကာအ ကွယ်ဖြစ်စေရန် ထိုမြို့ငယ်လေးတွေထဲမှ နေထိုင်မှုပြုကြပါသည်။ ထိုနောက် သူတို့ရဲ့သိုးတွေ၊သူတို့ရဲ့ကျွဲနွားတွေကို မြို့ပြင်ဆွဲထုတ်သွားပါသည်။ အစာကျွေးတယ်၊ တဖန်မြို့ထဲပြန်မောင်းသွင်းပါတယ်။ ညနေပိုင်းမှာ ထိုကျွဲနွားတွေကို ခြံထဲပြန်ထည့်ထားပါသည်။

66 ၆၆။ ဒါဝိဒ်အနေဖြင့် မြို့ကို အထင်အမြင်သေးခဲ့ပါသည်။ ဘုရားသခင်သည် သူ့အားဖြင့် အမှုပြုတော်မူသည်။ သို့သော် အင်အားကြီးမားနက်ရှိုင်းသည့်အရာကို အမှတ်ရစေရန် အစပြုလေပြီ။ ခန်းနားကြီးကျယ်သည့် အောင်မြင် မှုမှာ ဘုရားသခင်သည် သူ့အားဖြင့် အနိုင်ရစေခြင်းပင် ဖြစ်သည်။ ဒါဝိဒ်သည် သူ၏သိုးများကို တောင်ကုန်းများ ပေါ်တွင် သိုးကျောင်းစဉ် နေ့ရက်တရက်က ဖြစ်ပေမည်။ သူသည် စားကျက်မြေပေါ်သို့လဲလျောင်းလို့နေပါ၏။ ဤသို့ဖြင့် ဆက်လက် ဝက်ဝံတစ်ကောင် ရောက်လာခဲ့ပါသည်။ ပြီးတော့ သိုးသူငယ်လေး တစ်ကောင်ကို ဆွဲသွားပါ တော့သည်။ ထိုနောက်ဒါဝိဒ်သည် ထွက်သွားပြီး။ဝက်ဝံကို သတ်ဖြတ်ခဲ့ပါသည်။ ဘုရားသခင်ဒါဝိဒ်ကို အောင်နိုင် သောအခွင့် ပေးတော်မူသော အကြောင်းမှာ ဒါဝိဒ်သည် သူ့ဖခင်၏သိုး တို့ကို စောင့်ရှောက်လော့ ဆိုသောစကားကို တသွေမတိမ်း လိုက်နာခဲ့ခြင်းကြောင့် ဖြစ်သည်။ သိုးတို့ကို စောင့်ရှောက်ရန်မှာ ဒါဝိဒ်၏ အလုပ်ဖြစ်သည်။ အို သင်းအုပ်ဆရာတို့ထိုအရာမှာ သင်တို့၏ အလုပ်ဖြစ်ပေ၏ သိုးတို့သည် သိုးအစာကိုသာ စားကြပါသည်။ အချိန်ဇယား၊ လုပ်ငန်းဆောင်တာတို့ကို မစားကြပါ။ သိုးစားသောအစာကိုသာ စားကြပါသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော် ကိုသာ စားကြပါ၏။ တစုံတယောက် ရောက်လာ၍ ယူသွားကာ ထွက်ပြေးသွားပါသည်။ တယောက်ယောက်ရောက် လာပြီး တခုခုယူကာ တစုံတခုကို ဆောင်ထုတ်သွားပါသည်။ ထိုအရာပြီးနောက် သူထွက်သွားပါ၏ ခြင်္သေ့တကောင် ရောက်လာကာ တစုံတခုကို ဆွဲထုတ်သွားပါသည်။ ထိုသို့ပြုပြီး သူထွက်သွားပါသည်။ ထိုသို့သော အရာကိုရသည့် တိုင်အောင် သူ့၌ စိတ်ကျေနပ်မှု မရှိပါ။

67 ၆၇။ ကြီးမားသော အောင်မြင်မှုကို သူ့အားပေးအပ်သည့် တနေ့သောအချိန်ကာလမှာ ဣသရေလအားလုံး နောက်ဆုတ်ခဲ့ရသည့် အခြေအနေကို သူတွေ့မြင်ရသော အချိန်ပင် ဖြစ်သည်။ ဣသရေလတို့သည် အလုံးစုံသော အယူဝါဒများနှင့် အရာရာတိုင်းကို ကြားသိခဲ့ဖူးပါတယ်။ သူတို့မှာ အားလုံးရှိနေ ခဲ့ပါတယ်။ သူတို့အားလုံး ဗိမာန် တော်သို့သွားကြပါသည်။ သူတို့အားလုံး အရေဖျားလှီးခြင်းမင်္ဂလာကို ပြုကြပါသည်။ သူတို့အားလုံး စစ်မထွက်ခင် ယဇ်ပရောဟိတ် အကြီးအကဲများထံသို့သွား၍ ကောင်းချီးခံယူကြပါသည်။ သို့သော် သဘာဝလွန် ဖြစ်စေ၏။ ဟန်ပြ သက်သက် ဖြစ်ခြင်းအရာ၌သာ ကျဆင်းခဲ့ပါသည်။ သူတို့အယောက်စီတိုင်းက သူရဲဘောကြောင်ကြပါသည်။ အဘယ့် ကြောင့်ဆိုသော သူတို့သည် တစုံတခုသောဆန့် ကျင်ဘက်အရာကိုသာ တွေ့မြင်ခဲ့ကြသာကြောင့် ဖြစ်သည်။ သူတို့မှာ အတင့်ရဲခြင်း မရှိကြပါ။ ကျွန်တော်တို့ယနေ့ပြောဆို သုံးစွဲနေသည့် လမ်းဘေးစကားဖြစ်သည့် 'ရယူဖို့သွား သည်' ဆိုသောအရာ သူတို့၌ မရှိကြပါ။ တစုံတခုသောအရာ ကင်းမဲ့နေပါသည်။ သူတို့သည် ထိုနေရာသို့ထွက်၍ ရောမအရာကြီးကို ရင်မဆိုင်နိုင်ကြပါ။ အဘယ့်ကြောင့်နည်း သို့သော် သူတို့အားလုံးသည် ဘုန်းတော်အကြီးအ ကဲများထံမှတော့ ကောင်းချီးခံယူကြပါသည်။ သူတို့၌ သန့်ရှင်းသော ကောင်းကြီးတစ်ခု ကိုသာ ရှိစေပါသည်။ သူ တို့ ဒူးထောက်ဖူးကြဲမည်။ သန့်ရှင်းသော ရေဖြင့်ဘိသိက်ပေးသော ကိစ္စကြောင့်သာ ဖြစ်နိုင်ပါသည်။ ဘယ်အရာကိုမဆို ထိုသို့ပဲဖြစ်စေခဲ့ပါတယ်။ သူတို့အားလုံး အပြင်ဘက်၌ ထွက်၍သာ ရပ်နေကြပါသည်။ သို့သော် ဆန့်ကျင်ဘက်အခြေ အနေ ကြီးမားနေခိုက်တွင် သူတို့ကို နေရာ၌ရှိမနေခဲ့ကြပါ။ ရှောလုဟာ ထိုနေရာ၌ မတ်တပ်ရပ်နေခဲ့သည်။ အလုံးစုံကို စီမံကွပ်ကဲ သူအဖြစ်ငှင်း၊ဂိုဏ်းချုပ်အနေဖြင့်ငှင်း၊ ထိုနေရာ၌ မတ်တပ်ရပ်နေခဲ့ပါသည်။ သူ၏ခေါင်းနှင့် ပုခုံးမှ သူ၏စစ်တပ်၏ အထက်တွင် ရှိပါသည်။ (ရှောလုသည် ဣသရေလစစ်တပ်တွင် ခေါင်းတလုံးသာသော အရပ်အ မောင်းရှိလေပြီ)

68 ၆၈။ သူစိန်ခေါ်မှုတစ်ခုကို ပြုလုပ်ခဲ့ပါသည်။ ဂေါလိယျက်ကို ဖြစ်သည်။ သူပြောသောအရာမှာ 'အကယ်၍ ငါနှင့်ကိုသတ်နိုင်လျှင် သင်ငါတို့၏ အစေကိုခံရမည်၊ အကယ်၍ သင်ငါ့ကိုသတ်နိုင်လျှင် ငါတို့သည် သင့်အစေကိုခံ မည်'ဟု ဆိုခဲ့ခြင်းဖြစ်သည်။ ခြားနားသောအခြေအနေသည် ကြီးမားခဲ့ပါသည်။ သူလက်ချောင်းလေးတွေက ၁၄-လက်မအရှယ် ဖြစ်ပါသည်။ သူလက်မကို ဖြတ်တိုင်းကြည့်လျှင် ၂၈လက်မခန့်သာ ရှည်ပါတယ်။ သူမည်သို့သော လက်ကို ပိုင်ဆိုင်ထားသည်ကို ကြည့်ပါ။ သူ့မှာ အပ်ချောင်းရှိပါတယ်။

ယက်ကန်းရက်ရာ၌ သုံးသော အပ်ချောင်းဖြစ် ပါသည်။ အဲ့လိုမျိုးလုံ့တံကို သူပိုင်ဆိုင်ထားခြင်း ဖြစ်ပါသည်။ သူ့ဦးခေါင်းမှာ မည်မျှကြီးမည်ဟု ခံစားရပါသနည်း။ ခွက်တစ်ခွက် အရွယ်ခန့်သာ ရှိပေမည်။ ခမောက်တလုံး ဖြစ်ပါလိမ့်မည်။ သူ့အရွယ်အစားနှင့် နှစ်ဆထူသော ကြေးဝါခမောက်တလုံး ဖြစ်ပါမည်။ သူ့ဦးခေါင်းတွင် ထိုခမောက်ကို ဆောင်းပေးကြပါသည်။ ချပ်ဝတ်တန်ဆာတွေကို ကြည့်လိုက်မယ်ဆိုပါက ချပ်ဝတ်တန်ဆာတစ်ခုချင်းစီတွင် အတင်အကျလုပ်နိုင်သော တံခါးပေါက်များနှင့် ဆင်တူလုပ်ပါ သည်။ ထိုအရပ်၌ သူ့ကိုယ်သူ အသက်ရှူ လှုပ်ရှားမှု ပြုလုပ်ရပါသည်။ ထိုနည်းသည် ချပ်ဝတ်တန်ဆာများဖြင့် အလုပ်လုပ်ခြင်းပင် ဖြစ်သည်။ သူ့ကိုယ်ပေါ်၌ ကြီးမားသော သံချပ်ကာဝတ်စုံကြီး ချိတ်ဆွဲပေး လိုက်ခြင်းပင် ဖြစ်ပါသည်။ ထိုအရာသည် ပေါင်ရာချီအလေးချိန် ရှိပါသည်။ ပေါင်၂ဝဝလောက်လေးပါ၏။ ကြေးဝါစစ်စစ်ဖြစ်ပါသည်။ သူ့ရင်အုပ်ပေါ်သို့ချိတ်ဆွဲပေးလိုက်ခြင်းပင် ဖြစ်သည်။ သူ့လက်ထဲတွင်ရှိသော ယက်ကန်းရက်သည့် အပ်ချောင်းမှာ သူ့လုံ့တံပင် ဖြစ်သည်။ ၃၅ပေ လောက်ရှည်ပါသည်။ သင်တွေးသလို အနုတ်သဘောဆောင်သော အတွေးမျိုး သူတွေးမိသောအခါ ရန်သူအနေဖြင့် မည်သို့လုပ်ဆောင်နိုင်ပါသနည်း။ သူတွေးခဲ့သောအရာမှာ သူလုပ်နိုင်သည်ဆို သောအရာပင်ဖြစ်သည်။ သူမည်မျှ ကြွားလုံးထုတ်ခဲ့ ပါသနည်း။ အံ့ဘွယ်ရာ ကောင်းသောနေ့ရက်များသည် အတိတ် တွင် ကျန်ရစ်ခဲ့ပါသည်။ သင့်အနေဖြင့် ထိုသို့သောကိစ္စရပ်တခုကဲ့သို့ဖြစ်လာနိုင်ဖွယ် အကြောင်းမရှိပါ။

69 ၆၉။ သို့သော် ဘုကန့်လန့် အကြည့်မျိုးလေးနှင့် ငနဲကောင်ကလေးကတော့ ထိုနေရာသို့ရောက်သွားခဲ့ပါသည်။ သူ့မှာသဘောတရားနှင့် ဆိုင်သော အတွေ့အကြုံရှိခြင်းမျိုး မရှိပါ။ သို့သော် သူ့မှာရှိသော အတွေ့အကြုံမှာ ဘုရား သခင်၌ သူနေခြင်းပင် ဖြစ်သည်။ ဘုရားသခင်သူ၏ နှုတ်ကပတ်တော်၌ စောင့်ထိန်းတော်မူသည်။ ထိုကောင်လေး ရောက်လာသောအခါ ရှောလုက 'စောင့်အုံးကောင်လေး၊ ငါမင်းကို အနုပညာမြောက်သော ဘွဲ့ထူးဂုဏ်ထူးတခုကို ချီးမြောက်ဦးမည်' ဟုဆိုခဲ့ပါသည်။ သူကသူ့သံခမောက်ကြီးကို ဒါဝိဒ်အား ဆောင်းပေးလိုက်သောအခါ ဒါဝိဒ်လေး၍ အိကျသွားပါတော့သည်။ ထိုအရာအကြောင်း သူဘာတစ်ခုမှမသိခဲ့ပါ။ ကျွန်တော် ထိုကိရိယာတန်ဆာပလာ အမျိုးအ စားများအကြောင်း ဘာတစ်ခုမှမသိပါဟု ဒါဝိဒ်ဆိုခဲ့ပါသည်။ အဲ့ဒီ အရာတွေအကြောင်း ကျွန်တော်မသိဘူး ဒါပေမဲ့ ကျွန်တော်သိတာ တခုရှိပါသည်။ အဲဒီကတော့ သင် အဲ့ဒီရောမလူဘီးကြီးကို သွား၍ တိုက်ရန် သင်ကြောက်သည် ဆိုသောအရာပင် ဖြစ်သည်' ဟုဆိုခဲ့ပါသည်။ သင်ဒီနေရာမှာ မတ်တပ်ရပ်နေသည်ကို သင့်ကိုယ်သင် ခေါ်ဝေါ်သုံးနှုန်း ပါသည်။ အရေဖျားလှီးခြင်း မင်္ဂလာမခံယူသော မယုံကြည်သူတို့ကို အပြင်မှာမတ်တပ်ရပ်နေခွင့် ပြုကြပါသည်။ ထိုသို့ကြွားလုံးထုတ်ခြင်းမျိုး ပြုကြပါသည်။ ကျွန်တော် သူကိုတိုက်ဖို့သွားမည် ဟု ဆိုခဲ့ပါသည်။ အို ကျွန်တော်တို့ယနေ့ထိုလူကဲ့သို့သောလူများ လိုအပ်နေပါသည်။ ထိုသို့သော လူများ၌ အတွေ့အကြုံများ ပိုင်ဆိုင်နေသည် မဟုတ်ပါသ လား။

70 ၇၀။ သူဘယ်လိုလုပ်ခဲ့ပါသလဲ။ ဗက်လင်မြို့မှ ဒါဝိဒ်ငယ်လေး ဘာတွေလုပ်ဆောင်ခဲ့ပါသလဲ။ သူထွက်သွားပြီးထိုအ ရပ်ရှိ ရောမလူဘီလူးကြီးကို တိုက်ထုတ်ခဲ့ပါသည်။ အဲ့ဒီလူဘီလူးကြီးက သူဘုရားတို့၏ အမည်ဖြင့် ဒါဝိဒ်ကို ကျိန်ဆဲမှုပြုပါသည်။ (ဘုရားအများဖြင့်) တိုင်တည်ခြင်း ဖြစ်သည်။ ရောမလူဘီလူးကြီး ဖြစ်သည်ဆိုသော သူ၏အမည်နာမ၌ ဒါဝိဒ်ကိုးလိုးကန့်လန့် ဖြစ်အောင် လုပ်ဆောင်ခဲ့ပါသည်။ 'ယနေ့ငါဟာ ငါကိုင်သော လှံတံဖြင့် သင်ဇီဝိန်ကိုချုပ်မည်ဖြစ်ပြီး တိရစ္ဆာန်အသေကောင်လို သင်သည် သစ်ပင်၌ ချိတ်ဆွဲထားမည်ဖြစ်သည်။ ထို့နောက် ငှက်တို့ကိုစားစေမည်' ဟုဆိုခဲ့ပါသည်။ သူက 'သင်ဟာ ငါနှင့် ပါလက်စတိုင်းတဦးအနေဖြင့် တွေ့ဆုံခဲ့ခြင်း ဖြစ်သည်။ ပါလက်စတိုင်းတို့၏ အမည်နာမဖြင့် ဖြစ်သည်။ ချပ်ဝတ်တန်ဆာတခုဖြင့် လှံတံတခုဖြင့်ပင် ဖြစ်သည်။ သို့သော် အကျွန်ုပ်မှာ သင်နှင့်တွေ့ဆုံရာ၌ ဣသရေလတို့၏ ဘုရားသခင်ထာဝရဘုရား၏ နာမဖြင့် တွေ့ဆုံခြင်း ဖြစ်သည်။ ထိုအရာမှာ ဘာဖြစ်ဘာသနည်း။ နှုတ်ကပတ်တော်က နှုတ်ကပတ်တော်ပင် ဖြစ်ပါသည်။ 'ကျွန်ုပ်သင်ကို တွေ့ဆုံရာ၌ နှုတ်ကပတ်တော်ဖြင့် တွေ့ဆုံခြင်း ဖြစ်သည်'။ 'ယနေ့ကျွန်ုပ် သင်၏ခေါင်းကို သင့်ပုခုံးမှ ဖြတ်ယူမည်' ဟုဆိုခဲ့ပါသည်။ လူဘီလူးကြီးကလည်း ရယ်မော၍ ဒါဝိဒ်ဆိုပြီးနောက် လှုပ်ရှားပါတော့သည်။ နေရာငယ်လေးတစ်ခုပင် ဖြစ်၍ ဘုရားသခင်သည် ဒါဝိဒ်၏ ကျောက်အဖြစ် တိုက်ရိုက် အမှုပြုတော်မူခဲ့ပါသည်။

71 ၇၁။ ဒါဝိဒ်သည် ဤနေရာမှာ တရားခံပြေးတယောက်အဖြစ် လဲကြနေကြပါသည်။ ထိုအရာကို စဉ်းစားဆင် ခြင်မှုပြုပါ။ မည်မျှခမ်းနားသည့် အောင်မြင်မှု ဖြစ်ပါသလဲ။ ပြီးတော့ ဆာလံကျမ်းအကြောင်း စဉ်းစားမှုပြုရန် သူ့မှာအ ခွင့်အရေးတစ်ရပ် ရှိကိုရှိရမည်ဆိုသော အချက်ပင်ဖြစ်သည်။ တခါတရံ ဘယ်လိုဖြစ်သလဲဆိုရင် အပြင်ထွက်၍ တောင်တန်းများပေါ်တွင် သူလဲ ကျောင်းနေတက်ပြီး ဘုရားသခင်၌ သူအာရုံပြုပါသည်။ သူက ဘုရားသခင်၏တပည့် များကို သူ၏ခုတင်တိုင်တွင်ငှင်း၊ သူ၏ လက်ချောင်းများတွင်ငှင်း၊ ချည်ထားတက်ပြီး ဘယ်နေရာကိုသွားသွား သူ၌ ချည်နှောင်ပတ်စီးထားသည်ဟု ဆိုခဲ့ပါသည်။ “ကျွန်တော်လုပ်ဆောင်မည့်အရာ မတိုင်မီ ဘုရားသခင်ကို ကျွန်တော်အစဉ်အမြဲ အခွင့်အရေးပေးပါသည်၊ အမြဲပင်ဖြစ်ပါသည်။ ကျွန်တော်မှာ ရှွေလျော့မှု မရှိပါ”။ သူလုပ်ဆောင် မည့်အရာ မတိုင်မီ ဘုရားသခင်၌ သူစောင့်ထိန်းမှု ပြုပါသည်။ သူ၌ ကြီးမားသော အောင်မြင်မှု ဖြစ်ပေါ်ပါသည်။ ထို့နောက် သူသည် စိတ်ကူးစိတ်သန်းတို့ကို ရရှိပြီး ဆာလံဆရာ ဖြစ်လာခဲ့ပါသည်။ သူခုန်ပေါက်လျှက် သူ၏က လောင်တံကို ယူလိုက်ပါသည်။ ပြီးတော့ ဆာလံသီချင်းကို ရေးချလိုက်ပါတော့သည်။ ဝိညာဉ်တော်၌ သူအခွင့်ရကာ ဝိညာဉ်တော်၌ သူကလျက်ခုန်လျက် ချီးမွမ်းလျက်ရှိပါသည်။ သူဘယ်လို ဝိညာဉ်တော်၏လမ်းပြမှုကို ခံရလဲဆိုရင် ဆာလံသီချင်း စပ်ဆိုခြင်းအားဖြင့် ဖြစ်၍ ဝိညာဉ်တော်၌ ကခုန်မြူးတူးခြင်းအားဖြင့် ဖြစ်သည်။ သူ့ထံသို့မတူညီသော ဆာလံသီချင်း အမျိုးအစားတွေ ကျော်၍ ရောက်လာတက်ပါသည်။ “ထာဝရဘုရားသည် ငါ၏သိုးထိန်းဖြစ်တော်မူ၏ ငါသည်ဆင်းရဲမခံရ စိမ်းလန်းသောကျက်စားရာအရပ်၌ ငါ့ကိုအိပ်စေတော်မူ၏ (ဆာလံအခန်းကြီး ၂၃) သာယာသော မြစ်နားသို့လမ်းပြတော်မူ၏ ငါ့ဝိညာဉ်ကိုအားဖြည့်၍၊နာမတော်အဘို့အလို့ငှာ တရားလမ်းထဲ၌ သွေးဆောင်တော်မူ၏ အကယ်၍ သေမင်း၏ အရိပ်လွှမ်းမိုးသော ချောက်ထဲသို့လျှောက်သွားရသော်လည်း ဘေးအန္တာရယ်ကို မကြောက်ပါ။ အကြောင်းမူကား ကိုယ်တော်သည် အကျွန်ုပ်နှင့် အတူရှိတော်မူသည် ဖြစ်၍”။

72 ၇၂။ ဤသို့သော စိတ်ကူးညဏ်ကောင်းများကို ဒါဝိဒ်စဉ်းစားမိခဲ့ပါသည်။ ထိုနေ့ရက်ကာလသည် ပူအိုက်သော နေ့ရက် ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ သူရေငတ်နေတဲ့နေ့လည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ပူလွန်းအိုက်လွန်း၍ ချွေးထွက်နေရသော နေ့လည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ ဘာဖြစ်လို့လဲဆိုရင် သူဟာတောင်ထိပ် ချိုင့်ဝှမ်းနေရာရှိ လမ်းအဆင်းနေရာမှ လှမ်းကြည့် နေသည်ဟု

ဖော်ပြထားခြင်းကြောင့် ဖြစ်သည်။ မြို့၏အရှေ့ဘက်လား၊ အနောက် ဘက်လား၊ အရှေ့ဘက်ခြမ်းတွင်ပင်လားတော့ မသိပါ။ ထိုအချိန်ကတော့ သူအောက်ဘက်ကို ကြည့်နေခြင်း ဖြစ်သည်။ ထိုသို့ကြည့်လိုက်သောနေရာတွင် ပါလက်စတိုင်းတွေရှိနေ သည်ကို မြင်ခဲ့ရပေမည်။ ခံတပ်ရာပေါင်းများစွာ ပတ်လည်ဝိုင်းနေသည်ကို သူတွေ့မြင်ခဲ့ရခြင်း ဖြစ်ပေမည်။ တရံအခါက ထိုအရပ်မှ သောက်ရန် ရေတွင်းအိုတခုကို သူတွေ့ရှိခဲ့ဖူးပါသည်။ အို သူဟာ မနက်ရောက်လျှင်သူ့သိုးတွေကို ပြန်ကျောင်းမည်ဟု စဉ်းစားမှုပြုပါမည်။ တိရိစ္ဆာန်တွေကို အစာကျွေးမည် ဤရေတွင်းအိုဖြင့် သူဖြတ်ကျော်သွားနိုင်ပါပြီး ဘာဖြစ်လို့လဲဆိုရင် ထိုနေရာသည် ကြီးမြတ်သောရေရှိရာ နေရာလေး ဖြစ်သည့်အတွက် ဖြစ်သည်။ ထိုနေရာသို့သူသွားသည် ရေသောက်ဖို့ဖြစ်ပါတယ်။ ရေသောက်ပါမည်။ နောက်ပြီးသူ့သိုးများကိုလည်း ရေတိုက်ပါမည်။ ဘယ်လိုနေရာမျိုးလဲဆိုရင် ဗက်လင်မြို့နေရာ လေးပင် ဖြစ်ပါတယ်။ ထိုနေရာသည် သူ့သိုးတို့ကိုရေတိုက်ရာ နေရာဖြစ်ပါတယ်။

ယနေ့အတိအကျပင် ဘုရားသခင်သည် တဖန် သူ၏သိုးတို့ကို အသက်ရေ တိုက်တော်မူပြီဖြစ်သည်။ ဗက်လင်မြို့သို့အမှန်ပြန်ပါ။ ထိုနေရာ၌ လတ်ဆတ်အေးမြသော အသက်ရေရှိနေပါသည်။

73 ၇၃။ သူငိုကြွေးခဲ့ရပါသည် ကျွန်တော်တစ်ယောက်တည်း ထိုရေတွင်းမှရေတစ်ခွက်ကို ရခဲ့သည်ဆိုလျှင် ယခုနီးကပ် မှုရှိစေရန် ကျွန်တော်သွားပါမည် နီးကပ်မှုကို နားစွင့်၍နေပါ။ အကယ်၍ ကျွန်တော်တစ်ဦးတည်းသာ ရေတမှုတ်ကို ပိုင်ဆိုင်ခဲ့ရသည် ဆိုပါက ဒါဝိဒ်သည် သူနှလုံးသားထဲမှ ငိုကြွေးမှုကို ပြုခြင်းဖြစ်သည်။ တရံရောအခါက ကျွန်တော် တဦးတည်းသာ ဗက်လင်မြို့ရှိ ထိုရေတွင်းမှ ရေတမှုတ်ကို ခံယူရရှိခဲ့ရဖူးသူ ဖြစ်ပါသည်။ ဒါဝိဒ်၏ အလိုဆန္ဒတစ်ခု သည် အမိန့်တစ်ခုအနေဖြင့်ဖြစ်လာက ထိုအမိန့်ကို ထမ်းရွက်ရသူတို့သည် ဒါဝိဒ်အား ချစ်မြတ်နိုးခြင်း ရှိလာသည်။ သူဝိညာဉ်၌ သောက်ရန်ရေတပေါက်အတွက် ငိုကြွေးခဲ့ရသည်ကို သတိရဆင်ခြေပါ။ သူကိုချစ်သော သူ့အမှုထမ်းတို့သည် ဒါဝိဒ်၏အသေးငယ်ဆုံးသော ဆန္ဒတခုသည် ပင်လျှက် သူတို့အတွက် အမိန့်တစ်ခုဖြစ်ခဲ့ကြပါတယ်။ ကျွန်တော် တို့ ထိုအကြောင်းကို ပြောကြပါမည်။ .....အမှုထမ်းသုံးယောက် အတူတကွရှိခဲ့ဖူးပါတယ်။ အာဂလူများ ဖြစ်ပါသည်။ တစ်ယောက်မှာ လူအယောက် ၈၀၀ သတ်ဖြတ်ခဲ့သူ ဖြစ်ပါသည်။ နောက်တစ်ယောက်ကတော့ ခြသေ့်တစ်ကောင်ကို ခုန်အုပ်၍ သတ်ဖြတ်ခဲ့သူ ဖြစ်ပါသည်။ နောက်ဆုံး ကျန်တယောက်မှာ တုတ်တချောင်းနှင့် တံခါးကိုခေါက်ကာ အီဂျစ်တို့လက်မှ လှံတံကို ချိုးဖဲ့ခဲ့သူ ဖြစ်ပါသည်။ သူ့ကိုယ်ပိုင်လှံတံဖြင့် ထိုသူတို့ကို လည်ထွက်စေခဲ့ပါသည်။ အဖိုးနည်းမြေကွက်တစ်ကွက်တွင် ရပ်တည်နေထိုင်ခဲ့ဟန်ရှိ၍ လူ ၃၀၀ နီးပါးသတ်ဖြတ်ခဲ့သူ ဖြစ်ပါသည်။ အာဂ လူကြီးများပင် ဖြစ်သည်။ သူတို့သည် တပါးအမျိုးသားများ ဖြစ်ကြပါတယ်။

74 ၇၄။ ဤနေရာတွင် ဒါဝိဒ်သည် ခရစ်တော်လူစားမျိုး ဖြစ်သည်။ ဗက်လင်မြို့သားဖြစ်သည်။ အကြောင်းမှာ ခရစ်တော်သည် ဒါဝိဒ်အမျိုးမှ ဆင်းသက်လာသောကြောင့် ဖြစ်သည်။ ဤသို့သောနေရာ၌ သူတို့ရပ်တည်ခဲ့ရခြင်း ဖြစ်သည်။ ရေတစ်ခွက်အတွက် ငိုကြွေးခဲ့ရပါသည်။ သူ့ဆန္ဒသည် အမိန့်တစ်ခုဖြစ်လာခဲ့ပါသည်။ ကျွန်တော်ပြောခဲ့ပါ သည်။ သူ့အမှုကို ဆောင်ရွက်ရသူတို့သည် သူ့ကိုချစ်သူတို့ဖြစ်သည်။ ဒါဝိဒ်၏ အမှုထမ်းသုံးယောက်သည် သူတို့၏ ဓားရှည်များကို ဆွဲထုတ်ကာ ၁၅ မိုင်အကွာမှ လူတို့ကို တိုက်ခိုက်ကာ ထိုမြို့သို့ဆင်းချသွားပါသည်။ အခြားလူများကို လည်း တိုက်၍ထိန်းထားပြန်သည်.......ရဲစွမ်းသတ္တိရှိသူတို့ဖြစ်သည်။ ပါလက်စတိုင်း တို့ဖြစ်၍ ၎င်းတို့၏ နှစ်ဆဖြစ်ကာ အချို့လူများပါသေးသည်။ သို့သော်သူတို့သည် ရဲစွမ်းသတ္တိရှိသူများပီပီ တိုက်ထုတ်နိုင်ခဲ့ကြပါသည်။ သူတို့ထဲမှတစ်ဦး သည် တပတ်လှည့်၍ လက်တစ်ဖက်တည်းဖြင့် လူအယောက် ၈၀၀ ဝန်းကျင်ကို တနေ့တည်းတွင် အမှန်သတ်ဖြတ်ခဲ့ သူဖြစ်သည်။ သူတို့သည် အာဂလူများဖြစ်၍ ဘုရားသခင်ကို ယုံကြည်ကြသူများဖြစ်သည်။ သူတို့ခေါင်းဆောင်ကို ယုံကြည်ကြပါသည်။ အခြားသူများဖြတ်တောက်တိုက်ခိုက်မှုပြုစဉ် သူတို့သည် တောက်လျှောက် သူ့နည်းအတိုင်း နောက်ပြန်ဆုတ်ကာ ၁၅ မိုင်အကွာမှ အခြားစစ်သည်များကိုထိုးစစ်ဆင်နိုင်ကာ ဒါဝိဒ်သောက်ရန်ရေကို သယ်ဆောင် လာပေးခဲ့ကြသူများ ဖြစ်သည်။

75 ၇၅။ ဤနေရာတွင် ခရစ်တော်သည် ကိုယ်စားပြုနေပါသည်။ ဘုရင်အနေနှင့်ရော စစ်သည်အနေဖြင့်ရော ဖြစ် သည်။ အဘယ့်ကြောင့်ဆိုသော် ကိုယ်တော်သည် သူ့လမ်းကြောင်းအတိုင်း တောက်လျှောက် ထိုးစစ်ဆင်သွားခြင်း ကြောင့် ဖြစ်သည်။ ကိုယ်တော်သည် ရန်သူကို သေခြင်းနိမိတ်၌ ချိုးဖျက်ပစ်နိုင်ခဲ့သူ ဖြစ်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့ကို ထာဝရအသက်တည်း ဟူသော အလွန်အင်အားကြီးမားသည့်အရာဖြင့် ရန်သူတို့မရဏလမ်းကြောင်း၌ သုတ်သင်ရှင်းလင်း တော်မူသည်။ အသက်ရေဆိုသော ထာဝရအသက်အားဖြင့် ဖြစ်သည်။ ကိုယ်တော်သည် သေခြင်းကိုပင် ဖြတ်ဖောက်၍ ပြန်လာနိုင်သူဖြစ်၍ သူ့ကိုယ်တိုင် သေခြင်းအရာကို ယူတင်ဝတ်ဆင်လျက် အသေ သတ်ခြင်းအရာ၌ အသေခံတော်မူကာ ကျွန်တော်တို့ကို ထဝရအသက်ရှင်စေ သည်ဟူသော အင်အားကြီး သောစွမ်း အားဖြင့် ပြန်လာနိုင်သောအခွင့်ကို ပေးပါသည်။ ကျွန်တော်သည် ရှင်ဘုရင်ဖြစ်တော်မူ၍ စစ်သည်တစ်ပါးလည်းဖြစ် ပါသည်။ ကျွန်တော်တို့တွင် မအောင်သောအရာ ရှိပါသည်။ အရင်ကတည်းက မအောင်မြင်နိုင်သောအရာ ဖြစ်ပါသည်။ သေခြင်းကို ကျွန်ုပ်တို့ ကယ်တော့မှ မအောင်မြင်နိုင်သဖြင့် ကိုယ်တော်သည် ကျွန်ုပ်တို့အတွက် သေခြင်းကို အနိုင်ယူသိမ်းပိုက် အောင်မြင်တော်မူခဲ့ပါသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ ကနေ့ဒါဝိဒ်မင်းကြီး ဖြစ်တော်မူ၏ ကိုယ်တော်သည် သေခြင်းကို အစိုးရတော်မူသည် ဗက်လင်မြို့၏ အသက်မုန့်ဖြစ်တော်မူ၍ အသက်ရေလည်း ဖြစ်ပါ သည်။

76 ၇၆။ ဗက်လင်မြို့သည် အလယ်ဗဟိုတည့်တည့်တွင် ရှိသည်။ ထိုမြို့သည် အလယ်ဗဟို ချက်တွင်ရှိသည်ဆိုသော သမိုင်းကြောင်းကို သင်သိပါသည်။ ထိုအရပ်သည် မြို့တော်၏ ဂျုံစပါးခင်းအကြီးကြီး ရှိရာနေရာ ဖြစ်သည်။ ဆည်ရေဖြင့် ရေသွင်းကာ စိုက်ပျိုးထားခြင်း ဖြစ်သည်။ သူတို့သည် အလွန်အောင်သော ဂျုံစပါးဆိုသည့် ကောက်ပဲသီး နှံတမျိုးကို ရရှိကြပါသည်။ အကောင်းဆုံးရေအားဖြင့် စိုက်ပျိုးထားခြင်း ဖြစ်သည်။ မြို့တော်၏ အလယ်ဗဟိုချက်မှ စားစရာတစ်ခုပင် ဖြစ်၍ ပါလစ္စတီးတို့၏ ဗဟိုချက်ရှိ ရေအရင်းအမြစ်ပင် ဖြစ်ပါသည်။

ယနေ့ကျွန်တော်တို့အဖွဲ့အစည်းဘယ်လောက်များများ ရရှိပိုင်ဆိုင်ထားသည်က အကြောင်းမဟုတ်ပါ။ အခြား ညီအစ်ကိုတော်ဟုခေါ်သူ ဘယ်လောက်များများရှိသည် ဆိုသောအရာမှာ အကြောင်းမဟုတ်ပါ။ သူတို့လမ်းသူတို့သ ဘောအရ သူတို့ဟာ ဖြစ်ကောင်းဖြစ်နိုင်ပါသည်။

ခရစ်တော်သည် ယုံကြည်သူ၏ ဇက်လင်မြို့ဖြစ်သည် ဆိုသောအရာ ၌ တည်နေခြင်း ဖြစ်ပါသည်။ ကိုယ်တော်သည် အသက်မုန့်ဖြစ်၍ အသက်စမ်းရေလည်း ဖြစ်ပါသည်။

မက်သဒစ်ဂိုဏ်းဂဏဟာ သင်အတွက် ကောင်းမွန်ပါသည်။ ဇက်တစ်နှစ်ခြင်းဟာလည်း သင့်အတွက် ခိုနားစရာ ကောင်းနေ ပေလိမ့်မည်။ အရာအားလုံးဟာ ဇက်လင်မြို့၌ တည်နေခြင်းသာဖြစ်၍ အသက်မုန့်နှင့် အသက်ရေသက် သည် ထိုအရပ်မှ ပေါ်ထွက်လာခြင်း ဖြစ်ပါသည်။

77 ၇၇။ ဤနေရာမှာ ကိုယ်တော်သည် ကျွန်ုပ်တို့၏အသက်မုန့် ဖြစ်တော်မူ၍ သက်စမ်းရေလည်း ဖြစ်တော်မူသည်။ ကိုယ်တော်သည် ဗဟိုအချက်အခြာ ဖြစ်တော်မူ၍ တခုတည်းသော ကိုယ်တော်ရှိရာကို အချက်အခြာနေသို့သင်ဝင် လာနိုင်ပြီး ကိုယ်တော်ထံမှ ထိုအရာများကို ရယူနိုင်ပါသည်။ ဘုရားသခင်၏ အိမ်တော် ယေရှုခရစ်တော်ဆိုသော လူပုဂ္ဂိုလ်ရှိရာအရပ် ကျွန်ုပ်တို့၏ ဇက်လင်မြို့ ထာဝရအသက်ကိုပေးနိုင်သော အသက်မုန့်ရှိရာအရပ် သက်စမ်းရေရှိရာ အရပ်ပင်ဖြစ်ပါသည်။ ကိုယ်တော်သည် လတ်ဆတ်မှုရှိသော နှုတ်ကပတ်တော်မုန့်သားပင် ဖြစ်ပါသည်။ ဤနေရာ၌ နှုတ်ကပတ်တော်တည်၏ ဤနေရာ၌ အသက်မုန့်နှင့် အသက်စမ်းရေရှိလေသည်။ ဟေဗြဲ ၁၃း၈ တွင် 'ကိုယ်တော် သည် မနေ့၊ ယနေ့၊ နောင်ကာလ အစဉ်မပြောင်းလဲ' ဟုဆိုထားပါသည်။ ထိုသို့အားဖြင့် ကိုယ်တော်သည် ကျွန်ုပ်တို့၏ တခုတည်းသော ထာဝရအသက်ကိုပေးနိုင်သည့် အသက်မုန့်နှင့် သက်စမ်းရေရှိရာ ဇက်လင်မြို့ကို တည်ထောင်တော် မူ၏။

78 ၇၈။ ဒါဝိဒ်ကို သတိထားကြည့်ပါ ရေတွေကိုရရှိလာပါသည်။ သို့သော် သူလုံးဝမသောက်ခဲ့ပါ။ သူက “ဘုရားသခင် တားမြစ်တော်မူသည် ဒီရေသည် ဤလူတို့၏အသက်ကို ထိခိုက်စေသော ဤသူတို့၏ သွေးဖြစ်သည်”။ ဟုဆိုခဲ့ပါ သည်။ အပြင်ထွက်ပြီး ထိုသောက်ရေတွေကို ယူဆောင်သွားပါသည်။ ကြည့်ပါ။ သူအဲ့ဒီရေတွေကို မြေပေါ်သို့လောင်း ချပစ်လိုက်ပါသည်။ သောက်စရာရေတစ်ခွက်ကို ပေးလှူပူဇော်လိုက်ခြင်း ဖြစ်ပါသည်။...........အာမင် ဓမ္မမိတ်ဆွေညီ အစ်ကိုများခင်ဗျား ယခုမိနစ်ပိုင်းမှာပင် သင်၏ယုံကြည်ခြင်းဖြင့် ချီးမွမ်းလိုက်ပါ။ ဒါဝိဒ်ကိုယ်တိုင်က ထိုရေကိုသောက် ရန် ငြင်းပယ်ခဲ့ပါသည်။ မြေကြီးပေါ်သို့ရေတစ်ခွက်သွန်ချလိုက်ခြင်းဖြင့် ဘုရားသခင်အား ယစ်ပူဇော်ပစ်လိုက်ပါသည်။ မည်မျှလောက် ရှင်ယောဟန် ၃း၁၆နှင့် ကိုက်ညီမှု ရှိလိုက်ပါသနည်း။ “ထာဝရအသက်ကိုရစေခြင်းငှာ ဘုရားသခင် သည် မိမိ၌ တပါးတည်းသော သားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏”။ ယေရှု ခရစ်တော်သည် အသက်သခင်ကျေးဇူးရှင် ဖြစ်တော်မူ၍ ဤနေရာသို့ကြွရောက်တော်မူ၏ ကိုယ်တော်၌ သေခြင်းအလျင်းမရှိပါ။ ကိုယ်တော်ကိုယ်တိုင် သေခြင်းကို အစိုးရအောင်မြင်တော်မူ၍ ဤကမ္ဘာမြေပေါ်သို့သူ၏အသက်ရှင် စေသော အသွေးတော်ကို သွန်းလောင်းချတော်မူခဲ့ပါသည်..........အာမင်။ ကျွန်ုပ်တို့အပြစ်အတွက် ယစ်ပူဇော်ခဲ့ခြင်း ဖြစ်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ မြေကြီးပေါ်၌တည်သော ခိုင်ခံသည့် ကျောက်ဖြစ်တော်မူသည်။ အဖိုးအနဂ္ဃ တန်သော ဘုရားသခင်စွန့်ကျဲသည်။ ကိုယ်တော်၏ အသွေးတော် ပေတည်း။

79 ၇၉။ အခြားသောညတစ်ညက ဒီသတင်းစကားနှင့် ပတ်သက်ပြီး လူတယောက်ပြောသောအရာကို ကျွန်တော်ကြား ခဲ့ရပါသည်။ ပြောသောအရာမှာ သူတို့လာဖို့ရန်........ကျွန်တော်ယုံကြည်သည်မှာ ဘီလီဂရေဟမ် မနေ့ညက သူအစ္စ ရေးနိုင်ငံနှင့် ပါလက်စတိုင်းနိုင်ငံသို့ သွားရောက်ခဲ့သည် ဆိုသောအကြောင်းကို ကျွန်ုပ်တို့ကြည့်ခဲ့ကြခြင်းပင် ဖြစ်ပါ သည်။ သူက 'သင်လူတွေ ယုံကြည်ဖို့ကျွန်တော်လာခဲ့သည်' ဟုဆိုပါသည်။ ထိုအစီအစဉ်အရ တခုခုတော့တစ် ခုခုပါပဲ။ ကျွန်တော် သူကို တချို့အချက်တွေ သဘောကျပါသည်။ မနေ့ညက ကမ္ဘာလုံးဆိုင်ရာ အစီအစဉ်တွင်သူ ထွက်ပေါ်လာခဲ့ပါသည်။ များစွာသောသူတို့သည် ထိုသို့လုပ်ဆောင်ဖို့ရန် လူတယောက်ကို ငြင်းပယ်ခဲ့ကြပါသည်။ သို့သော် ဒီကိုကြည့်ပါ။ ပြီးတော့တနိုင်ငံလုံးထုတ်လွှင့်မှု မပြုမီတိုင်အောင် သူတို့ကိုပြုလုပ်ခြင်းကို ခံခဲ့ရပါသည်။ ဒါပေမဲ့ သူလုံးဝ နောက်ပြန်မလှည့်ခဲ့ပါ။ သူယုံကြည်သောအရာပေါ်တွင် မားမားမတ်မတ် သူရပ်တည်ခဲ့ပါသည်။ ထိုသို့သော အရာများအတွက် ကျွန်တော်သူကို တချို့သောအချက်များ သဘောကျခဲ့ရပါသည်။ သူက “ကျွန်တော် အစ္စရေး သွားပြီး သူတို့ကို ပြောမည် သင်တို့သားသမီးများထဲမှ တယောက်ယောက်နှင့်အတူ ကျွန်တော်ဝတ်ပြု ကိုးကွယ်မှုပြုပါ သည်။ တနည်းအားဖြင့် ဤကဲ့သို့ပင် ဖြစ်ပါသည်” ဟုဆိုခဲ့ပါသည်။ ကျွန်တော်ထင်တာကတော့ “ဘီလီ၏ထိုအ ချက်သည် အံ့ဩစရာကောင်းလှပါသည်။ ဘုရားသခင်ပေးတော်မူသော အစွမ်းဖြင့် သင်သည် မြူခိုးမြူနှင်းများ ဝေလျက်ရှိသည့်။ ဟောလိဝုဒ်အကျော်အမော်များရှိရာ ထိုအရပ်တွင် သင်ရပ်တည်နိုင်သည်ဆိုသောအရာကို မြင်ရသည်မှာ သဘောကျစရာကောင်းပါသည်။ ယေရှုခရစ်တော်အားဖြင့် သက်သေတစ်ပုဒ် ဝေငှာလိုက်စမ်းပါ ဒါပေမဲ့ သူဟာ ဂျူးတစ်ယောက်တော့ မဟုတ်ခဲ့ပါ။ ယေရှုခရစ်တော်သည် ဘုရားဖြစ်တော်မူသည် ဂျူးတစ်ယောက်မဟုတ်ပါ။ အသွေး ဆဲလ်သည် လူယောက်ျား၏ လိင်အင်္ဂါမှရသည် ဆိုသောအရာကို အောက်မေ့သတိရပါ။ ကိုယ်တော်သည် လူသားတစ်ယောက် မဟုတ်ပါ။ ဂျူးလည်းမဟုတ် တပါးအမျိုးသားလည်း မဟုတ်ပါ။ ကိုယ်တော်သည် ဘုရားသခင် ဖန်ဆင်းတော်မူသော အသွေးအသား ဖြစ်တော်မူ၏ ကျွန်ုပ်တို့သည် ဂျူးအသွေးအသားဖြင့် တပါးအမျိုးသား၏ အသွေးအသားဖြင့် ကယ်တင်ခြင်းရသည် မဟုတ်ပါ။ ဘုရားသခင်၏ အသွေးတော်ဖြစ်သာ ကျွန်တော်တို့သည် ကယ် တင်ခြင်းရသည် ဖြစ်သည်။ ကိုယ်တော်သည် ဘုရားဖြစ်တော်မူ၍ မည်သည့်အရာမှ အားနည်းခြင်း မရှိပါ။ ကိုယ်တော်သည် ဂျူးတစ်ယောက်မဟုတ်သည့် အပြင်တပါး အမျိုးသား လည်းမဟုတ်ပါ။ ဘုရားသခင် ဖန်ဆင်းသော အသွေးအသား သက်သက် ဖြစ်သည်။ ကျွန်ုပ်တို့ဟာ......အကယ်၍ ကိုယ်တော်ကို ဂျူးတစ်ယောက်အနေဖြင့် တပါးအမျိုးသား တယောက်အနေဖြင့် ထင်လာမည်ဆိုပါက ကျွန်ုပ်တို့အားလုံး ဆုံးရှုံးခြင်းသို့ရောက်ကြရပါသည်။ ကိုယ်တော်သည် ဘုရားသခင်၏ ဖန်ဆင်းခြင်းခံရသော အသွေးအသား သက်သက် ဖြစ်ပါသည်။ ဒါအမှန်ပဲ ဖြစ်ပါသည်။

80 ၈၀။ ကျွန်တော်ဂျူးတစ်ယောက်အနေဖြင့် ဝတ်ပြုကိုးကွယ်မှု မပြုပါ။ ကျွန်တော်ဘုရားသခင်ကို ဝတ်ပြုကိုး ကွယ်ခြင်းမှာ ယေရှုခရစ်တော်ကို ကျွန်တော်ဝတ်ပြုကိုးကွယ်သောအချိန်ဖြစ်ပါသည်။ အချို့စိတ်ကူးယဉ် သက်သက် အနေများနှင့် အချို့သမိုင်းဝင် ဖြစ်ပျက်မဲ့အကြောင်းအရာများပေါ်တွင် ကျွန်တော်ဝတ်ပြုကိုးကွယ်မှု မပြုပါ။ ကျွန်တော် ယေရှုခရစ်တော်ကို ဝတ်ပြုကိုးကွယ်ပါသည်။ ယခုယေရှုခရစ်တော် အမှန်တည်ရှိသောအရာကို ကျွန်တော် ကိုးကွယ်ပါ သည်။ ကိုယ်တော်၏နှုတ်ကပတ်တော်သည် ယနေ့ခေတ်ကာလအတွက် သိသာထင် ရှားတော်မူသည်။ ဘုရားသခင် သည် အစအဦးအချိန်မှစ၍ ခေတ်ကာလတိုင်းလိုလိုပင် သူ၏

နှုတ်ကပတ်တော်ကို ခွဲဝေမှု ပြုတော်မူသည်။ အချိန် တိုင်းထိုသို့သော ခေတ်ကာလများကဲ့သို့ဖြတ်သန်းတော်မူပါသည်။ ထိုခေတ်ကာလက ဘုရားသခင်သည် ပရောဖက် ကို ဘိတ်သိပ်ပေး၍ စေလွှတ်တော်မူခဲ့ပါသည်။ နောခေတ် ကာလ၌ သူတို့အားလုံး၏သေဆုံးခဲ့ရသော နေ့ရက်များ ဖြစ်ခဲ့ပါသည်။ ထိုအချိန်ကာလက ကိုယ်တော်၏ ဂတိတော်နှင့် စပ်ဆိုင်သောနေ့ရက်ကာလပင် ဖြစ်သည်။ အသင်း တော်အတွင်း၌ မည်သို့သောအခြေအနေမျိုး ရှိရှိ ကျွန်တော်ဂရုမစိုက်ပါဘူး။ ကိုယ်တော်အစဉ်အမြဲ အမှုပြုတော်မူ သည်။ ကိုယ်တော်သည် ဘိတ်သိပ်ပေးတော်မူသော လူတစ်ယောက်ကို စေလွှတ်တော်မူသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ပရောဖက်ထံသို့ သက်ရောက်လေ့ရှိလေသည်။ ထိုပရောဖက်နေရာမှာ ရပ်နေခဲ့ပါသည်။ ပရောဖက်တိုင်း ခေတ်ကာလရှိအဖွဲ့ အစည်းတို့၏ ပြစ်တင်ဝေဖန်ခြင်းကို ခံခဲ့ရပါသည်။ သို့သော်သူတို့သည် နှုတ်က ပတ်တော်၌ ရပ်တည်၍ နှုတ်ကပတ်တော်၌ အသက်ရှင်ကြပါသည်။

81 ၈၁။ ယေရှုခရစ်တော်သည်ပြည့်စုံတော်မူသော ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်တော်မူ၏။ ကိုယ်တော် သည် ဘုရားသခင်၏ ခန္ဓာသဏ္ဌာန်နှင့် ပြည့်စုံတော်မူ၏။ ကိုယ်တော်သည် ဘုရားသခင်၏ ပြည့်စုံတော်မူခြင်း၌ ကိန်းဝပ် တော်မူသည် ဘုရားသခင်သည်လည်း ယေရှုခရစ်တော်၌ တည်နေတော်မူသည်။ ဘုရားသခင်သည် သူ ကိုယ်တိုင် ခရစ်တော်အားဖြင့် ဤလောကနှင့်ပြန်လည် ကိုက်ညီမှုရှိအောင် ဆောင်ရွက်တော်မူသည်။ ဂျူးအနေဖြင့် တပါးအမျိုး သားအနေဖြင့် မဟုတ်ပါ။ သို့သော်ဘုရားသခင်အနေဖြင့် အမှုပြုတော်မူသည်။ ကိုယ်တော်သည် သူကိုယ်သူအ မှုပြုခြင်းဖြင့် ရပ်တည်တော်မူသည် ဘယ်လောက် အထာကျလိုက်ပါသနည်း။ ဘုရားသခင်၏ အသွေးတော်ကို ကမ္ဘာမြေကြီးပေါ်သို့သွန်းလောင်းလိုက်ခြင်းဖြစ်သည်။ အပြစ်မဲ့သော အာဗေလ၏အသွေး မြေပေါ်သို့ကျသကဲ့ သို့ဖြစ်၍ ကျွန်ုပ်တို့ကို ကယ်တင်ဖို့ရန်ဖြစ်သည်။ ကိုယ်တော်သည် သူ၏စစ်မှန်ပုံသဏ္ဌာန်ကို ယူတင်ဝတ်ဆောင် မှုမပြုပါ။ ကိုယ်တော်သည် သူ၏သဏ္ဌာန်အမှန်ကို ဆုပ်ကိုင်ထားခြင်းမရှိပါ။ သူက "သူက ခမည်းတော်အဖ၊ ဤခွက်ကိုဖြစ်နိုင်လျှင် ကျွန်ုပ်ထံမှ လွှန်သွားစေတော်မူပါ။ သို့သော် မည်သို့ပင်ဆိုစေ ကျွန်ုပ် အလိုအတိုင်းမဟုတ်ဘဲ ကိုယ်တော်အလိုတိုင်းသာ ဖြစ်စေတော်မူပါ။" ကိုယ်တော်ပေးတော်မူသော နှုတ်ကပတ် တော်ပင်ဖြစ်သည်။ ယ နေ့ ကျွန်ုပ်တို့သည် တူညီသော ကိစ္စကို ပြုနိုင်ပါသည်။ သင်သည်သင့်နည်းသင့်ဟန်ဖြင့် ဆောင်ရွက်မှုပြုနိုင်သလို ဟိုလို၊ ဒီလိုလုပ်နိုင်ပါသည်။ သင်သွားလိုသည့် ဘယ်နေရာမဆို သင်သွားနိုင်ပါသည်။ ဒါပေမဲ့ ကျွန်ုပ်၏ အလိုဆန္ဒမဟုတ် ကိုယ်တော်၏အလိုတော်အတိုင်းဖြစ်စေသည်။" ဟု သင်ဆိုနိုင်ပါသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ထံသို့ပြန်လာပါ။ သင်၏ရွှေရောင်လွှမ်းသောခရစ်မတ်(စ်)ပွဲကို ကျင်းပကာ၊ သင်လုပ်ဆောင်လိုသော ကိစ္စများကို ဆောင် ရွက်နိုင်ပါသည်။ သို့သော်ကျွန်ုပ်တို့၏ နှလုံးသားတွင် ယေရှုခရစ်တော်ကို နေရာပေးဖို့တော့ လိုပါသည်။ မည်မျှ လောက်နှိမ့်ကျပါစေ။ အကြောင်းမဟုတ်ပါ။ လူတွေဘယ်လိုရယ် မောနေသည်ဆိုသော အရာကသာ အကြောင်း ဖြစ်ပါသည်။ သဘာဝတရားကိုကြည့်ပါ။ ကိုယ်တော်အမှုပြုသည် ဆိုသောအရာကို မြင်ရပါမည်။ အကယ်၍ ထိုသို့မဟုတ်ပါက နှုတ်ကပတ်တော်နှင့် နှိုင်းယှဉ်မှုပြုပါ။ ထိုအရာမှ သီးခြားအရပ်သို့ထွက်ခွာပါ။ ထိုအရာသည် ခရစ်တော် မဟုတ်ပါ။ အကြောင်းမူကား ခရစ်တော်သည် နှုတ်ကပတ်တော်ဖြစ်သောကြောင့် ပေတည်း။ ယခု ကျွန်ုပ် တို့ ထိုအရာနှင့် ကိုက်ညီမှုရှိသည်ကို ရှာဖွေကြရပါ မည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ ကျောက်ဖြစ်တော်မူ၍ ကျွန်ုပ်တို့အား ထိခိုက်ခံစားစေခဲ့ရပါသည်။ ကိုယ်တော်၏ အသက်ရှင်တော်မူသောအသွေးတော်ကို ဤလောက မြေကြီးပေါ်သို့သွန်းလောင်းတော်မူ၍ အပြစ်သားတို့အတွက် အပြစ်ဖြေရာယဇ်ကို တင်လှူပူဇော်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ ဗက်လင်မြို့ ကျွန်ုပ်တို့၏ အသက်မုန့်၊ ကျွန်ုပ်တို့၏ သက်စမ်းရေ ဖြစ်တော်မူသည်ကား မသန့်ရှင်းသော အပြစ်သားများ ကျွန်ုပ်တို့အတွက် မွန်မြတ်သန့်စင်သောအရာက စတေးလိုက်ခြင်းဖြစ်ပါသည်။

82 ၈၂။ အို ကျွန်ုပ်၏အပြစ်သား မိတ်ဆွေများခင်ဗျား သင်ဘယ်လိုငြင်းပယ် နိုင်ပါမည်နည်း။ အလွန်မိုက်မဲရာ ကျပါမည်။ ထိုသို့သော ပေးဆပ်မှုမျိုးကို ငြင်းပယ်လိုက်မယ် ဆိုပါက မိုက်မဲရာကျလွန်းပါမည်။ ဘုရားသခင်သည်သူ၏ တပါးတည်းသော သားတော်ကို စွန့်လှူခြင်းမှာ အပြစ်ဖြေရာယဇ်အတွက် ဖြစ်သည်။ ထိုသို့ဖြစ်၍ ကိုယ်တော်၌ အစဉ်သဖြင့် ယုံကြည်တော်မူသည် ကိုယ်တော်၌ ထာဝရအသက်တည်ရာ ပျက်စီးခြင်းအလျင်းရှိမည် မဟုတ်တော့ပါ။ သင်အဘယ့်ကြောင့် ကိုယ်တော်ကိုရနိုင် ပါသနည်း။ ကျွန်ုပ်တို့အားလုံး သန့်ရှင်းသောဝိညာဉ်တော် ဗတ္တိဇံကိုခံကာ တခုတည်းသော ဗက်လင်မြို့သို့ဝင်ကြရပါမည်။ နှုတ်ကပတ်တော်မှာ ယနေ့ကာလအတွက် ခရစ်တော်သခင် ထင်ရှားစေသော အမှတ်အသားပင်ဖြစ်သည်။

သမ္မာကျမ်းစာမှ ကတိတော်တိုင်းသည် ဤနေ့ခေတ် ကာလအတွက် ပေးထားခြင်းဖြစ်သည်။ ကိုယ်တော်သည် အချို့ ပရောဖက်များ၏ ထမြောက်ခြင်းရှိသည် ဆိုသော ထင်ရှားစေမည့်အဖြစ်အပျက်အတွက် စောင့်ဆိုင်းတော်မူနေခြင်း ဖြစ်သည်။ မာလခိ အခန်းကြီး ၄ တွင် ကတိထားတော်မူသည်အတိုင်း ဖြစ်သည်။ ထိုအမှု ပြည့်စုံမည် ဖြစ်သည်။ လူတို့၏ စဉ်းစားတွေးခေါ်မှု၌ မည်မျှပင် ရှုးကြောင်ကြောင်နိုင်သည်ဟု ဆိုသော်လည်း အကြောင်းမဟုတ်ပါ။ ဘယ်လိုပဲဖြစ်ဖြစ် ထိုကိစ္စပေါ်ထွန်းလာပါမည်။ ဘုရားသခင်က ဒါကြောင့် မိန့်တော်မူခဲ့ပါသည်။ ကိုယ်တော်သည် ဤကျောက်ခဲကလေးများကို ပြုပြင်တော်မူနိုင်ပါသည်။ ကျွန်ုပ်တို့၏ အယူဝါဒများအားဖြင့် ထိုအရာကို မခံယူနိုင်ပါ။ ကျွန်ုပ်တို့၏အသင်းတော်ကလည်း ထိုအရာကိုခံယူ၍မရပါ။ ဘုရားသခင် သူ၏နွားစားခွက်ကလေးသို့ပြန်သွားပါ လိမ့်မည်။ ကိုယ်တော်သည် သူအလိုရှိရာမည်သည့် အရပ်ကိုမဆို ထွက်ခွာတော်မူနိုင်ပါသည်။ သို့သော် တစုံတ ယောက်က ဤမိန့်တော်မူသော နှုတ်ကပတ်တော်အဖို့အလို့ငှာ ယနေ့တွင် မတ်တပ်ထရပ်ပေလိမ့်မည် တစုံတခု၌ ထင်ရှားခြင်းရှိမည် ဖြစ်သည်။ ထိုကိစ္စသည် အုပ်စုတစု၌သာ ဖြစ်မည်မဟုတ်ပါ ဒို့အပြင် ထို သို့ ဘယ်တော့မှ ဖြစ်လာ မည် မဟုတ်ပါ။

83 ၈၃။ အိုသားတော်မောင် စစ်သည်များကို ကျွန်တော်နှင့် နီးစေတော်မူပါ။ ကျွန်တော် ကာလရှည်ကြာစွာ ဤနေရာ မှာသင့်ကို စောင့်ရှောက်မထားလိုပါ။ ကျွန်တော် ယခုကိုယ်တော်နှင့် နီးစေရန် သွားပါတော့မည်။ ဘုရားသခင်၏ အလိုတော်အတိုင်း ဖြစ်ပါသည်။ ၁၁း၀၀ နာရီထိုးဖို့၅မိနစ် ၆မိနစ်လောက်တော့ လိုပါသေးသည်။ အို စစ်သည် သားမောင်တို့သတိပြုပါ အသင်ယောက်ျားသားတို့ဤနေရာ၌ ဘုရားသားဖြစ်ပြီဟု ကြွေးကြော်မှုကို ပြုပါ။ ဒါဝိဒ်သည် မည်သို့သောအရာကို ကိုယ်စားပြုသည်ကို သင်သိပါသလား။ ဒါဝိဒ်သည် ခရစ်တော်ကို ကိုယ်စားပြုပါသည်။ ခရစ်တော်သည် ဒါဝိဒ်အမျိုးမှဆင်း သက်လာသော ဒါဝိဒ်၏သားဖြစ်ပါသည်။ ယခု နီးစေတော်မူမည့်အကြောင်း နားစွင့်မှုကိုပြုပါ။ တပါးအမျိုးသားစစ်သည်ရဲမက်များ ဖြစ်သည်။ များစွာသော သူတို့သည် ဘယ်နေရာအရပ်မှမဆို လာနိုင်သည်ဆိုသောအရာကိုသတိထားမိပါသည်။ ဒါပေမဲ့ သူတို့ကတော့ ဝရမ်းပြေးအဖြစ် သတ်မှတ်ခံထားရသည်ကို သဘောပေါက်ပါသည်။

ဒါဝိဒ်ကို သူ၏လူမျိုးကိုယ်၌က ငြင်းပယ်ထားကြောင်းကို သူတို့သိပါသည်။ သူအပေါ်၌ ဘိသိက် သွန်းလောင်းခံရကြောင်းကိုလည်း သူတို့သိပါသည်။ ထိုအရာကို သူတို့ တွေ့ရှိခဲ့ပါသည်။ ဒါကြောင့် သူတို့သည် မှန်ကန်သော ဒါဝိဒ်ဘက်၌ ရပ်တည်နိုင်ခဲ့ခြင်း ဖြစ်သည်။ အသက်သေသေ၊ ရှင်ရှင် ဖြစ်သည်။ သူတို့သည် လူစွမ်းကောင်းများပင် ဖြစ်သည်။ ကမ္ဘာပြင်ပမှ အရာတို့သည် ထိုအကြောင်း မည်မျှပင် မယုံကြည်ကြသော်လည်း အကြောင်းမဟုတ်ပါဘူး။ သူလူမျိုးကိုယ်၌က သူကို ကန်ထုတ်ခဲ့ခြင်းဖြစ်သည်။ သူတို့သည် ဒါဝိဒ်နှင့်အတူ ဘယ်အမှုကိုမျှ မဆောင်ရွက်လိုပါ။ ဘုရင်ရှောလုကြောင့် ထွက်ပြေးတိမ်းရှောင် ခဲ့ရပါသည်။ ခေါင်းဆောင်မှုပိုင်း ဆိုင်ရာ သတ်မှတ်ချက်တန်ဖိုးကို ကန်ထုတ်ခံရခြင်း ဖြစ်သည်။ ဘာမှလုပ်စရာမရှိအောင်ကို ဖြစ်ခဲ့ရပါသည်။ ပြန်လည်သင့် မြတ်မှုကို ကန်ထုတ်ခံခဲ့ရခြင်း ဖြစ်သည်။ နောက်ပြီးတော့ သူဟာတရားခံဝရမ်းပြေးတစ်ယောက် ဖြစ်သွားခဲ့ရပါသည်။ ဒါဝိဒ်သွားနိုင်သည် မည်သည့်နေရာမဆို သူတို့ ထိုက်ပါနေကြပါသည်။ ဒါဝိဒ်ဟာ တောင်ကုန်းပေါ်မှာ နေထိုင်ခဲ့ရပါ သည်။ သို့သော် လူအုပ်စုငယ်တခုလည်းရှိပါသည်။ ထိုလူကိုသူတို့ လိုက်ကြည့်နေကြခြင်းပင် ဖြစ်ပါသည်။ သူတို့သည် ထိုလူ တ နေ့ ရှင်ဘုရင်ဖြစ်လာမည်ကို သိရှိကြပါသည်။

84 ၈၄။ ထို့ကြောင့် ယနေ့ခေတ်ကာလတွင်လည်း နှုတ်ကပတ်တော်၌ ယုံကြည်ခြင်းခိုင်မာသည့် စစ်မှန်သော သတ္တိဗျက်တို့တို့ရှိသည့် စစ်သည်ကောင်းများ ရှိနေပါသည်။ ထိုသူတို့သည် ယေရှုခရစ်တော် ပြန်ကြွလာတော်မူမည့် ဆိုသော နှုတ်ကပတ်တော်ရှိ ကတိမြတ်ကို သိကြပါသည်။ ကျွန်ုပ်တို့သည် ဤနေရာ ထိုနေရာရှိ ဒေါ်လာသန်းပေါင်း များစွာကို စိတ်ဝင်စားခြင်း ရှိပါသည်။ ယေရှုခရစ်တော် ပြန်ကြွလာတော်မူမည် ဆိုသောအကြောင်းကိုသာ စိတ်ဝင်စားခြင်း ရှိပါသည်။ အို ဘုရားသခင်၏ စစ်သည်သားမောင်များ သင်တို့၌ မည်သို့သော အကြောင်းကိစ္စရှိပါ သနည်း။ ဒီနေ့သင်တို့ဘယ်လို ရပ်တည်နေကြပါသနည်း။ သမ္မာကျမ်းစာ၏ ကြိုတင်ဟောကိန်းထုတ်ထားသော အရာမှာ ကိုယ်တော်သည် ယနေ့ခေတ်ကာလတွင် တရားခံပြေးတစ်ယောက်ဖြစ်သည်။ ဆိုသောအရာကို ကျွန်တော် မြင်ရပါသည်။ ကိုယ်တော်၏ အသင်းတော်မှ ထွက်ခွာခြင်းဖြစ်၍ အဖွဲ့အစည်းများမှ နှုတ်ထွက်ခြင်းဖြစ်သည်။ ထိုအကြောင်းကို သင်သိပါသည်။ ထိုကိစ္စနားတဝိုက် ရှောင်ပြေးနေစရာမလိုပါ ထိုအရာသည် သမ္မာတရားပင်ဖြစ် သည်။ သမ္မာကျမ်းစာသာက ထိုအရာကို သွားရမည့်လမ်းကြောင်း ဖြစ်လိမ့်မည်ဟု ဆိုထားပါသည်။ သားရဲ၏ အမှတ်တံဆိပ်မှ ထွက်ခွာမှုပြုပါ။

85 ၈၅။ ဤလူပုဂ္ဂိုလ်တွေကို ကြည့်ပါ။ သူတို့ဟာ သူတို့၏ ဓားရှည်ကြီးကို ဆွဲထုတ်လိုက်ပါသည်။ အဲဒါဘာဖြစ်သလဲ။ ဒါဝိဒ်၏ဆန္ဒဖြစ်သော သောက်ရေအေးတစ်ခွက်အတွက်ပင် ဖြစ်ပါသည်။ ဒါဝိဒ်အတွက်ဖြစ်တယ်! ယ နေ့ ဘယ်လိုအ မျိုးအစား ဖြစ်ပါသနည်း။ ကျွန်ုပ်တို့၏ ဒါဝိဒ်ယေရှုခရစ်တော်သည်။ သန့်ရှင်းသောနိုးထတက်ကြွသူတယောက်ဖြစ်မှန်း ကျွန်တော်တို့သိပါသည်။ ကိုယ်တော်သည် အခြားတဖက်မှအရာများကို ချွတ်ချပစ်လိုက်ပါသည်။ အယူသီးခြင်း၌ မည်သည့်အရာကို မဆိုဖြစ်သည်။ အသင်းတော်များ၏ ငြင်းပယ်ခြင်းကို ခံခဲ့ရပါသည်။ သူတို့မှာ သူတို့၏ အယူဝါဒများ၏ ခရစ်စမတ်ပွဲတော်၌ ကနဦး သူတို့ရေးဆွဲပြီးသော အကြောင်းအရာများ ရှိပြီးဖြစ်သည်။ ကျွန်ုပ်တို့ထို ကိစ္စကို သိပြီး ဖြစ်သည်။ သို့သော် ဤနှုတ်ကပတ်တော်သည် သမ္မာတရား၌ အစဉ်အမြဲ ကြွင်းကျန်ရစ်ပါသည်။ ထိုအရာသည် ပြည့်စုံခြင်းရှိပါသည်။ ခရစ်တော်၏ အလိုဆန္ဒမှာ လူသား များ အတွက် ဖြစ်သည်။ ရဲမက်စစ်သည်များ မတ်တပ်ရပ်လိုက်ကြပါ.........အာမင်။

86 ၈၆။ အိုး ကျွန်တော့်ဘက်အခြမ်းတွင် ကျွန်တော်နှင့်အတူ လာရပ်လိုက်ပါ။ ကျွန်တော်ဟာ ကြောက်မက်ဖွယ် ကောင်းသော အရပ်မှ ရပ်နေပါသည်။ ကျွန်တော်ဒီနေ့ကို စိန်ခေါ်ပါတယ်။ ဒီအခွေသည် ကမ္ဘာအနှံ့ကို ရောက်သွားမှာပဲ ဖြစ်ပါသည်။ ကျွန်တော်အချို့လူများ ယေရှုခရစ်တော်ကို ချစ်သော အချို့ရဲမက်စစ်သည်များကို စိန်ခေါ်ပါသည်။ ဒီနေ့ဒီအရာတွေ ပြည့်စုံခြင်းရှိမည် ဖြစ်သည်။ ညီအစ်ကိုတော်များ ကျွန်တော့်ဘက်တွင် လာရပ်ကြပါ။ ဘုရားသခင်၏ နှုတ်ကပတ်တော်၌ အားစိုက်ကြပါမည်။ သင်ရှင်သန်ခဲ့ရသော ခြောက်သွေ့နေသည့် ရေအိမ်ခွက်နေရာများနှင့် ရိုးအီစရာကောင်းသည့် ဂိုဏ်းဂဏ အယူဝါဒများကို မေ့ဖျောက်ပစ်လိုက်ပါ။ လတ်ဆတ်သောနှုတ်ကပတ်တော်၌ အားစိုက်ကြပါစို့။ လတ်ဆတ်သော နိုးထမှုရှိသည့် ပန်တီကော်စတယ် ရေကောင်းရေသန့်ကို ယေရှုပေးတော်မူပြီ ဖြစ်သည်။ ထိုအရာသည် ယနေ့ကိုယ်တော် အလိုရှိသော အရာပင်ဖြစ်ပါသည်။ ပန်တီကော်စတယ်၏ မူလဇစ်မြစ်ဆီ သို့ ပြန်လှည့်ပါ။ နှုတ်ကပတ်တော်ဆီသို့ ပြန်လာပါ။ မာလခိအခန်းကြီး၄တွင် ဖော်ပြထားသည့်အတိုင်း ထို့ကြောင့် ကျွန်ုပ်တို့ပရောဖတ်ပြုနိုင်ကြပါပြီ။.......တဖန် ယုံကြည်ခြင်း၏ သားသမီးတို့သည် သူတို့၏ ဖခင်များထံသို့လှည့်ပြန် သွားကြပါသည်။ ဒီမနက်ခင်း မတ်တပ်ရပ်နေသူမှာ ဘယ်သူဖြစ်ပါမည်နည်း။

87 ၈၇။ ဒါဝိဒ်ကဲ့သို့ဖြစ်ပါသည်။ ဒါဝိဒ်ဘုန်းကြီးလာသည်ကို ကျွန်တော်တို့သိပါသည်။ ယေရှုခရစ်တော်သည် လောက ကိုကယ်တင်ရန် ဆင်းကြွတော်မူသည်။ ကိုယ်တော်သည် ဤလောကကို အမွေခံတော်မူကာ ဤလောကကို အစိုးရသော ရှင်ဘုရင်ပင် ဖြစ်တော်မူသည်။ ယနေ့ကိုယ်တော်သည် ငြင်းပယ်ခြင်းကို ခံတော်မူ၍ သူလူမျိုးတော်ကြား တွင် တရားခံပြေးတယောက်အဖြစ် တည်ရှိခဲ့ရပါသည်။ သို့သော် ယ နေ့ ကိုယ်တော်သည် သူပိုင်သောအသင်းတော် ၌ပင် တရားခံပြေးတယောက်အနေဖြင့် ရပ်တည်တော်မူသည်။ ကိုယ်တော်သည် အစဉ်အမြဲ လောကအတွက် တရားခံပြေးတစ်ယောက်အဖြစ် တည်ရှိခဲ့ရပါသည်။ သူတို့သည် နှုတ်ကပတ်တော်အစား ၎င်းတို့၏ ထုံးတမ်းအစဉ်အ လာ အယူဝါဒများနှင့် ကြီးမားသောငင်းတို့၏ ဂုဏ်သိက္ခာကိုသာ အစားထိုးကြပါသည်။ သိသာထင်ရှားစေသည့် ထိုကိစ္စကို သူတို့လက်မခံကြပါ။ ထိုအရာမှဝေးစေရန် သူတို့ဖြတ်တောက်မှုကို ပြုကြပါသည်။ သမ္မာကျမ်းစာက သူတို့သည် ဗျာဒိတ်အခန်းကြီး(၁၇) အတိုင်း ပြုမူဆောင်ရွက်ကြမည်ဟု မိန့်တော်မူထားပါသည်။ သူတို့ဘာဖြစ်ကြပါ သနည်း။ ယနေ့မျက် မှောက်ကာလလျှောက်လှမ်းနေကြသော အရာမှာအားလုံး ဤခရစ်ယာန်ကောင်စီသို့ရောက် သွားကြခြင်းဖြစ်သည်။ ကစ်သလစ်၊ ရေဖျန်းနှင့် ပရိုတက်စတင့်၊ နှစ်ခြင်းတို့သည် အတူတကွ တလုံးတဝတည်း ဖြစ်ကြပါသည်။ အမှတ်အသား ပြုကြပါသည်။ သားရဲ၏ အမှတ်တဆိပ်ကို ခံကြပါသည်။ ထိုသို့ အမှန်ဖြစ်စေရန် နှစ်ခြင်း၊ ပရိုတက်စတင့်များ ကျဆုံးနေကြရပါသည်။ ပန်တီကော်စတယ်တွေလည်း နေရာအနှံ့အပြား ထိုသို့ဖြစ် နေကြပါသည်။ ဂုဏ်သိက္ခာသည် ရောမမြို့သို့ရောက်သွားပါသည်။ ပန်တီကော်စတယ်မှ ဖြစ်သည်။ ပြန်လာပါ “များစွာသော ဝိဉာဉ်ရိပ်သာများရှိရာ အရပ်ဆီသို့” ဟုဆိုပါမည်။ တက်ကဆပ်နှင့်မည်သည့်နေရာမဆို ဖြစ်နိုင်ပါ သည်။ သူတို့ဖွင့်လှစ်ထားပါသည်။ စုရုံးရာနေရာအဖြစ် နားလည်မှုပေးထားကြပါသည်။ ထို့ကြောင့် ဆက်လက်၍ ထိုအယူဝါဒသည် ဤလောကထံသို့သွပ်သွင်းသောအရာ ဖြစ်ကြောင်းကို သိရှိရပါသည်။

88 ၈၈။ အို ဗက်လင်မြို့၌ အခြေချနေထိုင်ကြသူများ၊ ဟာလေလုယာ ကျွန်တော် ယောကျ်ားများအတွက် ရဲမက်စစ်သည်ဟု ခေါ်ဝေါ်ပါမည်။ ထိုသူတို့သည် အလျင် ကြောက်ရွံ့မှုမရှိပါ။ တဖက်ခြမ်းတွင် လူအယောက်၈၀၀ အခြားတဖက်ခြမ်းတွင် အယောက် ၁၀,၀၀၀ ရှိနေသော်လည်း ကျွန်တော် ဂရုမစိုက်ပါ။ ကျွန်တော်နှင့်အတူ လိုက်ပါမည့် စစ်သည်ရဲမက်များကို ကျွန်တော် အလိုရှိပါသည်။ မယုံကြည်သူ ပါလက်စတိုင်းတို့၏ လိုဏ်ခေါင်းပေါက် တောက်လျှောက်ဖြတ်တောက်မှုပြုပါမည်။ ဘုရားသခင်၏နှုတ်ကပတ်တော် တဝိုက်ကို ကမ္ဘာ့ကောင်စီက အစောင့် တပ်ချထားပါတော့သည်။ ထိုအယူဝါဒကို ကြိုးစား၍ လုပ်ဆောင်လျှက်ရှိသည်။ လူအများကို ကျွေးမွေးလျှက်ရှိသည်။ ဒါဝိဒ်၏အိမ်တော်ကို ဗက်လင်မြို့ကို အပြစ်၌ မသန့်ရှင်းခြင်းဖြင့် စီးဆင်းသောရေထွက်ပေါက် ဇစ်မြစ်တခုအဖြစ် ဖွင့်လှစ်ပေးလိုက်ပါသည်။ ညီအစ်ကိုတို့အပြစ်ဆိုသည်မှာ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို မယုံကြည်ခြင်း ဖြစ်သည်။ ဘယ်သူက....စစ်သည်ရဲမက်အပေါင်းက လာမည့် ထောင်စုနှစ်များကို မြင်နိုင်ပါသလား။ လာမည့် ယေရှု ခရစ်တော်၏ ပုံသဏ္ဍာန်ဖြစ်သည့် ဤကြီးမြတ်သောသန့်ရှင်းသော ဝိညာဉ်တော်ကို အကယ်စစ်သည်ရဲမက်က မြင်တွေ့နိုင်ပါသည်။ ခရစ်တော်သခင်၏ ပုံသဏ္ဍာန်အစစ်သည် တဖန်ပေါ်ထွန်း၍ ကျွန်ုပ်နှင့်အတူ ရပ်တည်နေတော်မူမည် ဖြစ်သည်။ ကျွန်တော်သည် အဆင်သင့်ပင် ဖြစ်နေပါပြီ။ ဤဂိုဏ်းဂဏ အယူဝါဒဆိုသော ဂိုဏ်ခေါင်းကြီး တောက်လျှောက်ကို ဖြတ်တောက်ကြပါစို့။ ဤနေရာ၌စုရုံးကြပါစို့။ ကိုယ်တော်သည် ကောင်းမွန်လတ်ဆတ်သော ပန်တီကော်စတယ် နိုးထသူတို့၏ အသက်စမ်းရေအတွက် ငိုကြွေးလျှက်ရှိသည်။ ကနဦးနိုးထသော ပန်တီကော်စ တယ် ဂိုဏ်းဝင်များအတွက် ဖြစ်သည်။ အုပ်စုဖွဲ့ခြင်းကို ဆောင်ကျဉ်းသော အော်ဟစ်၍ စူးစူးဝါးဝါးအသံပြု တက်သူတို့အတွက် မဟုတ်ပါ။ ကျွန်တော်ဆိုလိုသည်မှာ စစ်မှန်သော သန့်ရှင်းသောဝိညာဉ်တော် ဗတ္တိဇံမင်္ဂလာကို ခံခြင်းဖြင့် ထွက်ပေါ်လာမည့်အရာမှာ လူပုဂ္ဂိုလ်ထံသို့ ယေရှုခရစ်တော်၏ အသက်ရှင်ခြင်းသည် ပြန်လှည့်လာမည် ဆိုခြင်းပင် ဖြစ်သည်။

89 ၈၉။ အကယ်၍ ကျွန်တော်သင့်ကို နာကျင်စေသည်ဆိုပါက ခွင့်လွှတ်ပေးပါ။ မဟုတ်ဘူး အဲဒီလိုသင်မလုပ်ပါနှင့်။ ကျွန်တော်ကတော့ ဒီကိစ္စကို ယေရှုခရစ်တော်၏ နာမတော်မြတ်၌ ဆောင်ရွက်ပါမည်။ ပြန်လာခဲ့ပါ။ ရပ်နေပါ။ ရဲရင့်သော အသင်ယောကျ်ားတို့သည် ဒါဝိဒ်ဟိုအရပ်နားဆီမှာ ရပ်နေသည်ကို တွေ့မြင်ရပါမည်။ ယေရှုခရစ်တော် သည် သူ့အသင်းတော်၌ တရားခံပြေးတစ်ယောက် ဖြစ်နေပါသည်။ သူတို့၏ အယူဝါဒများအားဖြင့် ပယ်ချွတ်ပစ်ခြင်း ဖြစ်ပါသည်။ ထိုအရပ်နားဆီက လတ်ဆတ်သန့်ရှင်းသော ရေပန်းတခု စီးထွက်လျှက်ရှိပါသည်.....အာမင်။ ဤနှုတ်က ပတ်တော်၌ တဖန်အသက်ရှင်စေသော အစွမ်းတန်ခိုးပင် ဖြစ်ပါသည်။ ထိုပရောဖတ်ပြုချက်သည် ဤနေ့ရက်ကာလအ တွက် ပြည့်စုံမှုရှိရန် သက်ရောက်ခြင်းဖြစ်သည်ဟု မိန့်တော်မူခဲ့ပါသည်။ ထိုအရာ၏ ပြည့်စုံချက် ရောက်ရှိလာပါမည်။ ယခုပင် သင်သည် စစ်တပ်အတွင်း၌ ဘယ်တော့ထိုသို့သော အမှုကိုမပြုပါနှင့်။ သင့်ကိုယ်သင် အစောင့်တပ်ချထားပါ။ နိုးထမှုရှိသော ပန်တီကော်စတယ် ဂိုဏ်းဝင်များအနေဖြင့် အမှန်အဖွဲ့ အစည်းဆိုသော အသင်းအပင်းမှ အနားယူလိုက် ကြပါတော့မည်။ အယူဝါဒတခု၌ ရှိသောအရာကို ဖြတ်တောက်ရပါမည်။

90 ၉၀။ အိုဘုရားသခင်၏လူအပေါင်းတို့ထိုစားရှည်သည် အကယ်အရပ်၌ရှိသနည်း။ ကျွန်ုပ်တို့၏ ဘုရားသခင်အ လိုရှိသောအရာမှာ လတ်ဆတ်သော သောက်ရေတခွက်ပင် ဖြစ်သည်။ သေသေချာချာ ကျွန်တော်ဂရုမစိုက်တော့ ပါဘူး။ ဒီကိစ္စကို ဖြတ်တောက်ရမည်ဆိုသောအရာပင် ဖြစ်သည်။ သင့်ဖာသာ ရပ်တည်ရတာ ခက်ခဲပါသည်။ လူတွေအတွက် အဆင်သင့်ရှိရန် ကျွန်တော် ခေါ်လိုက်ပါတော့မည်။ နှုတ်ကပတ်တော်နှင့် ရပ်တည်မှုကို ပြုပါ။ နှုတ်ကပတ်တော်က ဘာပြောသလဲဆိုရင် နှုတ်ကပတ်တော် မိန့်တော်မူသည့် နည်းလမ်းအတိုင်း လုပ်ဆောင်ရမည်ဟု ဆိုထားပါသည်။ ဘယ်လိုပင် ပြောကြပါစေ၊ ကျွန်တော် ဂရုမစိုက်တော့ပါဘူး။ ထိုနည်းလမ်း၌ နေလိုက်ပါတော့မည်။ ထိုကိစ္စအတွက် တစ်ခုတည်းသောအရာမှာ ဖြတ်တောက်ပါမည် ဟူသောအရာပင် ဖြစ်ပါသည်။ ဗက်လင်မြို့ကို သိမ်းပိုက်ကြပါစို့။ ဘုရားသခင်၏ စစ်မှန်သော အသက်စမ်းရေအတွက် ဖြစ်သည်။ "အကြင်သူသည် ငါ၌တည်လျှင် ငါသည်သူ၌ တည်မည်... သင်သည်ငါ၌တည်လျှင် ငါ့စကားသည်သင်နှင့်တည်မည်...."တည်တော့နေပါသည်။ တနေ ရာမှတနေရာခုန်နေမည် သင်၏မိတ်သဟာယပြုမှုလက်မှတ်ကို တခါကနေ နှစ်ခါ နှစ်ခါကနေ သုံးခါအထိ လဲလှယ်နေ ရမှာတော့ မဟုတ်ပါဘူး။ ဒါဆိုရင် ပရတ်စပယ်တီးရီးယန်း လူသာရန်ဆီသို့နောက်ပြန်ဆုတ်သွားမှာပဲ ဖြစ်ပါ သည်။"သင်သည် ငါ၌တည်လျှင် (ကိုယ်တော်သည် နှုတ်ကပတ်တော် ဖြစ်သည်။) ငါ့စကားသည် သင်၌တည်မည်။ လူအယောက် ၈၀၀ လူအယောက်စသန်းကိုလည်း မကြောင်ပါနဲ့။ ငါသည် သင်ဘက်မှာရှိမည်"။ ငါအလိုရှိသည်မှာ တဖန် ထိုအသက်စမ်းရေတွင်းမှ ရေကိုသောက်လိုခြင်း ဖြစ်ပါသည်။

91 ၉၁။ ဘုရားသခင်သည် ထိုအသက်စမ်းရေတွင်းမှ လူတို့သောက်စရာအဖြစ် ပေးရန်ရှိနေပါသည်။ ဟာလေလုယာ သင်က ကျွန်တော် ရူးနေပြီဟု ထင်ကောင်းထင်နိုင်ပါသည်။ အဲဒီလိုလည်း ကျွန်တော် ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ ပြီးတော့ ကျွန်တော်ဟာ အမှန်တကယ် ယေရှုခရစ်တော်နှင့် သူ၏နှုတ်ကပတ်တော်၌ ရူးသွပ်နေခြင်းဖြစ်ပါသည်။ အကယ်၍ ကျွန်တော်ကို အရူးဟုခေါ်မယ်ဆိုရင် ကိုယ်တော်၏နှုတ်ကပတ်တော်အတွက် ရူးသွပ်နေသူတယောက် ဖြစ် သည်ဟု ခေါ်ဆိုရင် ကျွန်တော်အဖွဲ့အစည်းတွေထဲမှာရှိတဲ့ လူပုဂ္ဂိုလ်တွေကို ဘယ်တော့မှ ဆန့်ကျင်တိုက်ခိုက်မှုမပြုပါ ဘူး။ ဒါပေမဲ့ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို အတားအဆီးပြုသည့် စနစ်ကိုတော့ ဆန့်ကျင်မှုပြုပါသည်။ ထိုအရာ ကိုဖြတ်တောက်၍ ရဲမက်စစ်သည်များအနေဖြင့် အသင့်အနေအထား ရှိနေရပါမည်။ ထိုအသက်စမ်းရေတွင်းရှိရာ အရပ်ဆီသို့သွားကြပါစို့။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ ဗက်လင်မြို့ဖြစ်တော်မူ၏။

ဤအရာများမှာ အိုဟောင်းနေသော ရေကျင်းများပင် ဖြစ်ပါသည်။ ယခု ကမ္ဘာ့အသင်းတော်များကောင်စီက ဦးစီး ဦးရွက်ပြုနေ ပါသည်။ ဂိုဏ်းဂဏတစ်ခုခုမဟုတ်သော လတ်ဆတ်သည့် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ပြန်လည် အသက်သွင်းကြပါစို့။ အယူဝါဒတခုကို လိုက်စားမှုမပြုပါနှင့် ထိုအရာသည် လွန်ခဲ့သော နှစ်ပေါင်း ၄၀ လွန်ခဲ့သော နှစ်ပေါင်း၂၀၊၃၀လောက်ကတည်းက ကျဆုံးပြီးဖြစ်သည့် အိမ်သာအို အိမ်သာပျက်များပင် ဖြစ်ပါသည်။ ပြီးခဲ့တဲ့နှစ်က လည်း ဖြစ်နိုင်ပါသည်။ ယနေ့ကာလအတွက် ဘုရားသခင်နှုတ်ကပတ်တော်၌ ကတိထားသောအရာကို ကျွန်တော်အ လိုရှိပါသည်။ ထိုအရာမှာ ကိုယ်တော် ကျွန်တော်ကို ယနေ့သောက်စေလိုသော နှုတ်ကပတ်တော် သက်စမ်းရေဖြစ်ပါ သည်။ ဗက်လင်မြို့လေးတမြို့ပင် ဖြစ်ပါသည်။ ထိုအရာသည် ငြင်းပယ်ခံခဲ့ဘူးပါသည်။

92 ၉၂။ ထိုအရာကို…ကျွန်တော်သိပါသည်။ သင်ထင်သလိုဖြစ်ပါမည်။ "ကောင်းပြီ အကယ်၍ ကျွန်တော်…" ဟုတ်ပါ တယ် ထိုအရာသည် မှန်ကန်ပါသည်။ သူတို့က ကိုယ်တော် ယေရုရှလင်မြို့၌ မွေးဖွားသင့်သည်ဟုထင်ပါသည်။ သူတို့၏ ဂိုဏ်းဂဏ အယူဝါဒတို့၏ အထွဋ်ထိပ်အမြတ်ထားရာနေရာ၌ ဖွားမြင်သင့်သည်ဟု ထင်မြင်ကြပါသည်။ သို့သော် ကိုယ်တော်အရာ အားလုံးကို ပြောင်းပြန်လွှန်ပစ်ခဲ့ပါသည်။ ဗက်လင်မြို့အမည်တွင်သောအရပ်သို့ကိုယ်တော်ကြွဆင်း ခဲ့ပါသည်။ ထိုအရပ်၌ ကိုယ်တော် ဘာဖြစ်သည်ကို ဖော်ပြဖို့ရန်ပဲ ဖြစ်ပါတယ်။ ယာလေလုယာ ကိုယ်တော် မက်သဒစ် အတွက် နှစ်ခြင်းအတွက် ပရတ်စပယ်တီးရီးယန်းအတွက် ပန်တီကော်စတယ်အတွက် ကြွဆင်းခြင်းမဟုတ်ပါ။ ယေရှု ခရစ်တော်သည် သူ၏သတို့သမီး အတွက် ကြွလာခြင်းအကြောင်း ဖြစ်သည်။ သင်အတွက် အစိမ်းသက်သက်အဖြစ် မြင်ရသည့်တိုင် ထိုအကြောင်းကို မယုံပါ။

93 ၉၃။ သိမြင်ရမည့်မှာ ဤအမျိုးအစားများ ဖြစ်ပါသည်။ သူတို့အတွက် အခြားသောနည်းလမ်းဖြင့်လာရန် မဖြစ်နိုင်သော်လည်း နှုတ်ကပတ်တော်အားဖြင့်တော့ လာနိုင်ပါသည်။ ထိုအရပ်သည် ကိုယ်တော်ဖွားမြင်ရာ တခု တည်းသောနေရာဖြစ်၍ ဗက်လင်မြို့နေရာပင် ဖြစ်ပါသည်။ ဘယ်ဖြစ်လို့လည်းဆိုရင် ထိုမြို့သည် မြို့သိမ့်မြို့ငယ်လေး ဖြစ်သောကြောင့်ပေတည်း။ ဒီမနက်ခင်းတွင် ထိုကိစ္စသည် နည်းလမ်းပင်ဖြစ်လို့နေပါသည်။ နှုတ်ကပတ်တော်၏ ကတိတော်အားဖြင့် တူသောနည်းလမ်းကို ဖြစ်ထွန်းစေပါ။ ဟုတ်ပါပြီ ဆရာရေ ပါလက်စတိုင်း၏ အသင်းတော် များကောင်စီသည် ယခု ဦးစီးဦးရွက်ပြုလျက် ကျွန်ုပ်တို့၏ ဗက်လင်မြို့အနီးတဝိုက် မည်သည့်နေရာတွင်မဆို စစ်တပ် စခန်းချထားပါတော့သည်။ ခရစ်စမတ်ကာလတွင်ပင် သူတို့သည် ထိုအရပ်၏အနီးတဝိုက် ဘယ်နေရာမဆို တပ်စခန်း ချထားပါတော့သည်။ အရာအားလုံးကို လောကအရာ ရွှေရောင်လွှမ်းသော ပစ္စည်းတို့ဖြင့် အလှဆင်ထားပါသည်။ "အို ကျွန်ုပ်တို့သည် ကမ္ဘာငြိမ်းချမ်းရေးကို ဆောင်ကျဉ်းကြပါမည်"။ ပုဒ်လူသာ၊ ဂျွန် သူနာမည်ဘယ်လိုပဲဖြစ်ဖြစ် သူလည်း တတူတကွ စုရုံးစေပါမည်။ ကြီးမြတ်သော အသင်းတော်များ၏ ဘုန်းတော်ကြီးများ အသင်းတော်များကောင်စီ အဖွဲ့ချုပ်နှင့် ကမ္ဘာလုံးဆိုင်ရာကောင်စီများ အတူတကွ အားလုံးစုရုံးလာပါမည်။ သူတို့ တိုင်တိုင်ပင်ပင် မရှိခဲ့သော် ဘယ်လိုနှစ်ဦး အတူတကွ လျှောက်လှမ်းနိုင်ပါမည်နည်း။…..အာမင်။

သင်လျှောက်လှမ်းနိုင်မည့် တခုတည်းသောအရာမှာ ယေရှုခရစ်တော်ဖြင့်သာ ဖြစ်ပါသည်။ ကိုယ်တော်နှင့် သင် ဘယ်လို လျှောက်လှမ်းပါမည်နည်း။ နှုတ်ကပတ်တော်ဖြစ်သောကိုယ်တော်နှင့် သင်သဘောတူညီမှုရသောအခါ သင်ကိုစွန့်ခွာသွားမည် မဟုတ်ပါ။

94 ၉၄။ သူတို့၌ မည်မျှပင်ရွှေရောင်ဖုံးလွှမ်းနေသော်လည်း ကျွန်တော် ဂရုမစိုက်ပါဘူး။ "သင်ဒီလိုလုပ်ဖို့လိုမယ် ဒီလိုမှမဟုတ်ရင် သင်အသင်းတော်ကို ပိတ်ပစ်ဖို့ရန် ကျွန်တော်တို့သွားရပါတော့မယ်။…..အဲဒီလိုပိတ်ပစ်ရင်လည်း ကျွန်တော်ဂရုမစိုက်ပါဘူး။ နှုတ်ကပတ်တော်၌ ထိုသို့ကိစ္စ ဘယ်လိုမှရှိလာနိုင်မည်မဟုတ်ပါ။ ဟုတ်ပါတယ် ဆရာရေ သင်ဘယ်သွားမလို့ဘာလဲ နှုတ်ကပတ်တော်က ဘာကိုအတိအကျမိန့်တော်မူသလဲဆိုရင် သင်လုပ်ဆောင်ရမည်မှာ အမှန်ပင် ပြန်လာဖို့ပဲ ဖြစ်ပါတယ်။ အလုံးစုံသော လောက၏ရွှေထည်ပစ္စည်းများကို ဆင်မြန်းသကဲ့သို့အလုံးစုံသော လောကနှင့်ဆိုင်သည့် ဘုရားသခင်၏ ကြင်နာစွာပေးသနားတော်မူသော ကတိတော်တို့ကိုလည်း ယူတင်ဝတ်ဆောင်ရ ပါမည်။ သို့သော် ပြည့်စုံခြင်းတော့ ရှိဖို့လိုပါသည်။ ဘုရားသခင်၏ ကျောက်ခဲတုံးကလေးအဖြစ်မှ များစွာသောသား သမီးများအဖြစ်သို့အာဗြဟံထံချီးမြောက်တော်မူသည်။ စစ်မှန်မှုကို ထိန်းသိမ်းရန်ကြိုးစားကြပါမည်။ ဗက်လင်မြို့၌ အမှန်တကယ် အခြေချနေထိုင်သူတို့သည် ထာဝရအသက်နှင့် အလှမ်းဝေးလျက် ရှိသည်။ ထိုကိစ္စသည် သူတို့အ တွက် ရည်ရွယ်ချက်ပင် ဖြစ်သည်။

95 ၉၅။ တိုးပွားကြပါ အသင်း သားဟောင်း စစ်သည်တော်များ ကျွန်ုပ်တို့၏ကနဦး ဗက်လင်မြို့ဆီသို့ပြန်ဖို့ရာအတွက် ဖြတ်တောက်မှုကို ပြုကြပါစို့။ ဒါဝိဒ်သည်လည်း သူ၏ထီးနန်းအရိုက်အရာအတွက် ပြန်ခဲ့ရသည်ကို သတိရဆင်ခြင်ပါ။ ထိုသူတို့သည် ဒါဝိဒ်ဘက်၌ ရပ်တည်ခဲ့ခြင်းမှာ ဒါဝိဒ်လည်းသိ….သူတို့လည်းသိ တ နေ့ဒါဝိဒ် ဘုရင်အရိုက်အရာ ဆက်ခံရမည်ဆိုသော အကြောင်းကြောင့်ပေတည်း။ သူ တို့ ဒါဝိဒ်ဘုရင်အရိုက်အရာပေါ်သို့ရောက်သွားမည်ကို သိခဲ့ကြပါသည်။ ဒါဝိဒ်မည်မျှလောက် ငြင်းပယ်ခံထားရသည့်ဆိုသောကိစ္စက အကြောင်းမဟုတ်ပါ။ သူနယ်သူမြေ၌ ဒါဝိဒ်သည် အဆိုးစွန်သော တရားခံပြေး ဝရမ်းပြေးတယောက် ဖြစ်ခဲ့ရပါသည်။ ထို့ကြောင့်စစ်မှန်သော ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ဒီမနက်ခင်းအတွင်း အဖွဲ့အစည်းများထံသို့ညွှတ်သည်အာဂန္တုတယောက်ကဲ့သို့ရောက်ရှိ သွားပါသည်။ သူတို့ဘာလုပ်လဲဆိုတာ ကြည့်ပါ။ သင်မလုပ်မှီ ထိုအရာသည် မှန်သောကိစ္စကို ဖော်ပြနေပါသည်။

လူတွေကကြိုးစား၍ "ဘရာသာဘရမ်ဟမ် သင်ဟာ အသင်းတော်ပြင်ပမှ တံခါးခေါက်ရန်သာရှိပါမည်" ဟုဆိုကြပါ မည်။ ကျွန်တော်လည်း သူတို့၏နည်းစနစ်လမ်းကြောင်းတွေကို ခေါက်ကြည့်မိပါသည်။ အသင်းတော် ဖြစ်တော်မူသော ယေရှုခရစ်တော် သည် နည်းစနစ်လမ်းကြောင်းတခု မဟုတ်ပါ။

96 ၉၆။ ယ နေ့သူတို့ဘာတွေလုပ်နေလဲဆိုတာ ကြည့်ကြမည်ဆိုရင် သူတို့လုပ်ဆောင်မှုတွေကို သိမြင်နိုင်ပါသည်။ သူတို့ဘာတွေလုပ်လဲဆိုတာ မြင်နိုင်ပါတယ်။ လူတို့သည်ထိုသို့သောကြောင်းချင်းကိစ္စများကို စောင့်ထိန်းနိုင်ရန် ကြိုးစားလျက်ရှိသည်။ သူတို့၏ကောင်းသည့်ဆိုသောရေတွင်း၌ ပို၍ပို၍ ကင်းစောင့်တပ်များချထားတပ်ပါသည်။ သေချာတာက ထိုရေတွင်းမှ ရေကို ဘယ်သူမှ သောက်ကြတော့မည်မဟုတ်ဆိုသော အရာပင် ဖြစ်သည်။ သို့သော် အို ဘုရားသခင်၏ စစ်သည်ရဲမက် အပေါင်းတို့ ကျွန်ုပ်တော်ယုံကြည်သောအရာမှာ ယေရှုခရစ်တော်သည် တနေ့သော အချိန်ကာလ၌ ဘုန်းတော်ဖြင့် ကြွလာတော်မူ မည်ဆိုသောအကြောင်းပင် ဖြစ်သည်။ ကျွန်တော် ယုံကြည်သည်မှာ ကိုယ်တော်ကြွလာတော်မူ၍ သူခမည်းတော်နှင့် နန်းဆက် အရိုက်အရာနေရာတွင် ထိုင်တော်မူမည် ဆိုသောအ ကြောင်းပင် ဖြစ်သည်။ ဒါဝိဒ်မြို့၏ ပလ္လင်တော်နေရာ၌ ဖြစ်သည်။ တောက်လျှောက် ကိုယ်တော်သည် ဝရမ်းပြေး ဖြစ်ခဲ့ရပါသည်။ သူ၏ နှုတ်ကပတ်တော်ကိုလည်း သူ၏လူအစုအဝေးကိုယ်၌ကပင် ငြင်းပယ်ကြပါသည်။ စွန့်ပစ်ကြပါသည်။ ဒါဝိဒ်ကဲ့သို့ဖြစ်သည်။ အဖွဲ့အစည်းတို့က ကိုယ်တော်၏ နှုတ်ကပတ်တော်ကို စွန့်ပစ်ကြပါသည်။ ဘုရားသခင် ကြွလာတော်မူသောအခါ သူ၏သန့်စင်မွန်မြတ်သော နှုတ်ကပတ်တော်နှင့် ပတ်သက်သည့်အရာများကို ရှင်းလင်းဖော်ပြတော်မူမည်ဖြစ်သည်။ ကျွန်တော်ကိုမပြောပါဘူး။ နှစ်ပေါင်းကြာသောအခါ နိုင်ငံများကိုဖြတ်သန်း၍ သူတို့သည်လည်း အလုံးစုံသော ထိုအချိန်နာရီတို့၏အဝေးကို

လွှင့်ပါလျက်ရှိသည်။

97 ၉၇။ အခြားသောနေ့တရက်တွင် ကျွန်တော် ဂျက်ကယ်လိုင်း ကနေဒီအကြောင်း ပြောခဲ့ပါသည်။ ဘယ်နှကြိမ်ဘယ် နှခါလောက် ကျွန်တော် သင်တို့အမျိုးသမီးတွေ ဆံပင်ညှပ်ခြင်းကိစ္စနှင့်ပတ်သက်၍ ပစ်တင်ဝေဖန် မှုပြုခဲ့ပါသနည်း။ မိတ်ကပ်လိမ်း ချယ်ခြင်းနှင့်လည်း ပတ်သက်ပါ၏။ သင်တို့ပန်တီကော်စတယ်အမျိုးသမီးတွေ ဆံပင်ညှပ်တက်ပါတယ်။ ဘုရားသခင်က သင်တို့ ကိုယ်သင်တို့ ထိုသို့ လုပ်ဆောင်ခြင်းသည် လမ်းပေါ်မှ ပြည့်တန်ဆာမကဲ့သို့ဖြစ်အောင် ဆောင်ရွက်ခြင်းဖြစ်သည်ဟု ဆိုထားပါသည်။ ဘုရားသခင်၏အလိုတော်အတိုင်း သင်၏ခင်ပွန်းသည် သင်နှင့်အတူ အချိန်ကကြာပြီးအသက်ရှင်ဖို့ရာ မဖြစ်နိုင်ပါ။ အမျိုးသမီးတယောက် ဆံပင်ဖြတ်ခြင်းမှာ သူ၏ဦးခေါင်းဖြစ်သော သူ၏ခင်ပွန်း၏အုပ်စိုးခြင်းကို မခံခြင်းပင် ဖြစ်သည်။ ထိုအရာမှာ အတိအကျပင် ဖြစ်သည်။ ထိုအကြောင်းနှင့် ပတ်သက်၍ ကျွန်တော်ဘာပြောခဲ့ပါသနည်း။ ထိုနေရာမှ ထွက်ခွာမှုပြုရန် သင် ကျွန်တော်ကို ခေါ်ဆိုမှုပြုပါသည်။ "သင်ဟာ တယူသန်နေတဲ့ အဖိုးကြီးပဲ ဖြစ်သည်။" ဆိုတဲ့စာများကို ကျွန်တော် ရရှိခဲ့ပါသည်။ အားလုံးမှန်ကန်ပါသည်။ သူတို့က ဧလိယကဲ့သို့ တူသောကိစ္စကိုပြုသူဟု ခေါ်ဆိုမှုပြုပါသည်။ အချိန်တိုင်း နှုတ်ကပတ်တော်သည် ထိုသို့ခေါ် ဆိုမှုပြုပါသည်။

98 ၉၈။ အခြားသောနေ့ရက်များက တစုံတယောက်က ဆိုခဲ့ဖူးပါသည်။ "အဘယ့်ကြောင့် သင်ဟာ ပရောဖတ်တ ယောက် ဖြစ်သည် ဆိုသောအကြောင်းအရာကို ကျွန်ုပ်တို့ယုံကြည်ရပါမည်နည်း" ဟုမေးခံရဖူးပါသည်။ ကျွန်တော် ဘယ်တုန်းကမှ ထိုသို့မပြောခဲ့ပါ မပြောခဲ့မိပါ။ ….ကျွန်တော်ဟာ ပရောဖတ်တယောက်မဟုတ်ပါဘူး။ ကျွန်တော်ဟာ ဤနေရာမှာ သမ္မာတရားက ပြောရန် ကြိုးစားလျက်ရှိသည့် ဘုရားသခင်၏အစေခံသက်သက် ဖြစ်ပါသည်။ အဲဒါ အကုန်လုံးပါပဲ။ ကျွန်တော်ကို သင်ပြော လိုက်စမ်းပါ။ ထိုအကြောင်းကိစ္စ၌ ဘုရားသခင်၏နှုတ်ကပတ်တော် တည်တော်မူသည်ဟု သင် ကျွန်တော်ကို ပြောလိုက်စမ်းပါ။ ဇီအုန်သမီးပျိုတို့သည် ထိုနေ့ရက်ကာလ၌ အလုံးစုံသော မသန့်မပြန့်မှုအထဲမှ အစုလိုက် အပြုံလိုက်လွတ်မြောက်စေ တော်မူပါမည်။ ဘုရားသခင်၏မျက်မှောက်တော်၌ အသရေရှိခြင်းအရာဖြင့် တင့်တယ်နေပေလိမ့်မည်။ တောက်လျှောက် ဖြတ်တောက်ပစ်ပါ။ အမျိုးသမီးတို့သင်တို့နေရာ ၌ သင်တို့ရှိရန် တောက်လျှောက် ဖြတ်တောက်မှုကိုပြုပါ။ လောကအရာများဖြစ်သည်။ ဟော်လိဝုဒ်နှင့် ပြသထားသော ရုပ်ပုံကားချပ်တို့ဖြစ်သည်။ သင့်ကိုယ်သင် ပုံစံကျအောင် ဝတ်ဆင်ကာ တယ်လီဗီးရှင်းထဲမှ အလုံးစုံကိစ္စများကို အတင်းအကျပ်ဖိသိပ် စီရင်ခြင်းမျိုးကို ဆိုလိုသည်။ သင်ကိုယ်သင် အသည်းယားစရာ ဖြစ်အောင် ဝတ်ဆင်၍ လမ်းပေါ်ထွက်ခြင်းမျိုးကို ဆိုလိုသည်။

တယောက်ယောက်ပြောပါမည်။ "လူအများက သင်ကို ဘယ်လို သန့်ရှင်းသော ဝိညာဉ်တော်အားခံယူရရှိစေရန် သင်ကြားရပါ မည်နည်း။ သန့်ရှင်းသောဝိညာဉ်တော်ကို ဘယ်လိုရနိုင်ပါသနည်း" ဟုမေးမြန်းကြပါမည်။

သန့်ရှင်းသောဝိညာဉ်တော်ကို သင်ခံယူရရှိနိုင်သည်ဟု ဆိုနိုင်ပါသည်။ ပြီးတော့ နှုတ်ကပတ်တော်ကို ငြင်းပယ်မှုပြုမည် လော။ သူကိုယ်ပိုင်အသက်တာ၌ သင်၌ထိုသို့သောအရာမရှိကြောင်း သက်သေပြနေသည်ကို သိမြင်ရပါမည်။ ယခု ကျွန်တော် စိတ်မဆိုးပါဘူး။ သမ္မာတရားဆိုတာ မည်သို့သောအရာဖြစ်သည်ကို ကျွန်တော်ုသင့်အား ပြောပြပါမည်။ သင့်ကိုယ်သင်ကြည့်၍ ရှာဖွေစစ်ဆေးပါ။ တမန်တော်ကြီးရှင်ပေါလုက "ကောင်းကင်ဘုံမှလာသော ကောင်းကင်တမန် ဟောပြောသောငရင်း ဟောပြောသောသူသည် ကျိန်တော်မူခြင်းကိုခံစေ" ဟု ဆိုထားပါသည်။ ဂလာတိ ၁း၈ ဒါအမှန်ပဲ ဖြစ်ပါသည်။

99 ၉၉။ ဂျက်ကလင်းကနေဒီဟာဆိုရင်…သူပုံစံက တိတ်တိတ်ဆိတ်ဆိတ်နှင့် သည်းခံတက်သူတယောက်ပုံပေါက် သည် ဒီလိုမျိုး ရေစိုနေသည့်ဦးခေါင်းမျိုးနှင့် ဆံပင်ကိုလည်းညှပ်ထားပါသည်။ သူတို့မှာရှိသည့် အရာများလိုဖြစ်သည်။ ဒီမှာရှိတဲ့အရာများလို ဖြစ်သည်။ ဒီမှာရှိတဲ့အမျိုးသမီးလိုပဲ အသည်းယားစရာကောင်းသည် ဝတ်စုံမျိုးကိုလည်း ဝတ်ဆင်တတ်ပါသည်။ မိခင်အမျိုးသမီးတို့၏ နေထိုင်မှုဘဝ ပုံစံအတိုင်း ဝတ်ဆင် ဆင်မြန်းမှုကို ပြုကြပါသည်။ နိုင်ငံမှာရှိတဲ့ အမျိုးသမီးတိုင်းသူတို့လိုမျိုး ဝတ်စားချင်ပါသည်။ သင်တို့နိုးကြားတက်ကြွသည့် ပန်တီကော်စတယ်များ လည်း ထိုနည်းငရင်းပင် ဖြစ်သည်။ ဂျက်ကလင်းကနေဒီ အနေဖြင့် ဤသတင်းစကားနှင့် တူညီသော အကြောင်းကိစ္စကို ဘယ်သောအခါမှ ကြားဖူးခဲ့မည်မဟုတ်ပါ။ အကယ်၍ သူကြားဖူးခဲ့မည်ဆိုပါက လွန်ခဲ့သောအချိန်ကာလကတည်းက သူနောင်တရခဲ့ပေမည်။ သို့သော် သင်တို့ ပန်တီကော်စတယ် အမျိုးသမီးတွေကတော့ ဒီနေ့ကြားတယ်၊ ဒီဘက်နားထဲ ကဝင်ရင် ဟိုဘက်နားထဲက ပြန်ထွက်သွားပါတယ်။ တနှစ်ဝင်လာပြီး နောက်တနှစ်ကုန်ဆုံးသွားပါမယ်။ ဒါပေမဲ့ သင်တို့ မှာ မည်သို့သောအရာမှ ကျန်နေရစ်ခြင်းမရှိပါ။ဟာလေလုယာ ဘုရားသခင်သည် ဤနေ့ရက် တရက်စီတိုင်းအတွက် ပင်ပန်းကြီးစွာ ဖြတ်သန်းတော်မူနေပါသည်။ ဘုရားသခင် ပင်ပမ်းမှုကိုရရှိနေပါပြီ။ ကောင်းပြီ ကျွန်တော်ကို အရူးဟုသင်ထင်သည်ကို ကျွန်တော်သိပါသည်။ ရှေ့တည့်တည့်ကို သွားပါ။ အဲဒါအားလုံးမှန်ပါသည်။ သူတို့က နှုတ်ကပတ်တော်ရှိစဉ်ကာလတောက်လျှောက် ထိုအရာအားလုံး ကျဆုံးရမည်ဟု ထင်ကြပါသည်။

100 ၁၀၀။ အို စစ်သည်ရဲမက်များ ဓားရှည်ကို ဆွဲထုတ်လိုက်ပါ အရာရာအတွက် မတ်တပ်ရပ်ကြပါစို့။ ထိုဓားရှည်သည် တစုံတခုအတွက် တည်ရှိသကဲ့သို့ဖြစ်သည်။ အသွေးတော်ဖြင့် ပြည့်သော ရေပန်းတခုတည်ရာ ထိုရေတွင်းရှိရာ နေရာမှ ရေကိုရယူကြပါစို့။ ဧမာနွေလကယ်တင်ရှင်၏ သွေးလွှတ်ကြောမှ စီးထွက်သော ရေတွင်းတခု ဖြစ်ပါသည်။ ဂျူးတယောက်သက်သက်မဟုတ်သော ဧမာနွေလကယ်တင်ရှင်၏ သွေးလွှတ်ကြောမှ စီးထွက်ခြင်းဖြစ်သည်။ ကိုယ် တော်သည် ကျွန်ုပ်တို့နှင့်အတူရှိတော်မူသည်။ အပြစ်သားတို့၏နေရာသို့သူတို့အားလုံး၏ အပြစ်ရှိခြင်း၌ စွန်းတင်းနေ သော ဆုံးရှုံးမှုသွေးပြန်ကြောအောက်မှ ထိုးသွင်းခံလိုက်ခြင်း ဖြစ်သည်။

"ရှေ့ဆက်ရမယ့်ခရီးလမ်းအတွက် ဗက်လင်မြို့မှပေါ်ထွန်းသော စည်းမျဉ်းဥပဒေဖြစ်၍ ထိုအရာသည် ကျွန်ုပ်၏လူများ အပေါ်၌ အုပ်ချုပ်မှုပြုမည် ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ယနေ့လူမျိုးစုအပေါ်၌ လွှမ်းမိုးအုပ်ချုပ် တော်မူသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် နှုတ်ကပတ်တော်ဖြစ်သည်။ အဲဒါမှန်ပါသလား ယခုနီးကပ်မှုရှိခြင်းဖြင့် ရှိသေကိုင်းရှိုင်းမှု ရှိရပါမည်။

ကိုယ်တော်သည် လူအပေါင်းတို့အတွက် ဥပဒေပြဋ္ဌာန်းမှုပြုပါသည်။ သင်စဉ်းစားသော အရာက အကြောင်း မဟုတ်ပါဘူး။ သင်၏ဝတ်ရုံမှာ နှုတ်ကပတ်တော်ပင် ဖြစ်သည်။ အကယ်၍ သင်ထိုအရာကို မဝတ် ဘူးဆိုရင် သန့်ရှင်းသော ဝိညာဉ်တော်လည်း ရှိမည်မဟုတ်ပါ။ သင်၏ကိုယ်ပိုင်သက်သေခံချက်မှာ သင်ဆောင်ထား တတ်သော မှတ်တမ်းမှတ်ရာပင် ဖြစ်သည်။ သင်ဘာပြောလည်းဆိုတာ ကိစ္စမရှိပါဘူး။ သင်ခုန်လိုက် ပေါက်လိုက် လုပ်နိုင်ပါပြီ။ လျှာဖြင့် အခြားသောဘာသာ စကားပြောနိုင်ပါပြီ။ ကြမ်းပြင်ပေါ်မှာ လူးလွန့်ရပါပြီ။ ဆံပင်တွေကို ခါရမ်းပစ်လိုက်လို့ရပါပြီ။ ဤသို့သောကိစ္စတွေကို သင်ဆောင်ရွက်လို့ရပါပြီ။ ထိုသက်သေခံသောအရာသည် သင့်ကို ဆန့် ကျင်နေပါလိမ့်မည်။ ဒါကြောင့် ထိုသို့မဟုတ်ပါ။

101 ၁၀၁။ ဗက်လင်မြို့၌အခြေချသူတို့ဘုရားသခင်သင်တို့ကို ကောင်းကြီးပေးပါစေ။ ဆက်သွားကြပါစို့။ ယေရှုခရစ် တော်သည် စစ်မှန်သော အသင်းတော်ကို အလိုရှိပါသည်။ ကိုယ်တော် သူ၏သတိုးသမီးကို အလိုရှိတော်မူသည်။ ကျွန်ုပ်တို့၏လမ်းကြောင်းတောက်လျှောက်ကို ဖြတ်တောက်လိုက်ကြပါစို့။ ဤနေရာမှ လွတ်ပစ်လိုက်ပါ။ ဤအယူဝါဒ တွေကို အဝေးသို့ရောက်စေပါ။ စစ်မှန်သည့် သောက်သုံးချင်သူတို့သည် လှည့်ပြန်လာ ကောင်းလှည့်ပြန်လာ နိုင်ပါသည်။ စစ်မှန်မှုကို သောက်သုံးလိုက်ပါ။ စစ်မှန်သော ပန်တီကော်စတယ်စမ်းရေသည် ကြီးမြတ်သော ဤရေတွင်း မှ တရံရောအခါကတည်းက စီးဆင်းနေခြင်းဖြစ်သည်။ စီးဆင်းမြဲဖြစ်သည်။ ဒီနေ့သင်တို့ရောက်မလာကြလည်း သင်တို့အားလုံး၏ နှလုံး၌ ယုံကြည်ရမည့်အရာမှာ တခဏအတွင်းမှာပင် ကျွန်ုပ်တို့၏ဦးခေါင်းကို ချည်နှောင်မှုပြုပြီ ဆိုသော အကြောင်းပင် ဖြစ်သည်။

ဒီနေရာမှာ ကျွန်တော်ပြောသင့်တဲ့အကြောင်းအရာများစွာ ရှိနေပါသည်။ အချိန်ကကျွန်တော်ကို ခွင့်မပြုဘူးဖြစ်နေ တယ်။ ယခုပဲ ၁၁း၀၀ နာရီထိုးနေပါပြီ။ ဤနေရာမှာများစွာသော ကိုယ်တော်ရှင်၏ ရဲမက်စစ်သည်တွေရှိနေ တာကိုတော့ အံ့သြမိပါသည်။ သင်၏သာသနာပြုလုပ်ငန်းက မက်သဒစ်ပဲဖြစ်ဖြစ်၊ နှစ်ခြင်းပဲဖြစ်ဖြစ်၊ ပရက်စ် ပယ်တီးရီးယန်းပဲဖြစ်ဖြစ်၊ ကပ်သလစ်ဘုန်းကြီးပဲ ဖြစ်ဖြစ် ဘယ်လိုဂိုဏ်းဂဏပဲ ဖြစ်နေဖြစ်နေ သင်အခိုင်အမာ ယုံကြည် လက်ခံပါသလား။ ကျွန်တော်ဟာ ခရစ်ယာန်ဘုန်းကြီး တယောက် မဟုတ်မှန်းကို ကျွန်တော်သိပါတယ်။ ကျွန်တော် ဟာ တောထဲမှထွက်လာသည့် အရိုင်းအစိုင်းသတ္တဝါ တစ်ကောင်လည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ ပိုင်းဖြတ်ခုတ်စဉ်း လိုက်တော့မည့် ပုံစံပေါက်နေပါသည်။ ဒီလို ဟိုလို အခြားခံသောဟိုအရာလိုလို ပုံစံတမျိုးမျိုးဖြစ်နေပါမည်။ ဒါပေမဲ့ ဤအရာသည် နှုတ်ကပတ်တော် ဖြစ်ပါသည်။ ဗက်လင်မြို့ဖြစ်တော်မူသော နှုတ်ကပတ်တော်ကို သင်ယုံကြည်ရပါ မည်။ ယေရှုခရစ်တော်က "လူသည်မုန့်အားဖြင့်သာ အသက်ရှင်သည်မဟုတ် ဘုရားသခင်၏နှုတ်ကပတ်တော်ဖြင့် အသက်ရှင်ရမည်" ဟုမိန့်တော်မူထားပါသည်။ နှုတ်ကပတ်တော်သည် ဤနေရာတွင်ရှိသော သမ္မာကျမ်းစာ ပင်ဖြစ်သည်။ လူသည် နှုတ်ကပတ်တော်ဖြင့် အသက်ရှင်ရပါမည်။ ကိုယ်တော်သည် ထိုနှုတ်ကပတ်တော်ပင် ဖြစ်သည်။

102 ၁၀၂။ အို စစ်သည်ရဲမက်တို့သင်တို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ဓားရှည်ကို ဆွဲထုတ်မှုပြုပါမည်လော။ ဆိုလိုသည်မှာ "ကျွန်တော်သည် ဤသို့သော ထုံးတမ်းအစဉ်အလာများအတိုင်း လိုက်လျှောက်ခဲ့မိသည့်အတွက် နှုတ်ကပတ်တော်ထံသို့ကျွန်တော် ပြန်လာပါတော့မည်။ ကျွန်တော်သမ္မာတရားဆီသို့ပြန်လှည့်လာပါတော့မည်။" အမျိုးသမီး၊ အမျိုးသားတို့ခင်ဗျာ အမျိုးသမီးတို့ခင်ဗျာ သင်တို့ကိုယ်သင်တို့မရှက်တက်တော့ဘူးလားခင်ဗျား သင်တို့ ကိုယ်သင်တို့ထိုသို့သောနည်းလမ်းတို့ဖြင့် ပြုမူဆောင်ရွက်နေခြင်းကို ဖြစ်ပါသည်။ သင်၏ဆန္ဒအဖြစ်ဤမနက်ခင်းတွင် ဒီနှစ်ခရစ်စမတ်တွင် ပြန်လာကာ ယေရှုခရစ်တော်၏ စစ်မှန်သော တုန့်ပြန်မှုကိုဖြစ်ပေါ်စေလိုပါသလား။

ယခုပင် သင်ခေါင်းကို ပတ်စည်းတော်မူ၍ အလုံးစုံသောမျက်စိတို့ကို မှိတ်ထားစေပါသည်။ သင်လက်ကိုသင် မြှောက်တင် လို့ရပါပြီ။ ဆိုလိုသည်မှာ "ပဋ္ဌာနာပြုဆုတောင်းပါ ဘရာသာဘရမ်စဟမ် စစ်မှန်စွာ ကျွန်တော်နှလုံးသား ထဲမှ ထိုသို့ဆုတောင်းမှု ပြုလိုခြင်း ဖြစ်ပါသည်။ .....ကျွန်တော်.....ကျွန်တော်ယုံကြည်ပါသည်။ ဘုရားသခင်ကောင်းကြီး ပေးပါစေ။ ကျွန်တော်၏ သာသနာလုပ်ငန်းမှ အမျိုးသမီးမိတ်ဆွေများနှင့် အနယ်နယ်အရပ်ရပ်မှ အမျိုးသမီးများ ခင်ဗျား။

103 ၁၀၃။ ဗက်လင်မြို့၌...ဗက်လင်မြို့တွင် ဘုရားသခင်၏အသက်မုန့်နှင့် ဘုရားသခင်၏အသက်စမ်းရေရှိရာ နေရာဖြစ် သည်။ ခရစ်တော်သည် ကျွန်ုပ်တို့၏ ဘုန်းကျက်သရေဖြစ်ရာ ဗက်လင်မြို့တော်ပင်ဖြစ်သသည်။ ကိုယ်တော်ထံသို့ကျွန်ုပ်တို့ဘယ်လို ဝင်စားနိုင်ပါမည်နည်း။ ကောရိန္တုသြဝါဒစာ ပထမစာစောင်အခန်းကြီး၅တွင် "ယေရှုခရစ်တော်၏ နက်နဲသော ကိုယ်ခန္ဓာ၌ ဝင်စားခြင်းရှိရန် တခုတည်းသောဝိညာဉ်တော်အားဖြင့် ဗတ္တိဇံကို ခံရမည်"ဟုမိန့်တော်မူထား သည်။

ကျွန်ုပ်တို့သည် ကိုယ်တော်၏နှုတ်ကပတ်တော်ကိုမူတည်၍ ဝိညာဉ်အစာစားကြရပါမည်။ အကြောင်းအရာဘာတခု မှမရှိပါ။ သိုးတို့စားသော အစာသက်သက်သာ ဖြစ်ရပါမည်။ ထိုအရာမှာနှုတ်ကပတ်တော်ပဲ ဖြစ်ပါသည်။ အခြားအ ကြောင်းကိစ္စ ရှိစရာ မရှိပါ။ အယူဝါဒမရှိဟု သင်သဘောထားနိုင်မည် မဟုတ်ပါ။ ကျွန်ုပ်တို့နားမထောင်ကြတော့ပါ ဘူး။ ဆရာရေ သင်သွား ပြောရမည်မှာ "ဘာကြောင့် ထိုသို့နည်းလမ်းဖြစ်ရပါသနည်း" ဟူ၍ဖြစ်သည်။ သမ္မာကျမ်းစာ က ဤနည်းလမ်းပဲ ဖြစ်တယ် ဟုဆိုလျှင် ဒီနည်းလမ်းသည် ကျွန်ုပ်တို့ အလိုရှိသောအရာပင် ဖြစ်ရပါမည်။ အကြောင်းပြ၍မလိုချင်လို့မရပါ။ ထိုနည်းလမ်းကို ကျွန်ုပ်တို့လိုချင်ရပါမည်။

104 ၁၀၄။ အိုဘုရားသခင် ကျွန်ုပ်တို့၏ခမည်းတော်အဖ ယနေ့ကမ္ဘာပေါ်တွင် ဆာလောင်မွတ်သိပ်နေသော နှလုံးသား များ ကြွင်းကျန်နေပါသည်။ အဘယ့်ကြောင့် ဗက်လင်မြို့ငယ်ဖြစ်ရပါသနည်း။ ဘုရားသခင်၏ တရားလမ်းကို ဆည်းပူး ဖို့ရန်အလို့ငှာ ကျွန်ုပ်သည် ချို့တဲ့လှသည်။ ဤအုပ်စုငယ်လေး အခြေချရန် ကျွန်တော်ကြိုးစားခဲ့ရပါသည်။ ........ထိုအရာတို့သည် ကျွန်တော်ကို ချစ်မြတ်နိုးပါသည်။ ကျွန်တော် ယခုတိုင်အောင် အလွန်ချစ် တုန်းပဲ ဖြစ်ပါသည်။ ဘုရားသခင် ကျွန်တော်သည် သူတို့အတွက် နိုးထတက်ကြွသူတယောက်ဖြစ်ပါသည်။ သူတို့ ထိုခမ်းနားထယ်ဝါမှုများ နှင့် ရောနှောနေခြင်းကို ကျွန်တော် မတွေ့မြင်လိုပါ။ အဲဒါတွေအားလုံး စွန့်လွှတ်ပြီးချိန်မှာတော့ အလွန်နောက်ကျ သွားပြီ ဖြစ်သည်။ ဟိုအရပ်နားဆီက အကျဉ်းထောင်တွင်

သူတို့၏ဝိညာဉ်ဆင်းရဲချို့တဲ့နေမှုကို တွေ့မြင်ရပါသည်။ တရံရောအခါက အခွင့်အရေးတရပ် ရှိခဲ့ဖူးသည်ကို သိမြင်ရပါမည်။

ဘုရားသခင်ထာဝရဘုရား ယနေ့ခမ်းနားသော ယေရုရှလင်မြို့၏ စဉ်းစားခြင်းမျိုးဖြစ်နေသော်လည်း အကြောင်းမ ဟုတ်ပါဘူး။ ဂေလိမြို့လိုပဲဖြစ်ဖြစ်၊ ရာမုတ်ဂေလိမြို့လိုပဲဖြစ်ဖြစ်၊ ဆီလောမြစ်လိုဘဲဖြစ်ဖြစ် ကြီးမြတ်သော ဝတ်ပြုရာ နေရာ၊ ဘယ်လိုနေရာမျိုးမှာပဲဖြစ်ဖြစ် လာသော သူတို့၏စဉ်း စားခြင်းသည် ကိစ္စမရှိပါ။ ဗက်လင်မြို့ရှိနေ၍ ဖြစ်သည်။ "သင်သည် အလုံးစုံသောမြို့ကလေးပင်မဟုတ်ပါလော။ သို့သော် သင်သည်ထွက်မြောက်ခြင်းရှိပြီ ဖြစ်သည်"။ မက်သဒစ်မှု၊ဗက်တစ်မှု၊ ပရက်စပယ်တီးရီးယန်းမှု ကာသိုလစ်မှု ကြီးမြတ်သော မြို့တော်နှင့် ရှမုတ်ဂီလိမြို့မှ လူသာ တိုက်ခိုက်ခံရသောနေရာမှ စီလောမြို့တော်နှင့် ရာမုတ်ဂီလိမြို့မှ လူသာတိုက်ခိုက်ခံရသောနေရာမှ စီလောမြို့မှ ဝက်စလီ တိုက်ခိုက်ခံရသော နေရာနှင့် အခြားများများစွာသော နေရာအသီးသီးမှ ထွက်မြောက်ခြင်း ဖြစ်သည်။ သို့သော် ဘုရားသခင်သည် ကိုယ်တော်ရှင်သည် ပန်တီကော်စတယ် အုပ်စုမှ ချီးမြောက်တော်မူ၏။ အကယ်၍ ထိုဝန်းကျင်မှ အမှန်လှည့်မပြန်ဘူးဆိုရင် တူသောအမှုကိုပြုမည် ဖြစ်သည်။

105 ၁၀၅။ နာဇရတ်မြို့သား ယေရှုခရစ်တော် ကျွန်တော်သင်အားဆုတောင်းပဌာနာပြုပါ၏ ဘုရားသခင်ဝိညာဉ်စစ်သည် များကို ခွင့်ပြုတော်မူတော်မူပါ။ အယောက်စီတိုင်းသည် ဤထုံးတမ်းစဉ်လာအယူဝါဒများမှ လှည့်ပြန်ခဲ့ကြပြီး ဖြစ်သည်။ ကိုယ်တော်၏ နာမတော်ကို ချီးမြောက်ပါ၏။ ဤဘာသာရေးအယူဝါဒများအားလုံးကို ဖြတ်ချပြီးပါပြီ။ စစ်မှန်မှုဆီသို့လှည့်ပြန်ခဲ့ပါပြီ။ ဖောက်ပြန် ခြင်းမရှိသော နှုတ်ကပတ်တော်ဆီသို့ဖြစ်သည်။ လေးသောအရာအားလုံးဘေးတွင် လဲလျောင်းလျက်ရှိပြီး။ ထိုအရာသည် သူတို့၏ အသနားခံခြင်းကို လွှယ်ကူစေပါသည်။ အချိန်နာရီတိုင်း ဘေးဘက် နေရာတွင်တည်ရှိနေပါသည်။ ထိုအရာသည် သူတို့ကို ဤနေရာရှိ ရှုးနှမ်းစွာ အစဉ်တစိုက် ကြိုးပမ်းနေသော အဖွဲ့အစည်းတခုခုတွင် အသင်းဝင်ခွင့်ရရန် ကြိုးပမ်းနေမှုမှ လွတ်မြောက်စေပါ၏။ ဘုရားသခင်ထာဝရဘုရား ယေရှုခရစ်တော်နှင့် ပြောင်းပြန်ဖြစ်နေသောအရာမှ သူတို့ကို ပြန်လှည့် လာအောင် ဆောင်ရွက်ကြပါစို့။ မည်သည့် အဖွဲ့အစည်း မည်သည့်လူပုဂ္ဂိုလ်ကိုမျှ ဘုန်းအသရေရှိစေခြင်း မဟုတ်ပါ။ သို့သော် ယေရှုခရစ်တော်ကိုတော့ ဘုန်းကြီးစေရပါမည်။ ကိုယ်တော်သည် တပါးတည်းဖြစ်တော်မူ၏။ ဒါဝိတ်အတွက် တိုက်ခိုက်မှုပြု သူတို့ကဲ့သို့ဖြစ်သည်။ ဒါဝိဒ်အတွက် သူတို့ဘဝသည် အန ်ရယ်၌ ကျရောက်ခဲ့ပါသည်။ ထိုသူတို့သည် ကြီးမြတ်၍ အင်အားကြီး သော စစ်သည်ရဲမက်များ ဖြစ်ပါသည်။ ကြောက်ရွံ့ခြင်းကင်းကြပါသည်။ သူတို့သွားရမည့်လမ်းကြောင်းအတိုင်း ရွေ့လျား ကြပါသည်။ အဘယ်ကြောင့်ဆိုသော် ဒါဝိဒ်၏အလိုဆန္ဒရှိခြင်းကြောင့်ဖြစ်သည်။ ဒါဝိဒ်၏အလိုဆန္ဒမှာ ထိုရေတွင်းမှရေတခွက်ကို သောက်လိုခြင်းဖြစ်သည်။ ဘုရားသခင်ထာဝရဘုရား သူတို့မခံစားရတာလဲ ဖြစ်ကောင်းဖြစ် နိုင်ပါသည်။ ဆောင့်ဆွဲလိုက် သလိုပါပဲ။ ဒါပေမဲ့ ကြည့်မယ်ဆိုရင် သူအလိုရှိသော ဤကိစ္စများ ဖြစ်ပြီးသွားပါပြီ။ ယောဟန်ကို သင်ပြောခဲ့သည်မှာ "ထိုအရာသည် ကျွန်ုပ်တို့ပြုအပ်သောဝတ်ဖြစ်၍ ပေါ်ထွန်းလာမည့်အရာမှာ ဖြောင့်မတ်ခြင်းအလုံးစုံသည် ကျွန်ုပ်တို့၌ ဖြစ်ပေါ်လာမည့်အရာမှာ ကျွန်ုပ် ကြွယ်ဝပြည့်စုံလာမည်ဟု ဆိုခြင်းဖြစ်သည်။ ယနေ့ခေတ်၏ သာသနာပြု အနေဖြင့် ဤနှုတ်ကပတ်တော်အကြောင်း ဟောပြောဝေမျှမှု ပြုသည်ကို တွေ့မြင်ရကြပါသည်။ ဤသို့သောအချိန်နာရီ၌ အသက်ရှင်ကြရသူများ အဖြစ်နှင့် ဖြစ်သည်။ ယ နေ့ ကမ္ဘာပေါ်မှာရှိ သော သူတို့သည် ကြီးမြတ်သူတို့ပင် ဖြစ်သည်။ အိုဘုရားသခင် သူတို့ဒီ နေရာမှ ထွက်သွားကြပါသည်။ သူတို့၏ ထိုသို့သော အချင်းအရာကို တွေ့မြင်ခဲ့ရပါသည်။ ဓားရှည်ကို ဆွဲလုနေပါတော့သည်။ ခြားနားချက်မှာ မည်သို့ပင်ဆို စေ၊ ထိုကိစ္စမရှိပါဘူး။ ဘုရားသခင်က သင့်အတွက်ဆိုရင် ဘယ်သူက သင့်ကိုဆန့်ကျင်ဘက် ပြုနိုင်မည်နည်း။ ကျွန်ုပ်တို့ လူမှုအသိုင်းအဝိုင်းအတွင်း အသက်ရှင်ကြရာဝယ် အန္တရယ်ဘေးဥပဒ်များရှိနိုင်သည့်တိုင် ဂရုမစိုက်ပါနှင့်။ ဘေးအန္တရယ်တွေကို ကျွန်တော်တို့ ဂရုမစိုက်တော့ပါဘူး။ ဤသို့သော ထိုသို့သောအခြားသော အကြောင်းအရာ များပင် ဖြစ်သည်။ ကျွန်ုပ်တို့အသက်ရေကို တဖန်ရယူရန်အလိုရှိပါသည်။

106 ၁၀၆။ ကျွန်တော်တို့ဗက်လင်မြို့သို့သွားကြပါစို့။ ဘုရားသခင်ထာဝရဘုရား သူတို့အယောက်စီတိုင်းကို ခွင့်ပြုပေး တော်မူ၏။ ဤအမျိုးသမီးအားလုံးကို ခွင့်ပြုပေးတော်မူပါ။ သေချာစွာ ခွင့်ပြုပေးတော်မူပါ။ သူတို့ဟာ သူတို့ရဲ့လက် တွေကို တင်လိုက်တယ်ဆိုရင်ပဲ သူတို့ပါသူတို့ရှက်ရွံ့ခြင်းဖြစ်နေကြပါသည်။ ဤယောကျ်ားတွေဟာလည်း ဤသို့ သောနေ့ရက်တရက်မှာ မစ္စတာကနေဒီလိုဖြစ်လာကြမည်ကို နားလည်သဘောပေါက်ကြပါသည်။ သူတို့ဟာ အနားယူ သွားသော လူယောကျ်ားတို့နှင့် တူလာကြပါသည်။ သူတို့မှာသေခြင်း ဆိုသောအရာ ရှိလာမည်ဖြစ်သည်။ ဒီအမျိုးသမီး တွေလည်း သေကြရပါမည်။ ကျွန်တော်လည်း သေရပါမည်။ ဒီကမ္ဘာမြေပေါ်တွင် ကျွန်ုပ်တို့အားလုံး ပေါက်ဖွားလာ ကြရပါသည်။ အချိန်တိုလေးဖြစ်တယ်ဆိုတာ သိကြပါသည်။ ကျွန်တော်တို့မှာ အလွန်နည်းခဲ့သည့် နေ့ရက်အချိန်နာရီ တိုသာ ကျန်ပါတော့သည်။ ပြီးတော့ ဘုရားသခင်သည် အစားထိုးဖို့ရန်အတွက် ကြီးမားသောစနစ်တခုကို ကြိုးစား၍ တည်ဆောက်နေပါသည်။ ဒီနေ့မနက် ဘုရင်တကာတို့၏ဘုရင် ကြွလာခြင်းကို အမျိုးသား၊အမျိုးသမီးတို့တွေ့မြင်ကြ ရပါသည်။

အိုဘုရားသခင် ကြီးမြတ်တော်မူသော အရှင်မင်းကြီး ယေရှုခရစ်တော်သည် ကြွလာတော်မူခဲ့ပါပြီ။ ကျွန်ုပ်တို့နားလည် သဘောပေါက်သောအရာမှာ ဘုရားသခင်အကြောင်းပင် ဖြစ်သည်။ ထိုလူပုဂ္ဂိုလ်တယောက်စီတိုင်းသည် သူတို့၏ဓား ရှည်ကို ဆွဲထုတ်၍ ဒါဝိဒ်ကဲ့သို့သော တရားခံပြေးတယောက်ကို ကာကွယ်မှုပြုသော အချိန်ကာလကဲ့သို့တိုက်ခိုက်ပေးကြခြင်းဖြစ်သည်။ ထိုသို့သောအချိန်ကာလကဲ့သို့တိုက်ခိုက်ပေးကြခြင်း ဖြစ်သည်။ ထိုသို့သော အချိန် တွင် သူတို့မှာအစွမ်းသတ္တိတွေ ရှိလာခဲ့ပါသည်။ သူတို့ကို မြို့တို့၏အုပ်ချုပ်သူများဖြစ်စေခဲ့ပါသည်။ သူတို့အယောက်စီ တိုင်း မြို့နယ်တွေပိုင်ဆိုင်ခဲ့ပါသည်။ သမ္မာကျမ်းစာတွင်ထားရှိသောအကြောင်း ဖြစ်ပါသည်။ သင့်အတွက် ဂတိတော်မှာ ကျွန်ုပ်တို့တွင် မြို့တော်ကို ပိုင်ဆိုင်ပြီးဖြစ်သည်ဆိုသော အကြောင်း ဖြစ်ပါသည်။ အို ဘုရားသခင် တပါး အမျိုးသားတို့ကဲ့သို့တပါးအမျိုးသမီးတို့အပေါ်၌ အမွေစားအမွေခံအဖြစ် သွန်းလောင်းမှုပြုသကဲ့သို့အမှုပြုတော်မူပါ။ ကိုယ်တော်၏သန့်ရှင်းခြင်းနှင့် ဖြောင့်မတ်တော်မူခြင်းကို ကျွန်ုပ်တို့သုံးဆောင်ကြပါမည်။ ဘုရားသခင် ယ နေ့ ကျွန်ုပ်တို့နှင့် ကိန်းဝပ်တော်မူပါ။ ရဲမက်စစ်သည်သားမောင်များကဲ့သို့နှုတ်ကပတ်တော်ကို ယူတင်ဝတ်ဆောင်ပါမည်။ ထိုသို့ဖြစ်ရမည်ကိုလည်း သိနားလည်ပါ၏။ ဤ အချိန်နာရီ၌ ထိုသူတို့ ကိုယ်တော်အတွက် ရပ်တည်မှုပြုပါ၏။ သူတို့သည် မြို့တို့၏အုပ်ချုပ်သူများ ဖြစ်လာခဲ့ကြပါသည်။ ကျွန်တော်တို့ဟာလည်း အုပ်ချုပ်သူများ ဖြစ်လိုကြသကဲ့သို့ကိုယ်တော်ရှင်မြတ်၏ အစေခံကျွန်များလည်း ဖြစ်လိုကြပါသည်။ အို

ဖဘုရားသခင် ဤသာမညကိစ္စရှုပါရုံလေးကို ကျွန်တော်တို့မြင်တွေ့နေကြရပါသည်။ဤ အုပ်စုငယ်ကလေးမှာပင် ဖြစ်ပါသည်။ ဤသို့သော အယူသီးတယူသန်မှုကို ကျွန်တော်တို့ဘယ်လိုခေါ်ဆိုမှု ပြုပါမည်နည်း။ ဤ အုပ်စုခေါ်ဆိုမှုပြုပါမည်နည်း။ တမန်တော်ကြီး ရှင်ပေါလုက သူ၏နေ့ရက်ကာလ၌ ဆိုခဲ့သောအရာမှာ "ထိုသို့သောနည်းလမ်းကို မိစ္ဆာဒိဋ္ဌိအယူဟု(ရှုးသွပ်မှု) ခေါ်ဆိုမှုပြုပါမည် " ဆိုသောအရာပင် ဖြစ်သည်။ ထိုအရာသည် ကျွန်ုပ်တို့တိုက်ခိုက်လိုသောနေရာတွင် ရှိပါသည်။ ဘုရားသခင် ကိုယ်တော်၏ နှုတ်ကပတ်တော်သည် သမ္မာတရားဖြစ်ပါသည်။ ကိုယ်တော်၏ အနုပညာမြောက်သော နှုတ်ကပတ် တော်သည် မနေ့ ယနေ့ နောင်ကာလ အစဉ်အမြဲ မပြောင်းမလဲတူညီနေပါ၏။

107 ၁၀၇။ အိုဘုရားသခင် ကိုယ်တော်၏နှုတ်ကပတ်တော်ဖြင့် ကျွန်ုပ်တို့ကို ဘိသိက်တော်မူပါ။ ဤနေ့ရက်ကာလကို ဖြတ်သန်းမှုပြုရန် ကိုယ်တော်၏နှုတ်ကပတ်တော်မှ ကတိတော်ကို ဆောင်ယူပေးတော်မူပါ။ ကျွန်ုပ်တို့ဒီမနက်ခန်း ဤ အဆောက်အဦးမှာ ဘုရားသခင်၏ တောက်ပသောတန်ဆာပလာများအနေဖြင့် အသုံးတော်မြတ်ခံကြပါမည်။ နှုတ်ကပတ်တော် ဓားရှည်ဖြင့် ကျွန်ုပ်တို့လျှောက်လှမ်းကြပါမည်။ လေထဲ၌ အပြစ်ရှိခြင်းတို့သည် လွင့်စင်လျက် ဝန် ထုတ်ဝန်ပိုး ဖြစ်စေသည့် အရာတို့ကို အဝေးသို့ရောက်အောင် ဖြတ်ချပစ်စရာအကြောင်းရှိပါ၏။ အခြားသော အ ကြောင်းအမျိုးမျိုး ကြောင့်လည်း ဖြစ်နိုင်ပါသည်။ ကျွန်ုပ်တို့သည် လူအများဘုရားသခင်ထံပြန်သွားစေရန် ဆောင်ရွက် နိုင်ပါသည်။ ကျွန်ုပ်တို့ဘုရားသခင်ထံသို့အေးမြလတ်ဆတ်သော သောက်သုံးစရာရေတခွက်ကို ဆောင်ယူသွား ပါမည်။ ဤတိုးတက်မှု ဆိတ်သုန်းနေသော အယူအဆ ဟောင်းအားလုံးကို အစားထိုးပစ်လိုက် ပါတော့မည်။ အသက်စမ်းရေပန်းမှရေကို လူတို့သောက်သုံးကြရ ပါသည်။ စစ်မှန်၍ အေးမြလတ်ဆတ်သော ပန်တီကော်စတယ် တို့အတွက်ကောင်းချီးများပင် ဖြစ်သည်။ ကိုယ်တော်၏နှလုံးသားကို ကောင်းချီး အဖြစ်ချပေးတော်မူခြင်း ဖြစ်ကောင်း ဖြစ်နိုင်သည့်အပြင် တဖန် ကျွန်ုပ်တို့တဦးနှင့် တဦးအကြားသို့ကိုယ်တော်ကို ခေါ်ဖိတ်လက်ခံစေခြင်းလည်း ဖြစ်နိုင်ပါသည်။ ချပေးတော်မူပါ။ ဘုရားသခင် ယေရှုခရစ်တော်၏ နာမတော်မြတ်၌ ဆုတောင်းမှုပြုပါသည်။

108 ၁၀၈။ ကျွန်ုပ်တို့ဦးခေါင်း၌ ချည်နှောင်မှုပြုစဉ် စန္ဒယားတီးသူ သို့မဟုတ် အော်ဂင်တီးသူ ဘယ်လိုပဲဖြစ်ဖြစ် ထို အော်ဂင်ကိုပဲဖြစ်ဖြစ် စန္ဒယားကိုပဲဖြစ်ဖြစ် တီးခတ်မှုပြုနေပါမည်။ ကျွန်ုပ်တို့ငြိမ်သက်စွာဖြင့် ဂုဏ်တော်ချီးမွမ်း လိုပါသည်။ "အသွေးနှင့်ပြည့်သော ရေပန်းတခုရှိပါသည်။ ဧမာနွေလကယ်တင်ရှင်၏သွေးကြောမှ စီးထွက်ခြင်း ဖြစ်ပါသည်။ အပြစ်သားတို့သည် လွှမ်းမိုးခြင်းနှင့် ချိတ်ဆက်ခံရသောအခါ..."အပြစ်သား အပြစ်သားဆိုသည်မှာ အဘယ်နည်း။ မယုံကြည်သူဖြစ်သည်။ "မယုံကြည်သူတို့နှင့် ချိတ်ဆက်မှုပြုခြင်း ဖြစ်သည်...."။ ဘယ်အရာကို မယုံကြည်ခြင်း ဖြစ်ပါသလဲ။ နှုတ်ကပတ်တော်ကို ဖြစ်ပါသည်။ အို ထိုဂျူးလူမျိုးတို့သည် သူတို့မယုံကြည်လို သောကြောင့် မယုံကြည်သူများဖြစ်ခဲ့ကြပါသည်။ သူ တို့ ကယ်တင် ခြင်းရမည်ဟု သူတို့ထင်ထားကြပါသည်။ ဒါပေမဲ့ ဘုရားသခင်က သူတို့မှာ ကယ်တင်ရှင်တယောက်လိုကြောင်း သိပါသည်။ သူတို့ဟာ စစ်သည်တယောက်အတွက် ဆုတောင်းခဲ့ကြပါသည်။ ဘုရားသခင်က သူတို့ကလေးလေး တယောက် ပေးပါတယ်။ ထိုကလေးလေးက ကယ်တင် မည့်သူလေးပင် ဖြစ်ပါသည်။ ကိုယ်တော် သူတို့ဘာကိုလိုလဲဆိုတာ သိပါသည်။ ထိုအရာသည် သူတို့အတွက် ခရစ်စမတ်လက်ဆောင်ပဲ ဖြစ်ပါသည်။ ယနေ့ သင်လိုနေသောအရာမှာ ထိုအရာပင်ဖြစ်ပါသည်။ ယနေ့ ထိုအရာသည် ကျွန်တော် လိုအပ်နေသောအရာပင် ဖြစ်ပါသည်။ ကျွန်တော်၏ မယုံကြည်သူများအတွက် ကယ်တင်ရှင် တယောက် ပေါ်ထွန်းခြင်း ဖြစ်ပါသည်။ ကယ်တင်ရှင်မှာ သင်တို့မယုံကြည်သူများအတွက် ဖြစ်ပါသည်။ ကျွန်ုပ်တို့ဂုဏ်တော် ချီးမွမ်းစဉ် ကျွန်ုပ်တို့၏နှလုံးသားမှ ယခုပင် ထိုကိစ္စအတွက် ဆုတောင်းပဌာနာပြုကြပါမည်။ ရိုးသားစွာဖြင့် တောင်းပဌာနာ ပြုကြပါ၏။ အသင်းတော်ကို ကျေးဇူးပြုတော်မူပါ။

ရေပန်းတခုသည် အသွေးဖြင့် ပြည့်လျက်စီးဆင်းနေသည်။

ဧမာနွေလ၏ သွေးလွှတ်ကြောမှ စီးထွက်နေခြင်း ဖြစ်သည်။

အပြစ်သား (မယုံကြည်သူတို့) နှင့် ချိတ်ဆက်မှုကို ပြုလျက်

(အသင်းသားတယောက်မဟုတ်သော၊ ယခု) အောက်၌

(အသင်းသားများနှင့် ချိတ်ဆတ်မှုပြုရာ အရပ်ဖြစ်သည်။)

သူတို့၏အပြစ်၌ စွန်းထင်းနေသော အရာအားလုံး ပျောက်ကွယ်သွားပါပြီ။

သူတို့၏ အပြစ်နှင့် စွန်းထင်းနေသော အရာအားလုံး လွင့်စင့်သွားပါပြီ။

သူတို့၏ အပြစ်နှင့် စွန်းထင်းနေသော အရာအားလုံး ပျောက်ကွယ်သွားပြီ ဖြစ်သည်။

109 ၁၀၉။ ယေရှုဘုရား ကိုယ်တော် ကျွန်ုပ်တို့ကို လက်ခံတော်မူမည်အကြောင်း ဆုတောင်းပဌာနာပြုအပ်ပါသည်။ ကျွန်တော်ကိုယ်တိုင် ဤနေရာ၌ ဤလူစုနှင့်အတူ ဖြောင့်မတ်စွာ နေရာချမှုပြုပါသည်။ ဘုရားသခင် ကျွန်ုပ်၏ မယုံကြည်ခြင်းကို နုတ်ယူမှုပြုပါ။ ဘုရားသခင် ထိုအရာကို ကျွန်ုပ်တို့ထံမှ ဝေးစေတော်မူပြုပါ။ ကျွန်ုပ်အတွက် အသေခံ တော်မူသော ဘုရားသခင် ရှံဆုန်ကဲ့သို့ငိုကြွေးမှုကိုပြုပါ၏။ ဤပါလက်စတိုင်းတို့က ကျွန်ုပ်ကို အသေသတ်ကြပါမည်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်ကို အမှုပြုတော်မူခြင်းဖြင့် ကျွန်တော် ဆောင်ရွက်ရန်ကိစ္စ ရှိစေတော်မူပါ။ သို့သော် ဘုရား သခင် ကျွန်ုပ်၏ဝိညာဉ်ကို သန့်ရှင်းစေတော်မူပါ။ သံသရာဖြစ်ခြင်းအလုံးစုံကို နုတ်ပယ်တော်မူပါ။ ဤ နှုတ်ကပတ် တော်၌ မည်သည့်အကျိုးမှမပေါ်ထွန်းဆိုသောအရာကို ကျွန်တော်မယုံကြည်ပါ။ ကိုယ်တော်ရှင် ဤနေရာ၌ မည်သို့သောအရာမျှ မဖြစ်ထွန်းသော်လည်း ကိုယ်တော်၏ကတိတော် တည်တော်မူပါ၏။ ထိုအရာကို ကျွန်ုပ်ပိုင်သော အသက်ဖြင့် မမြင်နိုင်ပါ......ဤနေ့အတွက် နှုတ်ကပတ်တော်ကို သက်သေထူပါမည်။ ပြီးတော့ ဘုရားသခင် ကျွန်တော်အပြစ်အတွက် ခွင့်လွှတ်တော်မူပါ။ ကျွန်တော်ကိုခွင့်လွှတ်ပေးပါ။ ဘုရားသခင်။

ကျွန်တော်ကို ရဲစွမ်းသတ္တိပေးတော်မူပါ။ အို ဘုရားသခင် ဤအရာတွေကို ဖြတ်တောက်ပစ်ရန် ကျွန်တော်၌ ခွန်အားလိုနေပါသည်။ ဒီနံရံကြီးကို ဖြိုချဖို့ပဲ ဖြစ်ပါသည်။ ကိုယ်တော်အလိုရှိသောအရာကို ကျွန်တော်သိသောကြောင့် ဖြစ်သည်။ ထိုအကြောင်း ကိုယ်တော်မိန့်တော်မူခဲ့ပါသည်။ ဤနေ့ရက်ကာလ၌ ထိုသို့ဖြစ်သင့်ပါသည်။ “သောဒုံမြို့၏ နေ့ရက်ကာလ ကဲ့သို့ဖြစ်ရာလူဇာတိခံသောသားတော်ယေရှု ကြွဆင်းတော်မူမည် ဖြစ်သည်”။ ဤနောက်ဆုံး လှုပ်ရှားမှုကို ကျွန်တော်တို့မြင်တွေ့ခဲ့ရပါသည်။ ဤနောက်ဆုံးသင်္ကေတကို အသင်းတော်ဆီသို့ပေးအပ်ခြင်းခံရပါ သည်။ ထိုအရာသည် တပါးအမျိုးသား တို့၏လောကီလူ့လောကကို မီးဖြင့်ဖျက်ဆီးမှုမပြုမှီတိုင်အောင် ကိုယ်တော်၏ တော်ဝင်ဗီဇ မျိုးစေ့ကိုတွေ့မြင်ရမည့် နောက်ဆုံး အမှတ်အသားတခုလည်း ဖြစ်ပါသည်။ ကိုယ်တော်ရှင်...သင်သည်။ သူတို့ကိုယေရှုခရစ်တော် ဗက်လင်မြို့၌မွေးဖွားသည်ဆိုသော တိကျခိုင်မာသည့် အကြောင်းပြချက်ကို သိမြင်စေခဲ့ပါ သည်။ သင်၏နှုတ်ကပတ်တော်ပင် ဖြစ်သည်။ သင်၏ကတိတော်လည်း ဖြစ်သည်။ ယခု သူတို့ကို ကောင်းချီးပေးတော် မူပါ။ ဖဘုရားသခင် ကျွန်တော်ဟာ ဒိုင်းဆုအနေဖြင့် သင့်အား သူတို့ထံပေး အပ်ခဲ့ပါသည်။ ကျွန်ုပ်တို့ဟာ အတူတကွ ကိုယ်တော့်ကို ကိုယ်တော်၏ နှုတ်ကပတ်တော်၌ ယ နေ့ ကြိုးစားအားထုတ်ခဲ့ကြ ပါသည်။ ယေရှုခရစ်တော်၏ နာမ တော်ဖြင့် ရှေ့သို့ချီတက်ကြပါမည်။.....အာမင်။

110 ၁၁၀။ ဘုရားသခင်ကောင်းကြီးပေးပါစေ။ ယေရှုခရစ်တော်ကို သင်ချစ်ပါသလား။ ထိုစစ်မှန်သောသမ္မာတရားကို သင်ယုံကြည်ပါသလား။ ထိုသမ္မာတရားကို သင်ယုံကြည်တယ်ဆိုလျှင် သင်၏လက်တို့ကို မြောက်တင်ချီးမွမ်းခြင်း ပြုလုပ်ပါ။ ကျေးဇူးတင်ပါတယ်။ သူငယ်ချင်းတို့ကြည့်ပါ။ ကျွန်တော်....ကျွန်တော် ခန့်မှန်းမိသလောက် တိပ်ခွေလည်း ကုန်နေပါပြီ။ မြင်ရသည်မှာ ဤနေရာမှာ စကားပြောနေခြင်း ဖြစ်သည်။ အခုလောလောဆယ် ကျွန်တော်သင်ကိုစကား မပြောသေးပါဘူး။ ဒီတိပ်ခွေက ကမ္ဘာအနှံ့ကိုရောက်သွားမယ်။ ကမ္ဘာပေါ်မှာရှိတဲ့ ယောကျ်ားမိန်းမအားလုံးကို တိပ်ခွေမှအကြောင်းအရာများကို ကြားသိကြရမှာပဲဖြစ်ပါတယ်။ ကျွန်တော်တို့တနိုင်ငံပြီး တနိုင်ငံသွားကြရမှာပဲ ဖြစ်ပါတယ်။ သူတို့ဟာ ဒီနေရာမှာ ထိုင်နေပြီး သူတို့၏နားပွင့်လေးများမှတဆင့် နားထောင်ကြပါသည်။ ဟောပြော သွန်သင်ချက်တို့သည် အမှန်အကန် ရာချီသော ကမ္ဘာအနှံ့အပြားမှ လူများထံသို့ပြန့်နှံ့သွားပါမည်။

111 ၁၁၁။ ကြည့်ပါ။ မဟုတ်တာက....ယခုသင်တို့အမျိုးသမီးတွေကို ကျွန်တော်သင်တို့အကြောင်းပြောသောအခါ ကျွန်တော် သင်တို့၏ ခံစားချက်ကို မနာကျင်စေလိုပါဘူး။ သို့သော် သင်းအုပ်တယောက်အနေဖြင့် ကျွန်တော်သင့်ကို ထိုကိစ္စမပြောဘူး ဆိုရင် တခုခုမှားယွင်းနေပေလိမ့်မည်။ ထိုသို့ပြုမှုရန် သူ၌ရဲတင်းမှုမရှိပါ။ သူသည် အဖွဲ့အစည်း၏ နောက်တွင် ပုန်းအောင်း နေပါသည်။ သို့သော် သူသည်လောဘကို နှစ်သက်မှုရှိပါသည်။ ထိုင်နေပါသည်။ မီးမိုးမရွာချခင်အချိန်ထိ ဖြစ်သည်။ သူမှာ စစ်မှန်သော ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခြင်းမရှိဘဲ။ ထိုအရာတို့သည် ထိုနေရာမှ ပြင်ပသို့ရောက်အောင် ခေါ်ထုတ်နေပါသည်။ ကိုယ်တော်ဖြစ်တော်မူသော....နှုတ်ကပတ်တော်မိန့်တော်မူသည်မှာ “သောဒုံမြို့၏အပြစ်များသည် ကိုယ်တော်၏ ဖြောင့်မတ်သော ဝိညာဉ်တော်ကို အစဉ်အမြဲ အမျက်ထွက်စေတော်မူ သည်” ဆိုသောအရာပင်ဖြစ်သည်။ ကိုယ်တော်၏ ဝိညာဉ်တော်သည် ပိုကောင်းသောအရာကို သိမြင်တော်မူသည်။ ဒါပေမဲ့ ထိုလူတွေကော စစ်မှန်သောအရာ ရှိမနေပါဘူး။ သူပြုသော ထိုကိစ္စကြောင့် ပြင်ပ၌ရပ်တည်ရခြင်းအကြောင်း သာ ဖြစ်ပေါ်၍ အပြစ်တင်ဝေဖန်မှုကိုသာ ခံရစရာအကြောင်း ရှိပါသည်။ သင်းအုပ်ဆရာ တယောက်အနေဖြင့် အမျိုးသမီးတို့၏ ဆံပင်ညှပ်ခြင်းကိစ္စနှင့် ပတ်သက်၍ မှားသည်ဟု ပြောစရာအကြောင်းမရှိပါ။ ဤသို့သော အဝတ် အစားများကို ဝတ်ဆင်စရာအကြောင်းရှိသည်။

112 ၁၁၂။ အသင်ယောကျ်ားတို့အသင်ယောကျ်ားများ သင့်တို့၏အမျိုးသမီးတို့ထိုသို့ပြုမူသော အကြာင်းကိစ္စတို့ကို ခွင့်ပြုလိုက်ပါ။ သင်၌◌် မည်သို့သော ကိစ္စဖြစ်ပေါ်နေပါသလဲ။ သင်အမျိုးသမီးကို လူအများအသုံးချသည့် ပြည့်တန်ဆာ မိန်းမတယောက် ကဲ့သို့မြို့အနှံ့လျှောက်သွားစေသည့် ကိစ္စကို ဦးတည်ပေးလိုက်ပါ။ ဒါဆိုရင် သိပ်မကြာခင်မှာပဲ အချို့ယောကျ်ားများ၏ ပါးစပ်၌ သင့်အမျိုးသမီးတို့စော်ကားပုတ်ခတ်သည် စကားများပြောဆိုလာမှာပဲ ဖြစ်ပါတယ်။ သင့်ပါးစပ်ကလည်း ဆဲဆိုစရာကိစ္စတခု ဖြစ်လာပါမည်။ ဒါအမှန်ပဲ ဖြစ်ပါတယ်။ ဘုရားသခင်သည်လည်း တနေ့နေ့မှာ အမှုပြုတော်မူမည် ဖြစ်သည်။ ဒါအမှန်ပဲ ဖြစ်တယ်။ ကျွန်ုပ်တို့ ဘုရားသခင်၏ဤနှုတ်ကပတ်တော်သို့ပြန်လှည့်လာဖို့လိုအပ်ပါသည်။ ထိုအရာသာမက ကိစ္စတခုတည်း ရှိပါသေးသည်။ သို့သော် အသေးအဖွဲ့ကိစ္စလေးကို ငြင်းပယ်မည် ဆိုပါက ကြီးသောအမှုကိစ္စဆီသို့သင်မည်သို့သွား နိုင်မည်နည်း။ အကယ်၍ တစ်ကနေ့ဝအထိ သင်မရေတွက်နိုင် ဘူးဆိုရင် သင်္ချာပုစ္ဆာသင်မည်သို့တွက်ချက် နိုင်ပါမည်နည်း။ သင်ဟာ အောက်ခြေကနေ အစပြုရမှာပဲ ဖြစ်ပါတယ်။ ပြီးရင်တော့ သင်ထိပ်ဆုံးရောက်အောင် ကြိုးစားရပါတော့မည်။ ထိုကြောင့် အောက်ခြေထိဆင်းကာ မှန်သောအစ ပြုခြင်းဖြင့် အစပြုလိုက်ပါ။

ဤအချိန်နာရီသည် ထိုသို့ပြုရန်ကိစ္စပင် ဖြစ်သည်။ ယခု အချိန်သည် ခရစ်စမတ်သကာလ ဖြစ်သည်။ ယေရှုခရစ် တော်၏ မွေးနေ့တော်ရက်မြတ်ဖြစ်သည်။ ယေရှုခရစ်တော် ကျွန်ုပ်တို့ထံ၌ ဖွားမြင်တော်မူပြီဖြစ်သည်။ ခရစ်တော်က ဘာလဲ။ ခရစ်တော် နှုတ်ကပတ်တော် ဖြစ်ပါသည်။ ဘယ်လိုသိနိုင်ပါသနည်း။ နှုတ်ကပတ်တော်၌ အစပြုပါမည်။ နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်တည်တော်မူသည်။ နှုတ်ကပတ်တော်မှာ ဘုရားသခင်ဖြစ်တော်မူသည်။

113 ၁၁၃။ အခြားနေ့တွေတုန်းက တချို့လူတွေ ပြောခဲ့သောစကားမှာ “ဘရာသာဘရမ်ဟမ် သင့်ကိုလူတွေက အမျိုး သမီးမုန်းသူ အဖြစ် သိမြင်ခဲ့ကြပါသည်။” ဆိုသောအရာပင် ဖြစ်သည်။ ကျွန်တော်အဲဒီလိုမဟုတ်ပါဘူး။ ကျွန်တော် အဲလိုမဟုတ်ပါ။ ကျွန်တော် ကျွန်တော်ရဲ့နှမ ညီအစ်မတွေကို စစ်မှန်သောမေတ္တာဖြင့် ချစ်တက်ပါသည်။ အချို့အမျိုး သားတွေ လှည့်ပြန်သွားပါမည်။ သင်တို့က မျက်လုံးနီနီလေးတွေ မျက်လုံးစိမ်းစိမ်းလေးတွေ ဆံပင်ကုတ်ဝဲညှပ် တာခံတာလေးတွေကို ကြည့်ကောင်းသည်ဟု ထင်ပါမည်။ ကျွန်တော်မြင်သောအမြင်နှင့် ထိုအမျိုးသားတို့၏ အမြင်သ ဘောထား ကွဲလွဲမှုရှိပါသည်။ သင်၌ရှိသောဝိညာဉ်ကို ကျွန်တော်ချစ်ပါသည်။ ဘုရားသခင်နှင့် ဆုံတွေ့ဖို့ရန်ဖြစ်ပါ သည်။ ထိုအရာမှာ ကျွန်တော်ဘာဖြစ်သည်ဆိုခြင်းနှင့်...... ကျွန်တော်ညီအစ်မများအတွက် အဆုံးမရှိသော ထာဝရအရာကို ရှိစေလိုခြင်း ဖြစ်သည်။ ကမ္ဘာမှာဖြစ်နေတဲ့ အချို့သော လိင်ကိစ္စများအတွက် မဟုတ်ရပါ။

114 ၁၁၄။ ရောမနိုင်ငံ၏ကျဆုံးခန်းနှင့် သို့မဟုတ် ရောမနိုင်ငံကျဆုံးရသည့်အကြောင်း ကျွန်ုပ်တို့မည်မျှလောက် ဖတ်ခဲ့ရ သနည်း။ အမှန်ပဲဖြစ်တယ်။ ထိုနေရာသို့ကြည့်လိုက်ပါ။ ကျွန်ုပ်တို့ဆောင်ရွက်သောအရာနှင့် တူညီသောအကြောင်း အရာ ဖြစ်ပါသည်။ ငယ်ရွယ်သူတို့တွင် ရှိတတ်သောအခြေအနေ ဖြစ်သည်။ လူမျိုးရေးပြဿနာသည် ယနေ့ကျွန်ုပ်တို့၌ အတိအကျ ဖြေရှင်းရမည့်နည်းလမ်းသဖွယ် ရှိနေပါသည်။ လူငယ်တွေနေရာအနှံ့မှာ ဖြစ်ပျက်နေကြပါ သည်။ အမျိုးသားများနှင့် လိင်ကိစ္စပင် ဖြစ်သည်။ ရောမနိုင်ငံကျဆုံးရခြင်း အကြောင်းဖြစ်သည်။ လွန်ခဲ့သော ၁၈ ရာစု နှစ်က ဖြစ်သည်။ တပါးအမျိုး သားတို့အကြား အမှန်တကယ် တကျော့ပြန်လှည့်လာသော အကြောင်း ကိစ္စဖြစ်သည်။ ဘာသာတရားများနှင့် အကြောင်း ကိစ္စများအကြား ရှုပ်ထွေးစေသောအရာများ ဖြစ်သည်။ အို ဘယ်လိုအချိန်ကာ လကြီးမှာ ကျွန်တော်တို့အသက်ရှင်နေ ရခြင်း ဖြစ်သနည်း။

[ညီမတယောက်က သတင်းစကားတခုကို ပေးထားပါသည်။ တိပ်ခွေ၌ လစ်လပ်နေပါသည်။ ——အယ်ဒီတာ]

အာမင်။ ဘုရားသခင်ထာဝရဘုရား စကားပြောနေပါသည်။ ထိုကိစ္စကို ကျွန်တော်ယုံကြည်ပါသည်။

115 ၁၁၅။ ယခု ကျွန်တော်တို့မတ်တပ်ရပ်ကြပါစို့။ ကိုယ်တော်စကားပြောစဉ်အခါ ထိုအချိန်နာရီသည် ကျွန်ုပ်တို့အတွက် ကိုယ်တော်အား ယုံကြည်ကိုးစားမှုပြုရန် ပေးထားသော အချိန်ကာလဖြစ်ပါသည်။ (တစုံတယောက်က ဘရာသာ ဘရမ်ဟမ်ကို စကားပြောနေပါသည်—— အယ်ဒီတာ)။ ကိုယ်တော်၏ ကျေးဇူးတော်အားဖြင့် ကူညီပေးတော်မူပါ။ ကျွန်တော် အစဉ်အမြဲ ပို၍ပို၍ ဆုံးဖြတ်ချက်ချမှုပြုပါသည်။ နှုတ်ကပတ်တော်အတွက် အသင့်ရှိနေပါပြီ။ အကောင်းဆုံး ကြိုးစားအား ထုတ်မှုရှိပါသည်။ ကိုယ်တော်၏ဖေးမတော်မူခြင်းကြောင့်ဖြစ်သည်။ ဗက်လင်မြို့နှင့်ဝေးစေသော အရာ အားလုံးကို တဖန် အဆက်ဖြတ်လိုက်ပါတော့ မည်။ ဗက်လင်မြို့အခြေချနေထိုင်သူတို့သည် ထိုရေပန်းမှစီးထွက်သော အသက်ရေကို သောက်သုံးနိုင်ပါသည်။ မည်မျှလောက် ကျွန်ုပ်နှင့် အဆက်အသွယ်ပြုပါမည်နည်း။ သင်၏လက်အစုံကို မြောက်တင်လိုက်ပါ။ ပြောလိုသည်မှာ “ကျွန်တော်ဆောင်ရွက် မည့်ဟု ဘုရားသခင်ကို ကတိပြုပါ၏”။ ဘုရားသခင် သင်တို့ကို ကောင်းချီး ပေးပါစေ။

ယခု ခဏချင်းတွင် သူ၏ခေါင်းကို ပတ်စည်းတော်မူပြီဖြစ်သည်။ ဒီနေရာမှာရှိတဲ့ ညီအစ်ကိုတွေကို ကျွန်တော် ယုံကြည်ပါတယ် ဘရာသာဂျက်ဖာရီ ဒီကိုလာပါ ဆုတောင်းခြင်း၌ ကျွန်ုပ်တို့ဦးခေါင်းကို ပတ်စည်းစဉ်အခါ ကြွလာသူ ပရိသတ်အပေါင်းသည် သူ့ကို မေ့လျော့ထားကြပါသည်။ အကယ်၍ သင်ဆန္ဒရှိမည်ဆိုလျှင် ဟုတ်ပါပြီ အစ်ကိုရေ။

MESSAGE hub online
www.messagehub.info

ဒေသနာ ဝေငှသူ
ဝီလီယမ် မာရီယမ် ဗရမ်ဟမ်
“… နေ့ရက်များ၏ ကြွေးကြော်သံ … ” (ဗျာဒိတ် ၁၀:၇)